# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


## မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဏိုတဝဂ် (ဓမ္မပဒ – ၇၈)


၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက် | ၂၀၂၅ ခုနှစ်၊ မေ ၇ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၄)၊ အမှတ် (၂၁၅)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ဘရာဇီးနိုင်ငံမှ လှူဒါန်းသော ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ အာဟာရပြည့် အစားအစာခြောက်များ၊ ရေသန့်စက်များ လွှဲပြောင်းလက်ခံ

ရန်ကုန် မေ ၆

မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် မန္တလေးမြေငလျင်ကြီး လှုပ်ခတ်အပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ဘရာဇီးနိုင်ငံမှ လှူဒါန်းသော ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ အာဟာရပြည့် အစားအစာခြောက်များ၊ ရေသန့်စက်များ စုစုပေါင်း ၁၃ ပုံး၊ 5820 Kg တင်ဆောင်လာသည့် Korean Air လေကြောင်းလိုင်းမှ Airbus လေယာဉ်သည် ယမန်နေ့ည ၇ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိခဲ့သည်။

ထိုသို့ရောက်ရှိလာသည့်ပစ္စည်းများကိုဘရာဇီး ဖက်ဒရယ်သမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Gustavo Rocha de Menezes နှင့် တာဝန်ရှိသူများထံမှ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ *စာမျက်နှာ ၃ ကော်လံ ၁* ✳



# မိတ္ထီလာခရိုင်၌ ဆီထွက်သီးနှံ နှမ်းစိုက်ဧက ၁၅၅၄၈ ဧက စိုက်ပျိုးနိုင်



မိတ္ထီလာ မေ ၆

မန္တလေး တိုင်းဒေသကြီး မိတ္ထီလာခရိုင်တွင် ဆီထွက်သီးနှံ တစ်မျိုးဖြစ်သည့် နွေနှမ်းသီးနှံ စိုက်ပျိုးဧက ၁၅၅၄၈ ဧက စိုက်ပျိုးနိုင်ခဲ့ရာ သတ်မှတ်လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

စိုက်ပျိုးရေး ဦးစီးဌာနမှ မိတ္ထီလာခရိုင်အတွင်း နှမ်းစိုက်ဧကများ နှမ်းသီးနှံအထွက်နှုန်း *စာမျက်နှာ ၄ ကော်လံ ၁* ●

## ယနေ့ ဖတ်စရာ


**အမြဲအမှတ်ရနေရမယ့် ဒုတိယကမ္ဘာစစ်ကပေးသော သင်ခန်းစာများ** — ဆောင်းပါး — စာ ၆

**သစ်ပင်စိုက်လျှင် ရှင်သန်ချင် လိုက်နာကြဖို့ အသိယှဉ်** — ဆောင်းပါး — စာ ၈

**အရောင်အသွေးမပါသော လူမှုကရုဏာရှင်များ** — ဆောင်းပါး — စာ ၁၆





## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးနှင့် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာညှိနှိုင်းရေးရုံး၏ အကြီးအကဲတို့ကို လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၆**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး (UNRC/HC a.i.) ဖြစ်သူ Mr. Marcoluigi Corsi နှင့် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA) ၏ အကြီးအကဲဖြစ်သူ Mr. Sajjad Mohammad Sajid တို့ကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။(ယာပုံ)



**အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် အင်အားပြင်း မဏ္ဍလေးငလျင်ကြီး ဖြစ်ပွားခဲ့သည့် ဒေသများတွင် ပြန်လည်ထူထောင်ရေးဆိုင်ရာကိစ္စရပ်များနှင့် မြန်မာအစိုးရနှင့် ကုလသမဂ္ဂအကြား အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

## အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ (၂) ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း Modular(prefabricated) office များရောက်ရှိလာမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၆**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၂)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော်၊ ဦးမျိုးမြင့်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းမှ တစ်ဆင့် မီးရထားအတွဲ ၅၄ တွဲဖြင့် သယ်ဆောင်လာသည့် Modular (prefabricated) office ၁၀၈ လုံး ရွာတော်ဘူတာသို့ ရောက်ရှိလာမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။(အောက်ပုံ)

ဦးစွာ ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် Modular (prefabricated) office များအား ကရိန်းများဖြင့် မော်တော်ယာဉ်များပေါ် စနစ်တကျ တင်ဆောင်ပြီး ဝန်ကြီးဌာနရုံးများ၌ ယာယီရုံးအဆောက်အအုံများအဖြစ် အသုံးပြုနိုင်ရန် ဖြန့်ခွဲပို့ဆောင်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် သီလဝါဆိပ်ကမ်းမှတစ်ဆင့် မော်တော်ယာဉ် ၁၆ စီးဖြင့် သယ်ဆောင်လာသည့် ယာယီရုံးခန်းများ၌ အသုံးပြုမည့် ပရိဘောဂပစ္စည်းများပါဝင်သော ကွန်တိန်နာဘောက်များအား ဥပ္ပါတသန္တိစေတီတော်ရှေ့ တပေါင်းကွင်း၌ နေရာချထားမှုကို ကြည့်ရှုစစ်ဆေးသည်။





ယနေ့ ရောက်ရှိလာသည့် Modular (prefabricated) office များကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးသို့ ၂၅ လုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ ငါးလုံး၊ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ အလုံး ၃၀ နှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ၄၄ လုံး ဖြန့်ဝေနေရာချထားပေးခဲ့ပြီး ကျန်ရှိသည့် Modular office များနှင့် ရုံးသုံးပရိဘောဂပစ္စည်းများကို ဝန်ကြီးဌာနများသို့ ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

* ***ရှေ့ဖုံးမှ***

စီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ လွှဲပြောင်းလက်ခံရယူပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှု စစ်ဆေး၍ ငလျင်ဘေးသင့် ဒေသများသို့ ဆက်လက် ပို့ဆောင်ခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

### နေရာကွက်ကျား မိုးရွာနိုင်

**နေပြည်တော် မေ ၆**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ **မိုး/ဇလ**

# မန္တလေးငလျင်ကြီးကြောင့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပင်မစေတီတော်၊ ရင်ပြင်တော်၊ ပစ္စယာနှင့် ပရိဝုဏ်များ ထိခိုက်ပျက်စီးခဲ့မှုများကို ပြုပြင်မွမ်းမံရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ပြုပြင်မွမ်းမံရေးနည်းပညာအထောက်အကူပြုဆပ်ကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် မေ ၆

**မန္တလေးငလျင်ကြီးကြောင့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပင်မစေတီတော်၊ ရင်ပြင်တော်၊ ပစ္စယာနှင့် ပရိဝုဏ် ထိခိုက်ပျက်စီးခဲ့မှုများ ပြုပြင်မွမ်းမံရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဥပ္ပါတသန္တိစေတီတော်ပြုပြင်မွမ်းမံရေး နည်းပညာအထောက်အကူပြုဆပ်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ရုံး၌ ကျင်းပသည်။**




အစည်းအဝေးသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပြုပြင်မွမ်းမံရေး နည်းပညာအထောက်အကူပြုဆပ်ကော်မတီဥက္ကဋ္ဌ ဦးခင်မောင်လတ်၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ ဥပ္ပါတသန္တိစေတီတော် ပြုပြင်မွမ်းမံရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နေပြည်တော် စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင် (၁) ဦးထွန်းထွန်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်ဦး၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ဥပ္ပါတသန္တိစေတီတော်ပြုပြင်မွမ်းမံရေး နည်းပညာအထောက်အကူပြုဆပ်ကော်မတီ၏ အကြံပြုချက်မရမီ လိုအပ်သော ဘိလပ်မြေ၊ အုတ်၊ သဲ၊ ကျောက်များကို ကြိုတင်ဝယ်ယူစုဆောင်းထားရန် အချိန်နှင့်တစ်ပြေးညီ ပြင်ဆင်ဆောင်ရွက်နိုင်ရန်၊ ဘိလပ်မြေအိတ် တစ်သိန်း၊ အုတ် တစ်သိန်း၊ သဲကျင်း ၅၀၀၊ ကျောက်ကျင်း ၁၀၀၀ စသည်ဖြင့် ဝယ်ယူစုဆောင်းထားရန် လိုအပ်ကြောင်း၊ ပြီးခဲ့သည့် အစည်းအဝေးတွင် ဆုံးဖြတ်ခဲ့ပါကြောင်း၊ ဘိလပ်မြေအိတ် တစ်သိန်းစုဆောင်းထားနိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ရေတိုဆောင်ရွက်မှုအနေဖြင့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ရင်ပြင်တော်တွင် ကျောက်ပြားများ ၆၇၅၀၀ ခန့်ခွာယူခဲ့ပြီး နှစ်ပေပတ်လည် ကျောက်ပြားအကောင်း ၂၆၀၀၀ ခန့် ရရှိကြောင်း၊ ၈၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးကြောင်း သိရှိရပါကြောင်း၊ အက်ကွဲသွားသည့် နှစ်ပေပတ်လည် ကျောက်ပြားများကို တစ်ပေပတ်လည်ကျောက်ပြားများဖြင့် ပြန်လည်ဆယ်တင်အသုံးပြုနိုင်ရေး ပြုပြင်မွမ်းမံရေးလုပ်ငန်းကော်မတီက ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အက်ကွဲကြောင်းများအတွင်းသို့ မိုးရေဝင်ရောက်မှုမရှိစေရန် မိုးကာစများဖြင့် ဖုံးအုပ်ခြင်းလုပ်ငန်းကိုဧပြီ ၂၈ ရက်တွင်ဆောင်ရွက်ပြီးဖြစ်ကြောင်း။

ရင်ပြင်တော်ပေါ်သို့တက်သည့် ဓာတ်လှေကား နှစ်စင်းသည် သက်တမ်းလွန်ဟောင်းနွမ်းနေပြီဖြစ်၍ အသုံးပြုခြင်းမပြုတော့သဖြင့် အသစ်ဝယ်ယူခြင်းသို့မဟုတ် ပြုပြင်တပ်ဆင်ဆောင်ရွက်သွားမည်ဖြစ်ပြီး ဓာတ်လှေကားများမှ ရင်ပြင်တော်ပေါ်သို့ သွားသည့်လျှောက်လမ်းများ နိမ့်ကျနေမှုကို Structure အင်ဂျင်နီယာများဖြင့် ပြန်လည်ပြုပြင်ထိန်းသိမ်းရေး ဆောင်ရွက်လျက်ရှိသည်ဟု သိရှိရပါကြောင်း၊ စေတီတော်လိုဏ်အတွင်း မိုးရေများ စိမ့်ကျနေမှုနှင့်ပတ်သက်၍ စစ်ဆေးတွေ့ရှိချက်အရ စေတီတော်လိုဏ်အတွင်းရှိ ကွန်ကရစ်တိုင်များပျက်စီးခြင်းမရှိဘဲ မိုးရေယိုစိမ့်မှုကိုတားဆီးနိုင်ရန် နည်းပညာပိုင်းဆိုင်ရာ စစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်သဖြင့် နည်းပညာဆိုင်ရာ အထောက်အကူပြုကိစ္စရပ်များကို ယနေ့အစည်းအဝေးတွင် ဆွေးနွေးတင်ပြပေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဥပ္ပါတသန္တိစေတီတော် ပြုပြင်မွမ်းမံရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်(၁) ဦးထွန်းထွန်းတို့က ငလျင်ဒဏ်ကြောင့် ဖြစ်ပေါ်ခဲ့သည့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပင်မစေတီတော်၊ ရင်ပြင်တော်၊ ပစ္စယာနှင့် ပရိဝုဏ်များ ထိခိုက်ပျက်စီးမှုအခြေအနေ၊ ပြုပြင်မွမ်းမံရေးလုပ်ငန်းများ ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပြုပြင်မွမ်းမံရေး နည်းပညာအထောက်အကူပြုဆပ်ကော်မတီအဖွဲ့ဝင် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်မြတ်က နည်းပညာဆိုင်ရာ ပြုပြင်မွမ်းမံရေးလုပ်ငန်းများနှင့် ပတ်သက်၍လည်းကောင်း၊ မြန်မာနိုင်ငံ အထပ်မြင့်ကော်မတီ Geotechnical Engineer ဒေါက်တာယုမောင်က ရင်ပြင်တော်ကြံ့ခိုင်ရေး၊ ရင်ပြင်တော်အားနည်းသည့်နေရာများတွင် Grouting ပြုလုပ်မည့်အခြေအနေ၊ Soil Reinforcement ပြုလုပ်မည့်အခြေအနေများကိုလည်းကောင်း၊ ဗိသုကာပညာရှင် ဒေါက်တာတိုးတိုးဝင်းက ဥပ္ပါတသန္တိစေတော်ကြီး၏ Structure Design ကို လည်းကောင်း ပါဝါပွိုင့်များဖြင့် အသေးစိတ် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။ **သတင်းစဉ်**

# မိမိတို့ရည်မှန်းထားသည့် အနာဂတ်ဘဝသာယာလှပစေရေးကို မိမိတို့၏ ပညာရေးအဆင့်မြင့်မားအောင် ကြိုးစားအားထုတ်ခြင်းဖြင့် တည်ဆောက်ကြရမည်

**နေပြည်တော် မေ ၆**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေရှိ အခြေခံပညာကျောင်းများသို့ သွားရောက်၍ လာမည့်ပညာသင်နှစ် ဖွင့်လကျောင်းဖွင့်ချိန်အမီ ပြင်ဆင်ဆောင်ရွက်ထားမှုများနှင့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာဖြင့် ဘာသာရပ်ဆိုင်ရာ အနီးကပ်သင်ယူနေမှုများကို ကြည့်ရှုအားပေး၍ လိုအပ်သည်များကို မှာကြားသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ပျဉ်းမနားမြို့နယ် ညောင်ပင်သာအခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက လာမည့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဖွင့်လကျောင်းဖွင့်အမီ စာသင်ဆောင်၊ စာသင်ခန်းများ အဆင်သင့်ဖြစ်အောင် ဆောင်ရွက်ထားကြရမည်ဖြစ်ကြောင်း၊ အနာဂတ်မျိုးဆက်သစ် ကျောင်းသား ကျောင်းသူများ၏ ပညာသင်ယူမှုအခွင့်အလမ်း မထိခိုက်စေရေးအတွက် ယာယီစာသင်ဆောင်နှင့် အသစ်ပြန်လည်တည်ဆောက်သည့် ကျောင်းအဆောက်အအုံလုပ်ငန်းများ အရည်အသွေးကို ဦးစားပေး၍ အချိန်နှင့်တစ်ပြေးညီ ပြီးစီးအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ရေ၊ မီးရရှိရေး၊ ကျန်းမာရေးနှင့် ညီညွတ်သည့် သန့်စင်ခန်းများဖြစ်စေရေးနှင့် ကျောင်းဥပဓိရုပ်ကောင်းမွန်ရေး၊ သန့်ရှင်းသာယာရေးအတွက် အလေးထား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း တာဝန်ရှိသူများအား မှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တက္ကသိုလ်ပါမောက္ခ၊ ဆရာ ဆရာမများနှင့် အခြေခံပညာ ဆရာ ဆရာမများက ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအား ဘာသာရပ်အလိုက် သင်ကြားပို့ချပေးနေမှုများကို လိုက်လံကြည့်ရှုအားပေးကာ ကျောင်းသား ကျောင်းသူများအနေဖြင့် ယခုကဲ့သို့ တက္ကသိုလ်စာမေးပွဲ ပြန်လည်ဖြေဆိုရန်အတွက် ဘာသာရပ်ဆိုင်ရာသင်ကြားပေးမှုများကို ကြိုးစားသင်ယူကြစေလိုပါကြောင်း၊ မိမိတို့ရည်မှန်းထားသည့် အနာဂတ်ဘဝ သာယာလှပစေရေးအတွက် မိမိတို့၏ ပညာရေးအဆင့်မြင့်မားအောင် ကြိုးစားအားထုတ်ခြင်းဖြင့် တည်ဆောက်ကြရမည်ဖြစ်ပါကြောင်း၊ အနာဂတ်မျိုးဆက်သစ်များ၏ ပညာအရည်အသွေး တိုးတက်မြင့်မားစေရေးအတွက် နိုင်ငံတော်အစိုးရက အဘက်ဘက်က ဖြည့်ဆည်းဆောင်ရွက်ပေးနေပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကျောင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဝိုင်းဝန်းပံ့ပိုးကူညီကြသူများ၊ သင်ကြားပို့ချပေးသည့် ပါမောက္ခ၊ ဆရာ ဆရာမများ၊ အခြေခံပညာဆရာဆရာမများ၊ ကျန်းမာရေးဝန်ကြီးဌာန၏ ဆေးပေးခန်းမှ သူနာပြုဆရာမများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

● *ရှေ့ဖုံးမှ*

နည်းပါးသည့်အတွက် နှမ်းသီးနှံများ သတ်မှတ်လျာထားသည့် အထွက်နှုန်းများရရှိစေရန် နှမ်းစိုက်တောင်သူများနှင့် တွေ့ဆုံပြီး နှမ်းစိုက်တောင်သူများ၏ နှမ်းသီးနှံစိုက်ပျိုးရာတွင် တွေ့ကြုံနေရသည့် အခက်အခဲများ၊ နည်းပညာလိုအပ်ချက်များ၊ အရင်းအနှီးလိုအပ်ချက်များ၊ သွင်းအားစု၊ မျိုးကောင်းမျိုးသန့်များ၊ စိုက်ပျိုးရေ၊ မြေပြုရန်လိုအပ်မှု အခြေအနေများနှင့် ပိုးမွှားအန္တရာယ်နှိမ်နင်းနိုင်ရန် ကာကွယ်ဆေးများ စသည့်လိုအပ်ချက်များ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိသည်။ ယင်းသို့ ဆောင်ရွက်လျက်ရှိရာ မိတ္ထီလာခရိုင်စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုအောက်ရှိ မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်းမြို့နယ်များတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၌ ဆီထွက်သီးနှံဖြစ်သည့် နွေနှမ်းသီးနှံကို ဆည်ရေကန်ရေတို့ဖြင့် စိုက်ပျိုးဧက ၈၀၉၈ ဧက စိုက်ပျိုးသွားရန် သတ်မှတ်လျာထားခဲ့ပြီး ဖေဖော်ဝါရီလနောက်ဆုံးပတ်မှစတင်၍ စိုက်ပျိုးလျက်ရှိသည်။

**သတ်မှတ်လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်**

ယင်းသို့ သတ်မှတ်လျာထားပြီး စိုက်ပျိုးခဲ့ရာ မိတ္ထီလာခရိုင်စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုအောက်ရှိ မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်းမြို့နယ်များတွင် ဆည်ရေ ကန်ရေများအပြင် စက်ရေတွင်းများတွင် နွေနှမ်းစိုက်ဧက ၁၅၅၄၈ ဧက စိုက်ပျိုးနိုင်ခဲ့ရာ သတ်မှတ်လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၆**

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။ **မိုး/ဇလ**

# သစ်စက်အတွင်း သစ်ခွဲသားအရွယ်အစားအလိုက် ခွဲစိတ်ခြင်းကို စနစ်တကျဆောင်ရွက်သွားရန်၊ သစ်အလေအလွင့်အနည်းဆုံးနှင့် ခွဲသားထွက်ရာခိုင်နှုန်း အများဆုံးဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်

**နေပြည်တော် မေ ၆**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယမန်နေ့ မွန်းလွဲပိုင်းက ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် တောင်ငူမြို့နယ် ကေတုမတီမြို့သစ်ရှိ မြန်မာ့သစ်လုပ်ငန်း၊ အမှတ် (၈၉) သစ်စက်သို့ သွားရောက်၍ သစ်စက်အတွင်း သစ်ခွဲသားများခွဲစိတ်ဆောင်ရွက်နေမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သစ်မျိုးအလိုက်၊ သစ်ခွဲသားအရွယ်အစားအလိုက် ခွဲစိတ်ဆောင်ရွက်ခြင်းကို စနစ်တကျဆောင်ရွက်သွားရန်၊ သစ်အလေအလွင့်အနည်းဆုံးနှင့် ခွဲသားထွက်ရာခိုင်နှုန်း အများဆုံးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားရန်မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တောင်ငူမြို့နယ်ရှိ ကံရိုးသစ်တောပျိုးဥယျာဉ်သို့ သွားရောက်၍ သစ်မျိုး ၂၅ မျိုးဖြင့် အထူးပျိုးပင် ၁၅၀၀၀ ကျော် ပျိုးထောင်ထားရှိမှုအခြေအနေနှင့် သစ်တောဝင်းအတွင်း သစ်မျိုး ၁၈ မျိုးဖြင့် သစ်မျိုးစုံစိုက်ခင်းဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တောင်ငူမြို့ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံးတွင် ခရိုင်၊ မြို့နယ်ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဝန်ထမ်းများအနေဖြင့် မိမိတို့ဌာန၏ နှစ်စဉ်လျာထားချက်များ ပြည့်မီကျော်လွန်ရေး၊ ရည်မှန်းချက်များ အောင်မြင်နိုင်ရေးအတွက် ဝန်ထမ်းကောင်းပီသစွာ နေထိုင်ကြိုးပမ်းဆောင်ရွက်သွားရန်နှင့် လုပ်ငန်းခွင်တွင် ဝန်ထမ်းအချင်းချင်း မိသားစုစိတ်ဓာတ်ဖြင့် ဆောင်ရွက်သွားရန်မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် အုတ်တွင်းမြို့နယ်ရှိ အမှတ် (၈၈) သစ်စက်၊ ဥယျာဉ်တော်သို့သွားရောက်၍ သစ်စက်အတွင်း သစ်ခွဲသားများ ခွဲစိတ်ဆောင်ရွက်နေမှု၊ သစ်မျိုးအလိုက်၊ သစ်ခွဲသားအရွယ်အစားအလိုက် ခွဲစိတ်ဆောင်ရွက်စုပုံထားမှု၊ သစ်ခွဲသားများ ဖြန့်ဖြူးမှုနှင့် သစ်စက်လက်ကျန် ကျန်ရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်ရေး မှာကြားသည်။

မွန်းလွဲပိုင်းတွင် အုတ်တွင်းမြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်း၊ ဇောဓိကုန်းသစ်ဆိပ်သို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ တာဝန်ရှိသူများက သစ်ထုတ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ သစ်ဆိပ်အတွင်း သစ်မျိုးအလိုက် သစ်လုံးလက်ကျန် ကျန်ရှိမှု၊ သစ်စက်များသို့ သစ်လုံးများ ပို့ဆောင်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး သစ်ဆိပ်အတွင်း သစ်လုံးများရောက်ရှိစုပုံထားမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။



သတင်းစဉ်

# ကျောင်းပြန်လည်ဖွင့်လှစ်ရာတွင် စာသင်ခန်း၊ လက်တွေ့ခန်းနှင့် ကွန်ပျူတာခန်းလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်း

**နေပြည်တော် မေ ၆**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်သည် ယနေ့ နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီးရှိ နည်းပညာတက္ကသိုလ်(စစ်ကိုင်း) နှင့် မန္တလေးတိုင်းဒေသကြီးရှိ မြန်မာသတင်း အချက်အလက်နည်းပညာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ် (မန္တလေး) သို့ သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ နည်းပညာတက္ကသိုလ် (စစ်ကိုင်း) သို့ သွားရောက်၍ မြေလျှင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ပင်မစာသင်ဆောင်၊ အလုပ်ရုံများ၊ ဝန်ထမ်းအိမ်ရာများ၊ ကျောင်းသား ကျောင်းသူ အိပ်ဆောင်များတွင် ပြိုကျပျက်စီးမှုနှင့် အကြီးစားပြုပြင်ရန် လိုအပ်မှုအခြေအနေများကိုကြည့်ရှုစစ်ဆေး၍ အသေးစားပြင်ဆင်ခြင်း၊ အကြီးစားပြင်ဆင်ခြင်းနှင့် အသစ်တည်ဆောက်ခြင်း သတ်မှတ်ချက် သုံးမျိုးနှင့်အညီ စနစ်တကျဆောင်ရွက်ရေး၊ ကျောင်းဖွင့်ကာလ၌ သင်တန်းများ ဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သော ပြင်ဆင်မှုများကို အချိန်မီဆောင်ရွက်ရေး၊ စာသင်ခန်းများ၊ Lab ခန်းများ၊ ကွန်ပျူတာခန်းများ၊ အလုပ်ရုံများ၊ ကျောင်းသားကျောင်းသူဆောင်များနှင့် ဝန်ထမ်းအိမ်ရာများကို လိုအပ်သော ပြုပြင်မှုများ အရည်အသွေးပြည့်မီစွာ အချိန်မီပြီးစီးနိုင်ရေး မှာကြားသည်။




ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးမြို့သို့ ရောက်ရှိပြီး မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်သို့ သွားရောက်ကာ ပင်မစာသင်ဆောင်တွင် ပြိုကျပျက်စီးမှုနှင့် အကြီးစားပြုပြင်ရန် လိုအပ်မှုအခြေအနေများ၊ ဝန်ထမ်းအိမ်ရာအဆောက်အအုံများရှိ ပြုပြင်ရန် လိုအပ်မှုအခြေအနေများ၊ ICT အသုံးပြု၍ သင်ကြားသင်ယူမှုများ အရှိန်အဟုန်မပြတ် ဆောင်ရွက်နိုင်ရေးအတွက် Data Center ပြုပြင်ထိန်းသိမ်းရန် လိုအပ်ချက်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျောင်းပြန်လည် ဖွင့်လှစ်ရာတွင် စာသင်ခန်း၊ လက်တွေ့ခန်းနှင့် ကွန်ပျူတာခန်းလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးအတွက် အစိုးရစက်မှုလက်မှုသိပ္ပံ(မန္တလေး) ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများအား လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီး၊ ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ နည်းပညာတက္ကသိုလ်(မန္တလေး) သို့သွားရောက်ကာ နည်းပညာတက္ကသိုလ်(မန္တလေး)နှင့် မန္တလေး ကွန်ပျူတာ တက္ကသိုလ်များရှိ ဒုတိယပါမောက္ခချုပ်များက ဇွန်လဆန်းတွင် ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှု တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြား၍ စာသင်ခန်းများ၊ ကွန်ပျူတာခန်းများနှင့် Lab ခန်းများ အဆင်သင့်ဖြစ်စေနိုင်ရေး ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ကျောင်းသားကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။

သတင်းစဉ်

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ထမ်းများ ယာယီနေထိုင်ရန် ယာယီအဆောက်အအုံများတည်ဆောက်

**နေပြည်တော် မေ ၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးသည် ယမန်နေ့က မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ခဲ့ရသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ နေပြည်တော်ရှိဝန်ထမ်းများ ယာယီနေထိုင်ရန် ယာယီအဆောက်အအုံများ တည်ဆောက်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဇမ္ဗူသီရိမြို့နယ် (၂၅)ကေရှိ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနဝင်းအတွင်း အိမ်ထောင်သည် ၆၀ အတွက် နှစ်ခန်းတွဲ လိုင်းခန်းများ တည်ဆောက်ပြီးစီးမှုကိုလည်းကောင်း၊ နေပြည်တော်ကောင်စီရုံးလမ်းမပေါ်ရှိ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနပိုင် မြေနေရာတွင် ၃၆ ဦး နေထိုင်နိုင်သည့် ယာယီအဆောက်အအုံ ခြောက်ဆောင် တည်ဆောက်နေမှုကိုလည်းကောင်း၊ ပုဗ္ဗသီရိမြို့နယ် စိုက်ပျိုးရေးထွက်ကုန်ဆိုင်ရာ ဈေးကွက်ဗဟိုဌာနတွင် နေထိုင်ကြမည့် လျှင်ဘေးသင့် ဝန်ထမ်းများအတွက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ရေအရင်းအမြစ်ဌာနခွဲမှ ဆောင်ရွက်နေသည့် ၆ လက်မရေတွင်း တူးဖော်နေမှုကိုလည်းကောင်း၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် စားရိပ်သာတွင် ငလျင်ဘေးသင့် ဝန်ထမ်းများအတွက် ညစာပြင်ဆင်ထားရှိမှုကိုလည်းကောင်း၊ စက်မှုလယ်ယာသင်တန်းကျောင်းအတွင်း တည်ဆောက်နေသည့် လိုင်းခန်းများ တည်ဆောက်ပြီးစီးမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# အမြဲအမှတ်ရနေရမယ့် ဒုတိယကမ္ဘာစစ်ကပေးသော သင်ခန်းစာများ

**ဆောင်းပါးရှင် - Iskander Azizov ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး**

ဒီနှစ်က လက်ရှိရုရှားနိုင်ငံရဲ့ ယခင်ပြည်ထောင်စုကြီးဖြစ်တဲ့ ဆိုဗီယက်ပြည်ထောင်စုရဲ့ ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီး အနှစ်(၈၀) ပြည့် အောင်ပွဲအထိမ်းအမှတ်နှစ်ဖြစ်ပါတယ်။ နှစ်စဉ် မေလ ၉ ရက်မှာ ကျင်းပလေ့ရှိတဲ့ အောင်ပွဲနေ့အခမ်းအနားက ရုရှားဖက်ဒရေးရှင်းနိုင်ငံရှိ ပြည်သူများအတွက် အလွန်နက်ရှိုင်းလေးနက်ပြီး အဓိပ္ပာယ်ရှိလှပါတယ်။ ဒီစစ်ပွဲကြီးရဲ့အမှတ်တရက နိုင်ငံရဲ့သမိုင်းကြောင်းမှာ ရဲစွမ်းသတ္တိရှိမှုနဲ့ ဝမ်းနည်းစရာကောင်းမှုဆိုတဲ့ အခန်းကဏ္ဍတစ်ခုအဖြစ် ကျွန်တော်တို့ရဲ့ စိတ်ထဲ၊ နှလုံးသားထဲမှာ တည်ရှိနေပါတယ်။ ဒုတိယကမ္ဘာစစ်အတွင်း နာဇီဂျာမနီနဲ့ သူတို့ရဲ့ ဥရောပအဆွယ်အပွားတွေကို ချေမှုန်းနိုင်ခဲ့တဲ့ ဒီစစ်ပွဲကြီးမှာ လူသားမျိုးနွယ်စုတစ်ခုလုံးကို ခြိမ်းခြောက်လာတဲ့ရန်သူတွေကို တိုက်ခိုက်ခြင်းဖြင့် အသက်ပေးလှူခဲ့ကြရသူ ဆိုဗီယက်စစ်သည်နဲ့ အရပ်သား စုစုပေါင်း ၂၆ သန်းကျော်ရှိပါတယ်။ နှစ်ကာလတွေ မည်မျှပင်ကြာမြင့်လာသည်ဖြစ်စေ မေလ ၉ ရက်ကတော့ ရုရှားပြည်သူများအတွက် အောင်မြင်မှု၊ အမှန်တရားအတိုင်း အောင်နိုင်မှုနဲ့ ခံနိုင်ရည်ရှိခွဲ၊ လုံ့လတို့ကို ဖော်ကျူးနေတဲ့ အရေးအကြီးဆုံးနဲ့ တန်ဖိုးအရှိဆုံးသော နေ့ရက်တစ်ရက်အဖြစ် ထာဝရတည်ရှိနေမှာပါ။



ဘာလင်မြို့ရှိ ရိုင်ခ်စတက်အဆောက်အအုံပေါ်တွင် ဆိုဗီယက်တပ်မတော်သားတစ်ဦး ဆိုဗီယက်အလံကို အောင်ပွဲခံ စိုက်ထူနေစဉ်။ (၁၉၄၅)

**❂ ဒုတိယကမ္ဘာစစ်အတွင်း နာဇီဂျာမနီနဲ့ သူတို့ရဲ့ ဥရောပအဆွယ်အပွားတွေကို ချေမှုန်းနိုင်ခဲ့တဲ့ ဒီစစ်ပွဲကြီးမှာ လူသားမျိုးနွယ်စုတစ်ခုလုံးကို ခြိမ်းခြောက်လာတဲ့ရန်သူတွေကို တိုက်ခိုက်ခြင်းဖြင့် အသက်ပေးလှူခဲ့ကြရသူ ဆိုဗီယက်စစ်သည်နဲ့ အရပ်သားစုစုပေါင်း ၂၆ သန်းကျော်ရှိပါတယ်။ နှစ်ကာလတွေ မည်မျှပင်ကြာမြင့်လာသည်ဖြစ်စေ မေလ ၉ ရက်ကတော့ ရုရှားပြည်သူများအတွက် အောင်မြင်မှု၊ အမှန်တရားအတိုင်း အောင်နိုင်မှုနဲ့ ခံနိုင်ရည်ရှိခွဲ၊ လုံ့လတို့ကို ဖော်ကျူးနေတဲ့ အရေးအကြီးဆုံးနဲ့ တန်ဖိုးအရှိဆုံးသော နေ့ရက်တစ်ရက်အဖြစ် ထာဝရတည်ရှိနေမှာပါ**

**❖ မဟာအောင်ပွဲကြီးက အမျိုးသားလွတ်လပ်ရေးလှုပ်ရှားမှုကို ကြီးမားစွာအားပေးမြှင့်တင်နိုင်ခဲ့ပြီး နယ်ချဲ့ကိုလိုနီအမြစ်ပြတ်ချေမှုန်းရေးလုပ်ငန်းစဉ်ကိုလည်း စတင်လုပ်ဆောင်နိုင်စေခဲ့**

ဆိုဗီယက်ပြည်ထောင်စုက ဟစ်တလာရဲ့အစိုးရနဲ့ သူ့ဥရောပအဆွယ်အပွားတွေရဲ့ စစ်အင်အားကို အလုံးစုံပျက်သုဉ်းအောင် ချေမှုန်းနိုင်ဖို့အတွက် တိကျပြတ်သားပြီးအခြေခံကျတဲ့ အခန်းကဏ္ဍကနေ ပါဝင်ခဲ့တာဖြစ်ပါတယ်။ မဟာမျိုးချစ်စစ်ပွဲရဲ့ ပထမသုံးနှစ်တာကာလအတွင်းမှာ ဆိုဗီယက်ပြည်ထောင်စုက နာဇီဂျာမနီတို့ကို တစ်ကိုယ်တည်းကြံ့ကြံ့ခံရင်ဆိုင်ခဲ့ရပြီး အဲဒီအချိန်တုန်းက သိမ်းပိုက်ခံထားရတဲ့ ဥရောပဒေသတစ်ခွင်လုံးဟာ နာဇီတပ်တော်ကြီးအတွက်သာ အလုပ်တွေလုပ်ခဲ့ရတာပါ။ ဂျာမနီတို့က လက်နက်ချအညံ့ခံသွားပြီးနောက် ဆိုဗီယက်ပြည်ထောင်စုက မဟာမိတ်များအပေါ် ပေးထားတဲ့ သူ့ရဲ့ကတိပြုမှုများကို လိုက်နာတဲ့အနေနဲ့ စစ်သွေး စစ်မာန်တက်ကြွနေတဲ့ ဂျပန်တို့ကိုလည်း တိုက်ခိုက်ချေမှုန်းခဲ့ပါတယ်။ ဂျပန်တို့ရဲ့တိုက်ခိုက်မှုကြောင့်တရုတ်၊ကိုရီးယားနဲ့ အရှေ့တောင်အာရှနိုင်ငံများဟာ ဘေးဒုက္ခပေါင်းများစွာသင့်ခဲ့ရတာပါ။

မိမိတို့အနေနဲ့ ဝင်ရိုးတန်းတပ်ဖွဲ့များဖြစ်တဲ့ နာဇီဂျာမနီ၊ ဖက်ဆစ်အီတလီနဲ့ ဂျပန်အင်ပါယာတို့ကို တိုက်ခိုက်ချေမှုန်းနိုင်ခဲ့တဲ့ မဟာမိတ်တပ်မတော်များ၊ ခုခံတိုက်ခိုက်ရေးသမားများ၊ တရုတ်နိုင်ငံမှစစ်သည်များနဲ့ ထောက်ခံသူများအားလုံးကို လေးစားဂုဏ်ယူလျက်ရှိပါတယ်။ ဒီလိုမျိုးစုပေါင်းစွမ်းအားတွေကြောင့်ပဲ ၁၉၄၅ ခုနှစ်



ရုရှားနိုင်ငံ ဗိုလ်ဂိုဂရက်မြို့ရှိ မာမာယက်ဗ်ကာဂန်တောင်ကုန်းပေါ်တွင် တည်ဆောက်ထားသော "The Motherland Calls" စစ်အောက်မေ့ဖွယ်အထိမ်းအမှတ်ရုပ်တု။

စက်တင်ဘာလ ၂ ရက်မှာ ဒုတိယကမ္ဘာစစ်ကြီးကို အဆုံးသတ်စေခဲ့တာပါ။ ဒါကြောင့် မိမိတို့က ဘုံရန်သူနဲ့ပတ်သက်ပြီး မိမိတို့ရဲ့ အတူတကွလက်တွဲလှုပ်ရှားမှုများနဲ့ မဟာမိတ်များရဲ့ အစဉ်အလာများကို ထာဝရအမှတ်ရနေမှာဖြစ်ပါတယ်။

မဟာအောင်ပွဲကြီးက အမျိုးသားလွတ်လပ်ရေးလှုပ်ရှားမှုကို ကြီးမားစွာ အားပေးမြှင့်တင်နိုင်ခဲ့ပြီး နယ်ချဲ့ကိုလိုနီအမြစ်ပြတ်ချေမှုန်းရေးလုပ်ငန်းစဉ်ကိုလည်း စတင်လုပ်ဆောင်နိုင်စေခဲ့ပါတယ်။ ဥရောပစစ်မြေပြင်မှာ ဆိုဗီယက်တပ်တော်ကြီးရဲ့ စစ်ရေးအောင်မြင်မှုများက ဝင်ရိုးတန်းအင်အားစုနိုင်ငံများကိုချည့်နဲ့စေပြီး ၁၉၄၄ ခုနှစ်မှာ မြန်မာနိုင်ငံ (ယခင်ဗမာ)အတွင်း ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်(ဖဆပလ) တည်ထောင်မှုအတွက် အုတ်မြစ်ချစေနိုင်ခဲ့ပါတယ်။ ဖဆပလအဖွဲ့ချုပ်ဆိုတာ ၁၉၄၃ ခုနှစ် ဩဂုတ်လ ၁ ရက်မှာ ဂျပန်နိုင်ငံက မြန်မာနိုင်ငံကို ရွှေရည်စိမ်လွတ်လပ်ရေးပေးခဲ့တဲ့အတွက် ဂျပန်နိုင်ငံရဲ့ အုပ်ချုပ်မှုအောက်ကနေလွတ်မြောက်ဖို့ ရည်မှန်းလုပ်ဆောင်တဲ့လှုပ်ရှားမှုမှာ မျိုးချစ်တပ်ဖွဲ့တွေကို စုစည်းခဲ့တဲ့အဖွဲ့ကြီးဖြစ်ပါတယ်။ ၁၉၄၅ ခုနှစ် မတ်လမှာ ဗမာ့အမျိုးသားတပ်မတော်ဦးဆောင်တဲ့ လူထုအုံကြွတော်လှန်မှုကြီးက မြန်မာနိုင်ငံအတွင်းကနေ ဂျပန်တပ်ဖွဲ့တွေကို မလွဲမသွေထွက်ခွာသွားစေပါတယ်။ အဲဒီနောက် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်မှာ မြန်မာနိုင်ငံကို ဗြိတိသျှကိုလိုနီအုပ်ချုပ်မှုအောက်ကနေ လွတ်လပ်သောနိုင်ငံအဖြစ် ကြေညာနိုင်စေခဲ့တဲ့နိုင်ငံရေးအရပကတိအခြေအနေအသစ်များဆီသို့လည်း ရွေ့လျားဆင်းသက်လာစေတာ ဖြစ်ပါတယ်။

**အရေးအကြီးဆုံးသော ရလဒ်**

ဒုတိယကမ္ဘာစစ်ကြီးကနေ ထွက်ပေါ်လာတဲ့ အရေးအကြီးဆုံးသော ရလဒ်များအနက် တစ်ခုမှာ ကုလသမဂ္ဂကိုမဏ္ဍိုင်ပြုတဲ့ နိုင်ငံတကာဆက်ဆံရေးပုံစံအသစ် ထွက်ပေါ်လာခြင်း ဖြစ်ပါတယ်။ အောင်နိုင်သူအင်အားကြီးနိုင်ငံဖြစ်တဲ့ ရုရှားနိုင်ငံက ဒီနှစ်မှာပဲ နှစ်(၈၀)ပြည့်မြောက်မယ့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းကြီး ပေါ်ပေါက်လာဖို့နဲ့ ကောင်းစွာရပ်တည်နိုင်စေဖို့ ကြီးမားသော ကူညီထောက်ပံ့မှုတွေပေးနိုင်ခဲ့ပါတယ်။ အခုဆိုရင် ရုရှားနိုင်ငံက ကုလသမဂ္ဂလုံခြုံရေးကောင်စီမှာ အမြဲတမ်းအဖွဲ့ဝင်နေရာတစ်ခုကို မှန်ကန်စွာ ရယူထားနိုင်တာဖြစ်ပါတယ်။

ရုရှားနိုင်ငံက နောက်ထပ်ကမ္ဘာစစ်ပွဲကြီးတွေ ဖြစ်ပွားစေမယ့်

*စာမျက်နှာ ၇ သို့*

# အစိုးရဌာနအဖွဲ့အစည်းများမှ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများကို ဆောင်ရွက်ရာတွင် တင်ဒါမဖြစ်မနေ ခေါ်ယူဆောင်ရွက်ရမည်

**မော်လမြိုင် မေ ၆**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၏ တည်ဆဲအခွန်ဥပဒေများနှင့်အညီ တင်ဒါအောင်မြင်သည့်လုပ်ငန်းများအတွက် အခွန်ကျသင့်မှုများ၊ စားသောက်ဆိုင်များတွင် ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ခြင်းနှင့်စပ်လျဉ်း၍ အသိပညာပေးရှင်းလင်းပွဲကို ယနေ့ နံနက်ပိုင်းက မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် မွန်ပြည်နယ်ဝန်ကြီးချုပ်က အစိုးရဌာနအဖွဲ့အစည်းများမှ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများကို ဆောင်ရွက်ရာတွင် တင်ဒါမဖြစ်မနေ ခေါ်ယူဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တင်ဒါစည်းမျဉ်း၊ စည်းကမ်းများနှင့်ဆောင်ရွက်ရာတွင် အခွန်နှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များအား သိရှိစေလိုသည့်အတွက် အခွန်ပညာပေးရှင်းလင်းပွဲကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ တင်ဒါလုပ်ငန်းများ ဆောင်ရွက်သည့်အခါ တံဆိပ်ခေါင်းခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန် စသည့်အခွန်အမျိုးအစားများ ပေးဆောင်ရန် တာဝန်ရှိကြောင်း၊ ဌာနဆိုင်ရာများအနေဖြင့် ပြည်နယ်အခွန်ဦးစီးဌာနမှူးက ရှင်းလင်းဆွေးနွေးမည့်ကိစ္စရပ်များကို မှတ်သားလိုက်နာဆောင်ရွက်သွားစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်အခွန်ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးဂျွန်စိန်ဂီက တင်ဒါအောင်မြင်သည့် လုပ်ငန်းများအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ အခွန်ပေးဆောင်မှုများ၊ အခွန်တွက်ချက်မှုများ၊ အခွန်ခုနှိမ် ပေးဆောင်မှုများ၊ ဒဏ်ကြေးပေးဆောင်မှုများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး စားသောက်ဆိုင်များတွင် ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ခြင်းနှင့် ပတ်သက်၍ လိုက်နာရမည့်ဥပဒေများ၊ လုပ်ထုံးလုပ်နည်းနှင့် လုပ်ငန်းစဉ်များ၊ ပျက်ကွက်မှုအတွက် ပြစ်ဒဏ်များ စသည့် အခွန်ဆိုင်ရာများအား ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။



**ခင်စန်းမြင့်(ပြန်/ဆက်)**



## ရှာငံမြို့နယ် ကပြင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း စီးပွားရေးလုပ်ငန်းများ အောင်မြင်

**ရှာင် မေ ၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှာင်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကပြင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လည်ပတ်ရန်ပုံငွေများဖြင့် မိသားစု ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။ **(ဝဲပုံ)**

ကပြင်ကျေးရွာတွင် စီမံကိန်းလည်ပတ်ရန်ပုံငွေများဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားမိသားစု ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးသိန်းမြတ်ထိုက်နှင့် တာဝန်ရှိသူများ ယနေ့ နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးသည်။

ကပြင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ အဆိုပါကျေးရွာရှိ အသင်းသူ အသင်းသား ၁၀၂ ဦးကို (ဒသမ) ကြိမ်မြောက် ရန်ပုံငွေကျပ် ၆၁၅ သိန်းအထိ ထုတ်ချေးထားနိုင်ခဲ့ပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာဖြင့် လည်ပတ်လျက်ရှိသည်။

၂၂၂

*စာမျက်နှာ ၆ မှ*

ကပ်ဆိုးကနေ ကမ္ဘာကြီးကို ဘေးကင်းအောင်ကာကွယ်နိုင်စေဖို့အတွက် ရည်ရွယ်ဖွဲ့စည်းထားတဲ့ ကုလသမဂ္ဂအဖွဲ့ကြီးအတွက် သမိုင်းကြောင်းအရ ရယူရမယ့် တာဝန်ဝတ္တရားကို နားလည်သိရှိထားပါတယ်။ မိမိတို့ရုရှားနိုင်ငံရဲ့ နိုင်ငံခြားရေးမူဝါဒသဘောတရားက လက်ရှိထွန်းသစ်စ ဗဟုဝင်ရိုးကမ္ဘာ့အခင်းအကျင်းမှာ အဖွဲ့ဝင်နိုင်ငံများရဲ့ အကျိုးစီးပွားနဲ့ စုပေါင်းဆုံးဖြတ်ချက်ချမှု ဗဟိုပူးပေါင်းဆောင်ရွက်မှုယန္တရားအဖြစ် ကုလသမဂ္ဂရဲ့ အခန်းကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို ပြန်လည်ဖော်ထုတ်ထိန်းသိမ်းရေးအပေါ် ဦးစားပေးထားပါတယ်။ ဒီရည်မှန်းချက်ဆီ ဦးတည်သွားရာမှာ ရုရှားနိုင်ငံက တစ်ကမ္ဘာလုံးကိုအများစုအဖြစ် ကိုယ်စားပြုတဲ့ စိတ်တူကိုယ်တူမိတ်ဖက်နိုင်ငံများနဲ့အတူ အနီးကပ်ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

ဒုတိယကမ္ဘာစစ်ကြီးက လွန်ခဲ့တဲ့နှစ်ပေါင်း ၈၀ မှာ ပြီးဆုံးခဲ့ပေမယ့်လည်း လက်ရှိကမ္ဘာတစ်ဝန်းမှာ ဖြစ်ပွားနေတဲ့ ပဋိပက္ခကြီးတွေမှာ သူ့ရဲ့ပဲ့တင်ထပ်သံကို ကြားယောင်နေရဆဲဖြစ်ပါတယ်။ အဲဒီပဋိပက္ခတွေကို ဖန်တီးသူတွေက Das Dritte Reich ရဲ့ ဘာလင်စာအုပ်ထဲမှာ ဖော်ပြထားသလိုမျိုး မတူကွဲပြားသောဝါဒနဲ့ သာလွန်မှုကို ကြိုက်နှစ်သက်ပါတယ်ဆိုသောသူများဖြစ်ပါတယ်။ ကိုလိုနီနယ်ချဲ့မူဝါဒကို လိမ်လည်လှည့်စားမှုနဲ့ လှည့်ဖြားမှုတို့ဖြင့် ဖုံးကွယ်ထားတဲ့ အနောက်အုပ်စုအင်အားကြီးနိုင်ငံများကြောင့် ဒုတိယကမ္ဘာစစ်ဆိုတဲ့အကြောင်းရင်းများ၊ အကျိုးရလဒ်များနဲ့ ပတ်သက်တဲ့ သမိုင်းအချက်အလက်အမှားတွေကို မိမိတို့အနေနဲ့ သိမြင်ခဲ့ကြရပါတယ်။ သူတို့က မျိုးနွယ်စုများကြား၊ ဘာသာရေးအသိုက်အဝန်းများကြား ဒေသတွင်းပဋိပက္ခများဖြစ်ပွားအောင် မီးထိုးပေးခြင်းအားဖြင့် ရောမအင်ပါယာရဲ့ အဆိုအမိန့်ဖြစ်တဲ့ "သွေးခွဲအုပ်ချုပ်" ဆိုတဲ့ဆိုရိုးစကားနဲ့အညီ တစ်ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဗဟိုချက်တွေကနေ အချုပ်အခြာအာဏာနဲ့ လွတ်လပ်သောနိုင်ငံများကို အခြားနိုင်ငံများနဲ့ခွဲထုတ်ဖို့ လုပ်ဆောင်လာတာ ဖြစ်ပါတယ်။

ဥရောပဒေသအနှံ့အပြားမှာ နာဇီဝါဒကို အမွှမ်းတင်ဖို့လုပ်ဆောင်တဲ့ကြိုးပမ်းမှုတွေကို ထင်ထင်ရှားရှားမြင်တွေ့လာရပါတယ်။ ဘောတစ်ဒေသနိုင်ငံများနဲ့ ယူကရိန်းနိုင်ငံတို့မှာ ပြည်တွင်းနာဇီရာဇဝတ်သမားများနဲ့ ကြံရာပါပူးပေါင်းဆောင်ရွက်သူများ ပြန်လည်နိုးထလာခြင်းဟာ ဥရောပသမဂ္ဂရဲ့တရားဝင်မူဝါဒနဲ့အညီဆိုသလိုဖြစ်လာပြီး ဒါဟာ နိုင်ငံရေးနဲ့ စိတ်ဓာတ်ရေးရာမှာ နိမ့်ကျခြင်းတို့ရဲ့ ထင်သာမြင်သာရှိသော ဥပမာများကို မျက်စိစုံမှိတ်ထားသလိုဖြစ်နေပါတယ်။

ထိုသို့ဆိုးလာသည့်တိုင်အောင် ယူကရိန်းနိုင်ငံအတွင်းရှိ နာဇီကိုလိုလားတဲ့ အစွန်းရောက်အမျိုးသားရေးအင်အားစုများကို အနောက်အုပ်စုမှခေါင်းဆောင်များက မသိမသာ အတည်ပြုထောက်ခံပေးနေခြင်းကြောင့် ယူကရိန်းအစိုးရကိုယ်တိုင်က ရုရှားနိုင်ငံသားများ အများဆုံး နေထိုင်လျက်ရှိတဲ့ ဒေသများရှိ သာမန်ပြည်သူများနဲ့ နိုင်ငံရေးအတိုက်အခံအင်အားစုများအပေါ် ကြမ်းကြုတ်ရက်စက်မှုများစွာ ကျူးလွန်လာနိုင်တာဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ်မှာဖြစ်ပွားတဲ့ သွေးမြေကျအာဏာသိမ်းမှုဖြစ်ပွားပြီးနောက် ယူကရိန်းအစိုးရက ဒွန်းဘက်ဒေသမှာ ဆိုးရွားပြင်းထန်လှတဲ့ စစ်ဆင်ရေးတစ်ရပ်ကိုဆင်နွှဲကာ မြို့ကြီးပြကြီးတွေမှာ မဆင်မခြင်ဗုံးကြဲတိုက်ခိုက်မှုများနဲ့အတူ အရပ်သားပြည်သူထောင်ပေါင်းများစွာရဲ့ အသက်ဇီဝိန်များကို ခြွေယူခဲ့ပါတယ်။

အခုဆိုရင် ယူကရိန်းခေါင်းဆောင်များက သူတို့ကိုယ်သူတို့ NATO တပ်ဖွဲ့အတွက် မြို့တံခါးဖျက် သစ်တုံးအဖြစ်ကို ရွေးချယ်ခဲ့တာကြောင့် ဒါဟာရုရှားနိုင်ငံအတွက် စစ်ရေးအရ တိုက်ရိုက်ခြိမ်းခြောက်မှုဖြစ်လာပါတယ်။ ဒါကြောင့်လည်း ပဋိပက္ခက မလွဲမသွေဖြစ်လာရတာ ဖြစ်ပါတယ်။ ရုရှားသမ္မတ ဗလာဒီမာပူတင်က ယူကရိန်းအထူးစစ်ဆင်ရေးဆင်နွှဲနေတဲ့ စစ်သည်တွေကို မိန့်ခွန်းပြောကြားရာမှာ "ဒီကနေ့အချိန်အခါမှာ ရဲဘော်တို့က အတိတ်မှာဆိုရင်လည်း အမိမြေရဲ့လုံခြုံရေးနဲ့အနာဂတ်အတွက် တိုက်ပွဲဝင်ခဲ့ရသလို ဒုတိယကမ္ဘာစစ်ကြီးကပေးတဲ့ သင်ခန်းစာကိုလည်း ဘယ်သူမှမေ့ပျောက်လို့မရအောင် စွမ်းဆောင်ခဲ့ပြီး ကမ္ဘာကြီးမှာ နှိပ်စက်ညှဉ်းပန်းသူများ၊ လူသတ်သမားများနဲ့ နာဇီများအတွက် နေစရာနေရာမရှိအောင် ဆောင်ရွက်ခဲ့ကြပါတယ်" လို့ ပြောကြားခဲ့တာရှိပါတယ်။

> ❑ **ဒုတိယကမ္ဘာစစ်ကြီးက လွန်ခဲ့တဲ့နှစ်ပေါင်း ၈၀ မှာ ပြီးဆုံးခဲ့ပေမယ့်လည်း လက်ရှိကမ္ဘာတစ်ဝန်းမှာဖြစ်ပွားနေတဲ့ ပဋိပက္ခကြီးတွေမှာ သူ့ရဲ့ ပဲ့တင်ထပ်သံကို ကြားယောင်နေရဆဲဖြစ်**
>
> ❊ **နိုင်ငံတကာဆက်ဆံရေးမှာ အပြောင်းအလဲမှုများစွာရှိသော်လည်း ရုရှားနိုင်ငံကတော့ တူညီမှုရှိပြီး ခွဲခြားလို့မရနိုင်တဲ့ လုံခြုံရေးစနစ်တည်ဆောက်မှုကိုသာ အမြဲတမ်းထောက်ခံ အားပေးခဲ့ပါတယ်။ ဒီလုံခြုံရေးစနစ်ဆိုတာ နိုင်ငံတကာအသိုင်းအဝိုင်းကြီးတစ်ခုလုံးအတွက် မရှိမဖြစ် အရေးကြီးတဲ့စနစ် ဖြစ်ပါတယ်။ ရုရှားနိုင်ငံက ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့နဲ့ BRICS အဖွဲ့တို့မှာရှိတဲ့ စိတ်တူသဘောတူရှိသော မိတ်ဖက်နိုင်ငံများနဲ့အတူ မဟာယူရေးရှားဒေသနဲ့ နောက်ပိုင်းမှာ လုံခြုံရေးပုံစံအသစ်ထွက်ပေါ်လာရေးကို အားကြိုးမာန်တက်ဆောင်ရွက်လျက်ရှိ**

အာရှနဲ့ပစိဖိတ်ဒေသမှာဆိုရင် ဂျပန်အာဏာပိုင်များက အင်ပါယာစနစ်ဆိုးကြီးရဲ့ အမှားများကို ဘယ်တုန်းကမှ နောင်တမရခဲ့ဘဲ တရုတ်နိုင်ငံကို ထိန်းချုပ်ရန်နဲ့ ထိပ်တိုက်ရင်ဆိုင်ရန် လိုအပ်တယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ စစ်ပုံပြုခြင်းလမ်းကြောင်းပေါ် ပြန်လည်လျှောက်လှမ်းပြီး မဟာမိတ်ဖွဲ့စည်းတည်ထောင်မှုများကို လုပ်ဆောင်လာလျက်ရှိပါတယ်။

### မျှတမှုရှိသော ကမ္ဘာကြီးဆီသို့

နိုင်ငံတကာဆက်ဆံရေးမှာ အပြောင်းအလဲမှုများစွာရှိသော်လည်း ရုရှားနိုင်ငံကတော့ တူညီမှုရှိပြီး ခွဲခြားလို့မရနိုင်တဲ့ လုံခြုံရေးစနစ်တည်ဆောက်မှုကိုသာ အမြဲတမ်းထောက်ခံအားပေးခဲ့ပါတယ်။ ဒီလုံခြုံရေးစနစ်ဆိုတာ နိုင်ငံတကာအသိုင်းအဝိုင်းကြီးတစ်ခုလုံးအတွက် မရှိမဖြစ် အရေးကြီးတဲ့စနစ်ဖြစ်ပါတယ်။ ရုရှားနိုင်ငံက ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့နဲ့ BRICS အဖွဲ့တို့မှာရှိတဲ့ စိတ်တူသဘောတူရှိသော မိတ်ဖက်နိုင်ငံများနဲ့အတူ မဟာယူရေးရှားဒေသနဲ့နောက်ပိုင်းမှာ လုံခြုံရေးပုံစံအသစ်ထွက်ပေါ်လာရေးကို အားကြိုးမာန်တက် ဆောင်ရွက်လျက်ရှိပါတယ်။ ဒုတိယကမ္ဘာစစ်အတွင်း ဘုံရန်သူကိုတိုက်ခိုက်ရာမှာ တွေ့ကြုံခဲ့ရတဲ့ စည်းလုံးညီညွတ်မှုနဲ့ ပူးပေါင်းဆောင်ရွက်မှု အတွေ့အကြုံတို့အပေါ် ယုံကြည်မှုက နိုင်ငံအားလုံးရဲ့ လွတ်လပ်ပြီးကိုယ်ပိုင်သတ်မှတ်ချက်ရှိတဲ့ ဖွံ့ဖြိုးတိုးတက်မှုတစ်ခုအတွက် တူညီသောအခွင့်အလမ်း မူဝါဒများအပေါ် အခြေခံတဲ့မျှတမှုရှိသော ကမ္ဘာကြီးဆီသို့ လျှောက်လှမ်းရာမှာ အခြေခိုင်စေမှာဖြစ်ပါတယ်။

မိမိတို့အနေဖြင့် အနိုင်မခံအရှုံးမပေးသော အောင်နိုင်သူမျိုးဆက်များအဖြစ် ဂုဏ်ယူဝင့်ကြွားရပါတယ်။ သူတို့ရဲ့အရိုက်အရာကိုဆက်ခံတဲ့ မိမိတို့အနေနဲ့ ဒုတိယကမ္ဘာစစ်မှကြိမ်းတမ်းတဲ့ သင်ခန်းစာများကို မှတ်သားလေ့လာပြီး ဒီအမှားများကို နောက်တစ်ကြိမ်မကျူးလွန်စေဖို့နဲ့ နာဇီဝါဒကို အောင်နိုင်ခဲ့သူများရဲ့အမှတ်တရများကို ဆက်လက်ထိန်းသိမ်းထားနိုင်ဖို့အတွက် တာဝန်ရှိပါတယ်။ သူတို့က မိမိတို့ကို တာဝန်ဝတ္တရားနဲ့ နိုးကြားမှုရှိကာ နောက်ထပ်ကမ္ဘာစစ်ကြီးဖြစ်ပွားမှုကို ရှောင်လွှဲနိုင်ဖို့အတွက် အရာအားလုံးကို လုပ်ဆောင်မယ့်သူများအဖြစ် ယုံကြည်ကိုးစားခဲ့ကြတာဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

**ဘာသာပြန်ဆိုသူ - ထက်မြတ်**

# သစ်ပင်စိုက်လျှင် ရှင်သန်ချင် လိုက်နာကြဖို့ အသိယှဉ်

အုန်းလွင်လေး




> **“မြေရှိလျှင် သစ်ပင်စိုက်၍ ရပါသည်။ စိုက်သည့်မြေတွင် သစ်မျိုးအလိုက် အပင်ဖြစ်ထွန်းချင်မှဖြစ်မည်။ မြေဆီမြေနှစ် မြေဩဇာကင်းမဲ့သောမြေ၊ အပင်အတွက်လိုအပ်သော အစိုဓာတ်မထိန်းသောမြေမှာ သစ်ပင်စိုက်က ရှင်သန်ရန်ခဲယဉ်းပါသည်။ အပင်ရှင်သန်ရန် ရေလိုသလို လိုသည်ထက်ပိုသောရေဝပ်နေရာများ ရေစီးရေလာမကောင်းသောနေရာများတွင် အပင်စိုက်ပါကလည်း မဖြစ်ထွန်းနိုင်ပါ။ အလားတူ ရာသီဥတုကိုလည်း သတိပြုရပါမည်။ ပူပြင်းသော၊ အေးသော၊ မိုးနည်းသော၊ မိုးများသောဒေသအလိုက် ရှင်သန်ဖြစ်ထွန်းမည့် သစ်မျိုးကိုသာ စိုက်ရမည်ဖြစ်သည်”**

သစ်ပင်တစ်ပင် ရှင်သန်ဖြစ်ထွန်းအောင်မြင်စေရန် သစ်မျိုး၊ မြေ၊ ရေ၊ ရာသီဥတုတို့အပေါ် များစွာမူတည်ပေသည်။ သစ်မျိုးအလိုက် ရှင်သန်အောင်မြင်ဖြစ်ထွန်းသည့် ရပ်ဝန်းရှိကြပါသည်။ မြန်မာတို့၏ ရှေးကဘိုးဘွားတို့ အစဉ်အဆက်စိုက်ပျိုးခဲ့သော သစ်ပင်များမှာ လက်ရှိလူသားမျိုးဆက်တို့ကို အကျိုးပြုလျက်ရှိနေသကဲ့သို့ လက်ရှိမျိုးဆက်တို့ကလည်း နောင်လာမည့် မျိုးဆက်များအတွက် သစ်ပင်စိုက်ပျိုးခြင်းကို ပြုကြရမည်ဖြစ်သည်။

သစ်ပင်စိုက်ပျိုးခြင်းကြောင့် သဘာဝဘေးအန္တရာယ်များ လျော့ပါးစေခြင်း၊ ရာသီဥတုညီညွတ်မျှတစေခြင်းအပြင် မိမိပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ခြင်း၊ အရိပ်အာဝါသနှင့် သန့်စင်သောလေ ရရှိခြင်း၊ သစ်ပင်ရှင်သန်နေစဉ် အသီးအပွင့်အရွက်စသည်တို့ ခံစားရရှိခြင်း၊ နေစရာအတွက် သစ်၊ တိုင်၊ မျော အလွယ်တကူရရှိပြီး ပိုလျှံက ရောင်းချခြင်းဖြင့် ဝင်ငွေရရှိခြင်း၊ သားငှက်တိရစ္ဆာန်များအတွက် အစာရေစာနှင့် နားနေရာရရှိခြင်းစသည့် လက်ငင်းအကျိုးကျေးဇူးများရရှိပါမည်။

မြန်မာလူမျိုးတို့သည် ကိုးကွယ်သည့်ဘာသာတရား၏ အဆုံးအမအရသော်လည်းကောင်း၊ မိရိုးဖလာအစဉ်အလာအရသော် လည်းကောင်း ဟိုးပဝေသဏီကပင် မိုးကြို၊ မိုးဦးကာလမှသည် မိုးကာလမြေဆီစိုခိုက်အချိန်တွင် သစ်ပင်စိုက်ခြင်းကိုဆောင်ရွက်ကြပါသည်။

သစ်ပင်စိုက်ခြင်းကို ပသာဒဖြစ်စေရေး၊ စိမ်းလန်းစိုပြည်ရေးနှင့် သဘာဝပတ်ဝန်းကျင်ကောင်းမွန်လာစေရန်၊ သဘာဝတောများမှ ထုတ်ယူသုံးစွဲမှုလျှော့ချရန်၊ ဒေသခံပြည်သူများ၏ အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းပေးရန်၊ သစ်တောများရေရှည်တည်တံ့စေပြီး စဉ်ဆက်မပြတ် အကျိုးရရှိစေရေးအတွက် ပြုစုထိန်းသိမ်းရေးနှင့် စနစ်တကျထုတ်ယူသုံးစွဲရေးဆိုင်ရာ အသိအမြင်များတိုးပွားပြီး သိရှိလိုက်နာစေရန်၊ ဒေသခံများ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန်စသည့် ရည်ရွယ်ချက်အမျိုးမျိုးနှင့် သစ်ပင်များကို တစ်နိုင်တစ်ပိုင်၊ တစ်အုပ်တစ်မ၊ အစုအဝေးလိုက် ဧရိယာပမာဏငယ်ငယ်မှ ကျယ်ကျယ်အထိ စိုက်ကြပါသည်။ နိုင်ငံအဝန်းတွင် နေရာဒေသအလိုက် ပြည်နယ်/တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အလိုက်နှင့် အထိမ်းအမှတ်နေ့များ စသည်ဖြင့် လူစုလူဝေး အင်အားသုံး မိုးရာသီသစ်ပင်စိုက်ပွဲများလည်း နှစ်စဉ်ပြုလုပ်ကြပါသည်။ အားရစရာကြီးပင်။ သစ်ပင်စိုက်ခြင်းကို ခေတ်အဆက်ဆက် နိုင်ငံတော်အကြီးအကဲများကလည်း အားပေးအားမြှောက် ပြုခဲ့ကြပါသည်။

## သစ်ပင်စိုက်လျှင် ရှင်သန်ချင်လိုက်နာကြဖို့ အသိယှဉ်

သစ်ပင်စိုက်တိုင်း မိမိတို့၏ရည်ရွယ်ရင်းအတိုင်း အကျိုးများသည့် သစ်ပင်များအဖြစ် ရှင်သန်ဖြစ်ထွန်းအောင်မြင်ပါရဲ့လား။ အသွင်သဏ္ဍာန်နှင့် အနှစ်သာရအပြည့်အဝဖြစ်ပါရဲ့လား။ သစ်ပင်စိုက်လျှင် ရှင်သန်ချင်လိုက်နာကြဖို့ အသိယှဉ်စေချင်ပါသည်။

ဥပမာ ကျွန်းဆိုပါစို့၊ မိုးရေချိန်လက်မ ၆၀ မှ ၈၀ ကြား၊ ရေစီးရေလာကောင်းပြီး မြေဩဇာထက်သန်သည့် မြေအမျိုးအစားတွင် ရှင်သန်ဖြစ်ထွန်း အောင်မြင်ပါသည်။ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၃၀၀၀ ကျော်ဒေသတွင် ကျွန်းပင်စိုက်သော် ရှင်နိုင်သော်လည်း မဖြစ်ထွန်း မအောင်မြင်နိုင်ပါ။ ထိုအပင်မျိုးက အောင်လုံကောင်းမွန်သော ကျွန်းမျိုးဆက်များကို ပေးနိုင်စွမ်းမည်လည်းမဟုတ်ပါ။ ကျွန်း၏ မျိုးရိုးဗီဇအရည်အသွေးကိုပင် ယုတ်လျော့ကျဆင်းစေနိုင်ပါသည်။ အလားတူ ဒီရေတောသစ်မျိုးများကို တောင်ပေါ်ဒေသ၊ အအေးပိုင်းဒေသ သစ်မျိုးများကို အပူပိုင်းဒေသတို့တွင်စိုက်က ရှင်သန်အောင်လုံမှုမရှိနိုင်ပါ။ သစ်မျိုးရွေးချယ်ရာတွင် ဒေသ၏ ရေမြေရာသီဥတုနှင့် လိုက်လျောညီထွေပြီးဖြစ်သည့် ဒေသသစ်မျိုးများကို ဦးစားပေးရွေးချယ်ရမည်ဖြစ်ပြီး စိုက်သည့်ရည်ရွယ်ချက်က လောင်စာအတွက်ဆိုက အကြီးမြန်သစ်မျိုးများ ရွေးချယ်၍သော်လည်းကောင်း၊ စီးပွားဖြစ် သစ်တိုင်မျောအတွက်ဆိုက ဈေးကွက်မှတောင်းဆိုသည့် အဖိုးတန်သစ်မျိုးများ ရွေးချယ်၍သော်လည်းကောင်း စိုက်ရမည်ဖြစ်သည်။

မြေရှိလျှင် သစ်ပင်စိုက်၍ ရပါသည်။ စိုက်သည့်မြေတွင် သစ်မျိုးအလိုက် အပင်ဖြစ်ထွန်းချင်မှဖြစ်မည်။ မြေဆီမြေနှစ် မြေဩဇာကင်းမဲ့သောမြေ၊ အပင်အတွက်လိုအပ်သော အစိုဓာတ်မထိန်းသောမြေမှာ သစ်ပင်စိုက်က ရှင်သန်ရန်ခဲယဉ်းပါသည်။ အပင်ရှင်သန်ရန် ရေလိုသလို လိုသည်ထက်ပိုသောရေဝပ်နေရာများ ရေစီးရေလာမကောင်းသောနေရာများတွင် အပင်စိုက်ပါကလည်း မဖြစ်ထွန်းနိုင်ပါ။ အလားတူ ရာသီဥတုကိုလည်း သတိပြုရပါမည်။ ပူပြင်းသော၊ အေးသော၊ မိုးနည်းသော၊ မိုးများသောဒေသအလိုက် ရှင်သန်ဖြစ်ထွန်းမည့် သစ်မျိုးကိုသာ စိုက်ရမည်ဖြစ်သည်။ စိုက်ပင်တိုင်း ရှင်သန်အောင်မြင်ဖြစ်ထွန်းရေးသစ်မျိုးကို ဦးစားပေးလိုက သစ်မျိုးနှင့် သဟဇာတဖြစ်မည့် မြေနေရာရွေးရမည်ဖြစ်ပြီး အပြန်အလှန်အားဖြင့် မြေနေရာ ဦးစားပေးလိုက မြေနေရာနှင့် လိုက်လျောညီထွေဖြစ်မည့် သစ်မျိုးကို ရွေးစိုက်ရမည်ဖြစ်ပါသည်။

### သစ်ပင်စိုက်မည့်မြေနေရာ

သစ်ပင်စိုက်မည့်မြေနေရာသည် လျှပ်စစ်ဓာတ်အားလိုင်းများ၊ သွယ်တန်းထားသည့်ဓာတ်ကြိုးများအောက်၊ နဂိုရှင်သန်ကြီးထားပြီး အပင်ကြီးများအောက်၊ လမ်းဘေးဝဲယာဖြစ်က တိုးချဲ့မည့်လမ်းအဆင့်မြှင့်တင်မည့်လမ်းဧရိယာနှင့် လမ်းနယ်နိမိတ်များ၊ အဆောက်အအုံဆောက်မည့်နေရာ၊ ဖွံ့ဖြိုးရေးစီမံကိန်း အကောင်အထည်ဖော်မည့်နေရာ၊ ရေဝပ်သည်နေရာတို့ဖြစ်က ရှောင်ရှားရပါမည်။ ဓာတ်ကြိုးများအောက်ခြေမှ ပေ ၅၀ ခွာရပါမည်။ ရေဝပ်နေရာဖြစ်က လုံလောက်သောမြေစာ ဖို့ရပါမည်။ အမြန်လမ်း၊ ဒွေးလမ်းကြီးများ၏ လမ်းလယ်ကျွန်းအပင်စိုက်က အပင်ကြီးသစ်မျိုးအစား အပင်ငယ် သို့မဟုတ် ပသာဒဖြစ်မည့်သစ်မျိုးကို ရွေးရပါမည်။

သစ်ပင်စိုက်ရန် သစ်မျိုး၊ စိုက်မည့်နေရာ ရွေးချယ်ခြင်း( Choice of species & Site selection)ပြီးနောက် ပျိုးဥယျာဉ်ရှိ ပျိုးပင်များကို ဒဏ်ခံနိုင်စေရန် တစ်နည်းအားဖြင့် အောင်လုံသန်စွမ်းသော ပျိုးပင်ဖြစ်စေရန် ဗြီလနောက်ဆုံးရက်သတ္တပတ်လောက်မှစ၍ မြေချမစိုက်မီ အချိန်အတွင်း ရေလျှော့လောင်းခြင်း၊ အလင်းဖွင့်စသည့် (Hard–ening process) လုပ်ငန်းများ ဆောင်ရွက်ရပါမည်။ (သစ်တောဦးစီးဌာနသည် သစ်ပင်စိုက်ပြီးရှင်သန်ကြီးထွားမှုကောင်းစေရန် ဒဏ်ခံနိုင်သော၊ အောင်လုံသန်စွမ်းသော အမြင့်နှစ်ပေနှင့်အထက်ရှိ ပျိုးပင်များကို မိုးကာလတွင် ပြည်သူလူထုသို့ အခမဲ့ ဖြန့်ဝေလျက်ရှိပါသည်) စိုက်မည့်အကွာအဝေးအလိုက် ပန္နက်ရိုက်ခြင်း၊ မြေပြုပြင်ခြင်း ဆောင်ရွက်ရပါမည်။

မိုးရေချိန်နည်းပါးသော အပူပိုင်းဒေသများတွင် ရေစုစည်း သိုမှီးနိုင်သည့် အရွယ်အစားရှိ ကျင်းတူးရမည်။ အများအားဖြင့် ၄'x၄'x ၁'/ ၃'x၃'x၁'/၄'x၁'x၁' အရွယ်အစားရှိ ကျင်းအတွင်းအလယ်တွင် တစ်ပေပတ်လည် ချက်ကျင်းတူးရပါမည်။ အပူပိုင်းဒေသမှအပ ကျန်ဒေသများတွင် နှစ်ပေပတ်လည် တစ်ပေအနက်ကျင်း သို့မဟုတ် ပျိုးအိတ်အရွယ်အစားပေါ်မူတည်၍ လိုအပ်သည့်အရွယ်အစား ကျင်းတူးရပါမည်၊ ကျင်းများအတွင်း ရောစပ်ထားသည့်မြေဆွေးများ အလုံအလောက် ထည့်ရပါမည်။

ရေလောင်းပေးနိုင်ပါက မိုးကြိုသစ်ပင်စိုက်ခြင်း၊ သစ်ပင်စိုက်ရန် လုံလောက်သည့် မြေအစိုဓာတ်ရရှိသည့် မိုးဦးကာလတွင် သစ်ပင်စိုက်ခြင်း ဆောင်ရွက်နိုင်ပါပြီ။ ပျိုးဥယျာဉ်တွင် ဒဏ်ခံနိုင်အောင် ပြုစုထားသည့် အောင်လုံသောပျိုးပင်တို့ သယ်ယူချိန်တွင် ပျိုးပင်များ အကျိုးမပျက်စေရန် ပျိုးအိတ်မြေလုံး မကွဲစေရန်သယ်ရပါမည်။

သစ်ပင်စိုက်ကြပါစို့၊ ပျိုးအိတ်မြေလုံးမကွဲစေရန် သတိနှင့်ကိုင်တွယ်ပါ။ ပျိုးအိတ်ကို လက်နှစ်ဖက်ဖြင့် အသာဆုပ်ညှစ်ရပါမည်။ သစ်ပင်စိုက်မည့်ကျင်းအနီး ပျိုးအိတ်ပလတ်စတစ်ကို လက်သည်း သို့မဟုတ် အသွားထက်ဓားသေးသေးဖြင့် ခွဲထုတ်ပါမည်။ စိုက်ပင်ကို တည့်တည့်မတ်မတ်ထား၍ မြေလုံးကို သတိဖြင့် ကျင်းအတွင်း အသာထည့်ပြီး စိုက်ပင်ဘေးပတ်လည် လေဟာမှုမဖြစ်စေရန် ဖို့မြေကို ဖိသိပ်ပေးရပါမည်။ အပင်အခြေ ရေဝပ်မှုမရှိစေရေး မို့မောက်သည်အထိ ရောစပ်ထားသည့်မြေဆွေးပုံပေးရပါမည်။

### ပြုစုထိန်းသိမ်းမှုပြု

စိုက်ပင်များကို ကျွဲ၊ နွား၊ သိုး၊ ဆိတ်စသည့် အိမ်မွေးတိရစ္ဆာန်များ၊ အခြားဖျက်ဆီးမှုများမရှိစေရန် အကာအရံ အရံအတားများ စနစ်တကျ ပြုလုပ်ပေးရပါမည်။ လိုအပ်သလို ရေလောင်းပေးခြင်း၊ အရိပ်ပေးခြင်း၊ မြေဩဇာကျွေးခြင်း၊ ပေါင်းသင်းရှင်းလင်း၊ မြေတောင်မြှောက် ခါးဆွခြင်းများ ဆောင်ရွက်ခြင်းဖြင့် ပြုစုထိန်းသိမ်းမှုပြုရပါမည်။

သစ်တောဦးစီးဌာနသည် ၂၀၂၅ ခုနှစ် မိုးကာလတွင် သစ်ပင်စိုက်ရန် နိုင်ငံပိုင်သစ်တောစိုက်ခင်းများ၊ အာဆီယံလမ်း၊ အမြန်လမ်းနှင့် လမ်းဘေးဝဲယာများ၊ အထူးလုပ်ငန်းတစ်ရပ်အနေဖြင့် အပင်စိုက်ခြင်း၊ နိုင်ငံအဝန်း မိုးကြို/မိုးကာလ

*စာမျက်နှာ ၉ သို့*






❒ *ကျောဖုံးမှ*

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် အခြားလက်နက်ကိုင်အဖွဲ့များအနေဖြင့် အများပြည်သူ သွားလာအသုံးပြုလျက်ရှိသည့် ဆက်သွယ်ရေးလမ်းကြောင်းများအား နှောင့်ယှက်တိုက်ခိုက်ခြင်းနှင့် ထိခိုက်ပျက်စီးစေခြင်း၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ထိခိုက်ပျက်စီးစေခြင်း၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ တပ်စခန်းများအား တိုက်ခိုက်ခြင်း၊ တပ်ဌာနချုပ်များကို နှောင့်ယှက်တိုက်ခိုက်ခြင်းများ၊ ငြိမ်းချမ်းရေးကို ထိခိုက်ပျက်စီးစေမည့် အင်အားစုဆောင်းခြင်း၊ ပြင်ဆင်စုဖွဲ့ခြင်း၊ နယ်မြေချဲ့ထွင်ခြင်းများကို မပြုရန်နှင့် ထိုကဲ့သို့ ဆောင်ရွက်လာပါက တပ်မတော်အနေဖြင့် ပြည်သူလူထုကို ကာကွယ်သောအားဖြင့် လိုအပ်သည့်အရေးယူတုံ့ပြန်မှုများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး**

## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပုဂ္ဂလိကကျောင်းများအား ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်လက်မှတ် ပေးအပ်

**ရန်ကုန် မေ ၆**



၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ခွင့်ပြုခဲ့သည့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပုဂ္ဂလိကကျောင်းများအား ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်လက်မှတ် ပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးငွေအောင်က အမှာစကား ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း ကြီးကြပ်ရေးအဖွဲ့ဝင်များက အဆင့်မြင့်ပညာကဏ္ဍဆိုင်ရာ အကြောင်းအရာများ၊ ပုဂ္ဂလိကပညာရေးဥပဒေများနှင့် လက်တွေ့ဆောင်ရွက်မှုအခြေအနေများ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းများ၊ ကျောင်းများနှင့်ပတ်သက်၍ သိရှိလိုက်နာနိုင်ရန် အချက်အလက်များ၊ ပုဂ္ဂလိကပညာရေး ဆရာအတတ်ပညာသင်တန်းများဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာချိုချိုမြတ်အောင်က ပုဂ္ဂလိကအဆင့်မြင့်ပညာကျောင်းများနှင့် ပုဂ္ဂလိကအခြေခံ ပညာကျောင်းများအား ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်လက်မှတ်ပေးအပ်ခြင်း အခမ်းအနား ပြုလုပ်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက တက်ရောက်လာကြသည့် ပုဂ္ဂလိကကျောင်းများမှ တာဝန်ရှိသူများအား ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်လက်မှတ်များ ပေးအပ်သည်။

၂၀၂၄ -၂၀၂၅ ပညာသင်နှစ်တွင် College ၄၆ ကျောင်း၊ International School ၁၁၁ ကျောင်း၊ အမျိုးသားသင်ရိုးဖြင့် သင်ကြားသောပုဂ္ဂလိကအခြေခံပညာကျောင်း ၃၂၄ ကျောင်း၊ စုစုပေါင်း ၄၈၁ ကျောင်းဖွင့်လှစ်ခွင့်ရရှိခဲ့သည့်အတွက် ရန်ကုန်တိုင်းဒေသကြီးအနေဖြင့် အခြားတိုင်းဒေသကြီး၊ ပြည်နယ်များထက် ကျောင်းအရေအတွက် ပိုများကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

## ၆-၅-၂၀၂၅ ရက် အမြင့်ဆုံးနေ့အပူချိန်များ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်များရှိမြို့များ | အမြင့်ဆုံး အပူချိန် ဒီဂရီဆဲလ်စီးယပ် | အမြင့်ဆုံး အပူချိန် ဒီဂရီဖာရင်ဟိုက် |
|---|---|---|---|
| ၁။ | ချောက် | ၄၃.၃ | ၁၀၉.၉ |
| ၂။ | မြင်းမူ | ၄၁.၂ | ၁၀၆.၂ |
| ၃။ | ညောင်လေးပင်မြို့ | ၄၀.၅ | ၁၀၄.၉ |
| ၄။ | အောင်လံမြို့ | ၄၀.၁ | ၁၀၄.၂ |
| ၅။ | မကွေးမြို့ | ၄၀.၀ | ၁၀၄.၀ |
| ၆။ | မြင်းခြံမြို့ | ၃၉.၈ | ၁၀၃.၆ |
| ၇။ | ပြည်မြို့ | ၃၉.၆ | ၁၀၃.၃ |
| ၈။ | နေပြည်တော် (ဇေယျာသီရိမြို့နယ်) | ၃၉.၄ | ၁၀၂.၉ |
| ၉။ | ဇောင်းတူမြို့ | ၃၉.၁ | ၁၀၂.၄ |
| ၁၀။ | တပ်ကုန်းမြို့ | ၃၉.၀ | ၁၀၂.၂ |
| ၁၁။ | ကျောက်ဆည် (လွန်ကျော်) | ၃၉.၀ | ၁၀၂.၂ |
| ၁၂။ | တံတားဦးမြို့ | ၃၉.၀ | ၁၀၂.၂ |
| ၁၃။ | သာယာဝတီမြို့ | ၃၉.၀ | ၁၀၂.၂ |
| ၁၄။ | ပခုက္ကူမြို့ | ၃၉.၀ | ၁၀၂.၂ |
| ၁၅။ | ဘားအံမြို့ | ၃၉.၀ | ၁၀၂.၂ |

* *ကျောဖုံးမှ*

ကြုံတွေ့နေရသည့်အသင်းဖြစ်သည်။ ထို့အပြင် နော်တင်ဟမ်အသင်းသည် ယခုပွဲစဉ် သရေကျခဲ့သောကြောင့် လာမည့်နှစ်ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရေးအတွက် လက်ကျန်ပွဲစဉ်များတွင် မဖြစ်မနေရလဒ်ကောင်းရရှိရေး ကြိုးပမ်းအားထုတ်ရတော့မည် ဖြစ်သည်။

ဦးဆောင်ဂိုးကို ပဲလေ့စ်ကစားသမား အီဇီက ပယ်နယ်တီမှတ်စ်ဆင့် ပွဲကစားချိန် မိနစ် ၆၀ တွင် သွင်းယူပေးခဲ့သည်။ ထို့နောက် ပြိုင်ဘက်နော်တင်ဟမ်အသင်းကလည်း ချေပဂိုးရရှိရေး ကြိုးပမ်းလာခဲ့ရာ ပွဲကစားချိန် ၆၄ မိနစ်တွင်ရရှိခဲ့ပြီး မူရီလာက သွင်းယူပေးခဲ့သည်။

လာမည့်ပွဲစဉ်အဖြစ် မေ ၁၁ ရက်တွင် ပဲလေ့စ်အသင်းက စပါးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး နော်တင်ဟမ်အသင်းက လက်စတာအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**အောင်ဇော်**

## တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များမီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် ထိခိုက်နိုင်မှုများ

တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များ မီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းတို့ကြောင့် အောက်ပါအချက်များ ဖြစ်ပေါ်နိုင်ပါသည်-

(က) မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်းနှင့် ကျန်းမာရေးထိခိုက်နိုင်ခြင်း။

( ခ ) ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ရာသီဥတုပြောင်းလဲမှုဖြစ်ပေါ်ခြင်း။

( ဂ ) မြေဆီဩဇာခန်းခြောက်ခြင်းနှင့် သီးနှံများအထွက်နှုန်းလျော့နည်းခြင်း။

(ဃ) သစ်တောထွက်ပစ္စည်းများ ဆုံးရှုံးခြင်းနှင့် လူနေမှုဘဝကို ထိခိုက်စေနိုင်ခြင်း။

❍

*စာမျက်နှာ ၈ မှ*

သစ်ပင်စိုက်ပွဲတော်များကျင်းပခြင်း၊ ဌာနဆိုင်ရာ တပ်ရင်းတပ်ဖွဲ့များ၊ ပြည်သူများသို့ ဖြန့်ဝေခြင်းတို့အတွက် သစ်မျိုးစုံ ဝါးမျိုးစုံ ပျိုးပင် ၂၁ သန်းနီးပါး ပျိုးထောင်ထားရှိပေသည်။ ထို့ပြင် သစ်ပင်ပျိုးထောင်မှုနှင့်ပတ်သက်၍ သစ်တောသစ်ပင်ဆိုင်ရာ ဆက်စပ်ဌာနများ၊ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ တစ်သီးပုဂ္ဂလ တစ်နိုင်တစ်ပိုင်ဝါသနာရှင်များ၏ ဆောင်ရွက်မှုများပါဝင်ပါက နှစ်စဉ် မြန်မာနိုင်ငံတွင် ပျိုးပင်များ သန်းဆယ်ချီမှုများသော အရေအတွက်ပမာဏဖြင့်








ပျိုးထောင်ကြပါသည်။ ထိုအတွက် အချိန်၊ လုပ်အား၊ ငွေကြေး၊ နည်းပညာအရင်းအနှီးများ၏တန်ဖိုးကား အနမတဂ္ဂပါ။ သစ်ပင်စိုက်ရာတွင် ရှင်သန်အောင်မစိုက်ပါက အကြောင်းမျိုးမျိုးကြောင့် စိုက်ပင်များပျက်စီးပါက တန်ဖိုးတွက်ချက်ရသည်ရော မရသည်ရော ဆုံးရှုံးမှုများကား မနည်းမနော ရှိပေချိမ့်။

မြေဆီစိုခိုက် သစ်ပင်စိုက်ကြရာဝယ် စိုက်ပင်များကို

- ရှင်အောင်စိုက်၊
- ကြီးအောင်ပြုစု
- မြဲအောင်ထိန်းသိမ်းခြင်းဖြင့် တစ်ပင်မှ တစ်တောဖြစ်အောင် စွမ်းဆောင်ရင်း သစ်ပင်များ စိုက်ကြပါစို့၊

သစ်ပင် သစ်တောများသည်-

အတိတ်ကာလ၏ အမွေအနှစ်၊

ပစ္စုပ္ပန်ကာလတွင် အကျိုးစီးပွား၊

အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် ရင်းနှီးမြှုပ်နှံသည့် အရင်းအနှီးကောင်းများပင်။

နောင်လာနောက်သား မျိုးဆက်သစ်များအား အမွေကောင်းများပေးနိုင်စေရေး၊ စိမ်းလန်းစိုပြည်သည့်မြေကြီးမှ ရွှေသီးစေရေးနှင့် သက်ရှိများအားလုံး အကျိုးရှိစေရေးအတွက် မိုးကာလ မြေဆီစိုခိုက် သစ်ပင်များများ စိုက်ကြပါစို့။ ။

❖ ❖ ❖

# ၂၀၂၅ ခုနှစ် ရေကြောင်းနှင့် လေကြောင်း လူငယ်အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီး၌ လေ့ကျင့်သင်ကြားပေးလျက်ရှိ

**နေပြည်တော် မေ ၆**

ကျောင်းသား ကျောင်းသူ မျိုးဆက်သစ် လူငယ်မောင်မယ်များကို နွေရာသီ ကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များ အကျိုးရှိစေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာ ကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ် လူငယ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ တပ်မတော်(ရေ) က ရေကြောင်း လူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ တပ်မတော်(လေ)က အခြေခံလေကြောင်း လူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်း လူငယ်သင်တန်း ဖွင့်ပွဲများကို ဧပြီ ၂၂ ရက်တွင် သက်ဆိုင်ရာ မြို့နယ်အသီးသီးရှိ သင်တန်းစခန်းများ၌ တစ်ပြိုင်တည်း စတင်ဖွင့်လှစ်ခဲ့ပြီး လေ့ကျင့်သင်ကြား ပေးလျက်ရှိသည်။

ထိုသို့ လေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့တွင် ရေတပ်ဆက်သွယ်ရေး ဘာသာရပ်၌ ပါဝင်သည့် သင်ခန်းစာများအား သင်ကြားခြင်း၊ လှေလှော်ခြင်းနှင့် ရွက်တိုက်ခြင်းတို့ကို ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့ရှိ ရေကြောင်း လူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၃၀၊ ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ရှိ ရေကြောင်း လူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၆၅၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ရေကြောင်း လူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၆၀၊ တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့ရှိ ရေကြောင်း လူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၅၀၊ ကရင်ပြည်နယ် ဘားအံမြို့ရှိ ရေကြောင်းလူငယ် စခန်းမှ သင်တန်းသား သင်တန်းသူ ၁၄၀ တို့ကို သက်ဆိုင်ရာနယ်မြေအသီးသီး၌ တာဝန်ရှိသူနည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး တပ်မတော်(ရေ) ရေကြောင်း လူငယ်သင်တန်းစခန်း ၁၁ ခု၌ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၈၀၀ တို့ကို လေ့ကျင့်သင်ကြား ပေးလျက်ရှိသည်။

အလားတူ တပ်မတော်(လေ)က အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ် (၁/၂၀၂၅) နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ် (၁/၂၀၂၅) သင်တန်းများကို ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ) ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် သင်တန်းစခန်း ၁၅ ခုတွင် စုစုပေါင်းသင်တန်းသား ၈၀၄ ဦးဖြင့် ဖွင့်လှစ်သင်ကြားလျက်ရှိရာ မိတ္ထီလာမြို့ရှိ မြန်မာပြည်မြောက်ပိုင်း သင်တန်းစခန်းမှ သင်တန်းသား ၅၀၊ မိတ္ထီလာသင်တန်းစခန်းမှ သင်တန်းသား ၄၈ ဦး၊ ရန်ကုန်မြို့ရှိ ရန်ကုန်သင်တန်းစခန်းမှ သင်တန်းသား ၆၅ ဦး၊ တောင်ကြီးမြို့ရှိ တောင်ကြီးသင်တန်းစခန်းမှ သင်တန်းသား ၅၇ ဦး၊ မကွေးမြို့ရှိ မကွေးသင်တန်းစခန်းမှ သင်တန်းသား ၅၃ ဦး၊ ကျိုင်းတုံမြို့ရှိ ကျိုင်းတုံသင်တန်း စခန်းမှ သင်တန်းသား ၅၂ ဦးနှင့် မော်ဘီမြို့ရှိ မြန်မာပြည်တောင်ပိုင်း သင်တန်းစခန်းမှ သင်တန်းသား ၆၁ ဦးအား အခြေခံစစ်ရေးပြဘာသာရပ်၊ လေကြောင်းပညာသမိုင်းဘာသာရပ်၊ လေယာဉ်ပျံသန်းမှု အခြေခံသဘောတရားဘာသာရပ်၊ လေကြောင်းဆိုင်ရာအခြေခံဗဟုသုတများ ဘာသာရပ်၊ Airfield Procedure ဘာသာရပ်၊ လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းနှင့် ဓာတိသွေးဓာတိမာန်ဘာသာရပ်၊RC လေယာဉ်/ ရဟတ်ယာဉ်မောင်းနှင်ခြင်း ဘာသာရပ်၊ RC Simulator နှင့် Flight Simulator မောင်းနှင်ခြင်း ဘာသာရပ်များကို လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး ကျန်သင်တန်း စခန်းအသီးသီးတွင်လည်း ဆက်လက်လေ့ကျင့်သင်ကြား ပို့ချပေးလျက်ရှိသည်။

ထို့ပြင် တပ်မတော်(လေ)၏ နေ့စဉ်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းဆောင်တာများကို သိရှိနားလည်စေရန်အတွက် လေတပ်စခန်းဌာနချုပ်များနှင့် လေတပ်စခန်းများရှိ ပျံသန်းရေးအုပ်များ၊ ပြုပြင်ထိန်းသိမ်းရေးအလုပ်ရုံများသို့ သွားရောက်၍ လက်တွေ့ကွင်းဆင်း လေ့လာခြင်းများလည်း ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ရေကြောင်းလူငယ်အခြေခံသင်တန်းမှ သင်တန်းသား သင်တန်းသူများအား လှေလှော်ခြင်းနှင့် ရွက်တိုက်ခြင်းဘာသာရပ်ကို သက်ဆိုင်ရာတာဝန်ရှိသူနည်းပြများက လေ့ကျင့်သင်ကြားပေးစဉ်။



အခြေခံလေကြောင်းလူငယ်သင်တန်းမှ သင်တန်းသား သင်တန်းသူများ လေတပ်စခန်းများရှိ လေယာဉ်များကို လက်တွေ့လေ့လာကြစဉ်။



အခြေခံလေကြောင်းလူငယ်သင်တန်းမှ သင်တန်းသားများ လေတပ်စခန်းများရှိ လေကြောင်းဆိုင်ရာ အခြေခံဗဟုသုတများ လက်တွေ့လေ့လာကြစဉ်။

## ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၆**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး၊ ပြည်နယ်ခြောက်ခုတို့တွင် မေ ၆ ရက်အထိ သေဆုံးသူ ၃၇၈၉ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၆ ဦးနှင့် ပျောက်ဆုံးသူ ၈၈ ဦးရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၇၉၄ ဦး ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းစေတနာရှင် အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင် အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ မေ ၅ ရက် ညနေ ၅ နာရီမှ မေ ၆ ရက် ညနေ ၅ နာရီအတွင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဘရာဇီးနိုင်ငံက ထောက်ပံ့သည့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ အာဟာရပြည့် အစားအစာခြောက်များ၊ ရေသန့်စက်များ စုစုပေါင်း ၅ ဒသမ ၈၂ တန်၊ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးမှတစ်ဆင့် ဗီယက်နမ်နိုင်ငံမှ Mrs. Grand International 2022 ဦးဆောင်သော ပရဟိတအဖွဲ့က ထောက်ပံ့သည့် ငါးသေတ္တာ၊ နွားနို့ ခြင်ထောင်များ စုစုပေါင်း ၀ ဒသမ ၅ တန်နှင့် ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးမှတစ်ဆင့် ဟန္တိုင်းမြို့ရှိ ဗင်နီဓွဲလား ဘိုလီဗာရီယန်သမ္မတနိုင်ငံသံရုံးက ထောက်ပံ့သည့် ဆားဖျော်ရည်၊ ခေါက်ဆွဲခြောက်၊ ဆေးဝါးစသည့် ကတ်ထူပုံး ၀ ဒသမ ၂၆ တန် ရောက်ရှိခဲ့သည်။ အလားတူ မြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း (MIP) သို့လည်း ဗီယက်နမ်နိုင်ငံက ထောက်ပံ့သော နွားနို့ ၁၄ တန် ရောက်ရှိခဲ့ပြီး အဆိုပါထောက်ပံ့ရေးပစ္စည်းများကိုလည်း ဘေးသင့်ပြည်သူများ လက်ဝယ်အရောက် အမြန်ဆုံး ခွဲဝေထောက်ပံ့လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

**ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန်ဖော်ပြပေးထားသော Websiteနှင့် Webportal စာရင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm
၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm
၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm
၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm
၅။ Myawady Webportal
https://myawady.net.mm
၆။ Myanmar National Portal
https://myanmar.gov.mm

# ပဲခူးမြို့၌ ကင်းထောက်လူငယ်သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ

**ပဲခူး မေ ၆**

၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကင်းထောက် လူငယ်သင်တန်း ဖွင့်ပွဲအခမ်းအနားကို ပဲခူးမြို့ မြို့တော်ခန်းမ၌ ယနေ့နံနက်ပိုင်း က ကျင်းပသည်။

ဦးစွာ သင်တန်းတက်ရောက်မည့် ကင်းထောက်ကျောင်းသား လူငယ် မောင်မယ်များက "ကင်းထောက်ဂုဏ်ရည်" သီချင်းဖြင့် သီဆိုဖျော်ဖြေတင်ဆက်ခဲ့ကြသည်။



ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ကမ္ဘာပေါ်တွင် ၁၉၀၈ ခုနှစ်မှ စတင်၍ ကင်းထောက်အဖွဲ့အစည်းအား စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့ရာ ယခုအခါ လူငယ် ၅၇ သန်းကျော်သော ကင်းထောက်အဖွဲ့အစည်းများမှာ ကမ္ဘာ့ပညာရေး၏ ရှေ့ဆောင်လမ်းပြအနေဖြင့် နိုင်ငံပေါင်း၂၀၀ ကျော်တွင် လူငယ်လှုပ်ရှားမှုများကို ဆောင်ရွက်လျက်ရှိပြီး ပဲခူးတိုင်းဒေသကြီး အတွင်းမှာ ယခုသင်တန်းပြီးပါက ကင်းထောက်မောင်မယ် ၃၆၀ ပေါ်ထွက်လာမည် ဖြစ်ကြောင်း၊ ကင်းထောက် သင်တန်းများမှ အမိမြေကိုချစ်သည့်စိတ်၊ ကျေးဇူးသစ္စာကို စောင့်သိသည့်စိတ်၊ မိမိပါဝင်သည့် အဖွဲ့အစည်းပေါ် သစ္စာစောင့်သိသည့်စိတ်၊ ပူးပေါင်းဆောင်ရွက်လိုသည့်စိတ်၊ အခက်အခဲကို ရင်ဆိုင်ဖြေရှင်းသည့် အလေ့အကျင့်၊ သူတစ်ပါးကို ဖေးမကူညီလိုသည့်စိတ်၊ စိတ်ကောင်းစိတ်မြတ်များကို သင်တန်းသားသင်တန်းသူများ၏ စိတ်တွင် သံမှိုစွဲသလို ခိုင်မာကြလျက် လောကကောင်းကျိုး၊ နိုင်ငံအကျိုး၊ အများအကျိုးတို့ကို စွမ်းစွမ်းတမံဆောင်ရွက်သွားနိုင်ကြမည့် နိုင်ငံတော်က အားထားရသော လူကောင်းလူတော်များဖြစ်လာကြမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပဲခူးမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "ကင်းထောက်များရဲ့ရှေ့သို့ခြေလှမ်း" သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီးတို့က သီဆိုဖျော်ဖြေ တင်ဆက်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ ကင်းထောက်သင်တန်းသည် တိုင်းပြည်အပေါ် သစ္စာရှိရန်၊ တိုင်းပြည်က အားထားရသည့် လူငယ်များ ဖြစ်လာစေရန်၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်တတ်စေရန်၊ မိမိကိုယ်ကို ယုံကြည်သည့် စိတ်ဓာတ်ခိုင်မာသူများ ဖြစ်လာစေရန် ရည်ရွယ်၍ ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်းအတွက် ပဲခူးမြို့တွင် ၆၀၊ ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်းအတွက် ပြည်မြို့တွင် ၆၀ စုစုပေါင်း ၁၂၀ အား မေ ၆ ရက်မှ ၁၇ ရက်အထိ ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မန္တလေးငလျင်ဘေးသင့် ဝန်ထမ်းများအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော် မေ ၆**

မန္တလေးငလျင်ဘေးသင့် ဝန်ထမ်းများအတွက် လိုအပ်သည့် ထောက်ပံ့မှုများနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်နိုင်ရန် ရန်ကုန်ခါနန်တရုတ်နှစ်ခြင်းအသင်းတော်က ငွေကျပ်သိန်း ၅၀၊ ဆန်နှစ်ပြည်အိတ် ၅၀ နှင့် မြန်မာနိုင်ငံခရစ်ယာန်ဂိုဏ်းပေါင်းစုံ ငြိမ်းချမ်းရေးအထောက်အကူပြု ဗဟိုကော်မတီက ငွေကျပ် ၁၀ သိန်းတို့ကို ယနေ့မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဗဟိုဌာန DMC ရုံး၌ ပေးအပ်လှူဒါန်းသည်။

အဆိုပါ လှူဒါန်းငွေများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးကြည်က လက်ခံယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




# မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများထုတ်ချေး

**တွံတေး မေ ၆**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျောင်းစုကျေးရွာ၌ မိသားစုဝင်ငွေတိုးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ရန် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများကို ယနေ့နံနက်ပိုင်းက ကွင်းဆင်းထုတ်ချေးပေးခဲ့ပြီး စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကျောင်းစုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း ၁၄၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ် သိန်း ၄၅၀ ကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်**



မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။

# နေပြည်တော်၊ စစ်ကိုင်းနှင့် မန္တလေးမြို့များအတွင်း ဝန်ထမ်းအိမ်ရာများသို့ ဈေးကားများဖြင့် ကုန်မျိုးစုံများနှင့် ဟင်းသီးဟင်းရွက်များ လှည့်လည်ရောင်းချ

**နေပြည်တော် မေ ၆**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်း အဖွဲ့ချုပ်တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါး၊ ငါးပိ၊ အမဲသား၊ ဆိတ်သား၊ ကြက်သား၊ ဝက်သား၊ ကြက်ဥ၊ ဘဲဥစသည့် ကုန်မျိုးစုံများနှင့် ဟင်းသီးဟင်းရွက်များကို နေပြည်တော်၊ စစ်ကိုင်းနှင့် မန္တလေးမြို့များအတွင်း ငလျင်ဒဏ်သင့် ဝန်ထမ်းအိမ်ရာများသို့ ၂၀၂၅ ခုနှစ် မတ် ၃၀ ရက်မှစ၍ အိမ်တိုင်ရာရောက် သွားရောက်ကာ သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိပြီး မေ ၆ ရက်တွင် ၃၇ ရက်မြောက်အဖြစ် ဈေးကား ကိုးစီးဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

၂၀၂၅ ခုနှစ် မတ် ၃၀ ရက်မှ မေ ၆ ရက်အထိ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ နေပြည်တော် ဘူတာကြီး စက်ခေါင်းအလုပ်ရုံ ဌာနဝန်ထမ်းအိမ်ရာ၊ သူနာပြုသင်တန်းကျောင်း၊ ဥတ္တရသီရိ ဆေးရုံဝန်ထမ်း အိမ်ရာများ၊ ပိတောက်အိမ်ရာ၊ ကံ့ကော်အိမ်ရာ၊ ဓနသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဗလသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဉာဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ သုခသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ပညာရေးဝန်ထမ်းအိမ်ရာ၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ဇေယျာသီရိခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဥတ္တရသီရိခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ နေပြည်တော်ခုတင် (၃၀၀) ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး၊ ပုဗ္ဗသီရိခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် စုပေါင်းရုံးများ၊ အမှတ်-၂ တပ်မတော်စစ်ဆေးရုံ (ခုတင်-၁၀၀၀)၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လယ်ဝေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒက္ခိဏသီရိခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ဇမ္ဗူသီရိဆေးရုံ၊ စည်ပင်ဌေးရိပ်သာ (၁၊ ၂) တို့ရှိ ဝန်ထမ်းများနှင့် ပြည်သူများအား ဆန်ခြောက်ပြည်ပါ (မနောသုခ- Export Quality) ၁၀၄၂၁ အိတ်၊ ဆန်ငါးပြည်ပါ (ဖျာပုံပေါ်ဆန်း) ၂၄၄၃ အိတ်၊ ဆီပိဿာ ၃၉၈၉၀၊ ဆား ၁၅၅၄ ပိဿာ၊ ကုလားပဲ ၂၀ ကျပ်သားပါအိတ် ၅၇၇၉ ထုပ်၊ ငါးပိ ၃၁၇ ပိဿာ၊ အမဲသား ၃၂၅ ပိဿာ၊ ဆိတ်သားပိဿာ ၁၀၀၊ ကြက်သား (အမွေးနှုတ်ပြီး)အကောင် ၄၅၀၊ ဝက်သား ပိဿာ ၁၂၀၊ ကြက်ဥအလုံး ၁၈၇၄၀၊ ဘဲဥ ၇၂၆၅ လုံး၊ ငုံးဥအလုံး၂၀၀၀၊ ငါးတံခွန်ခြောက်များ၊ ငါးပုတ်သင်ခြောက်များ၊ ငါးနီတူခြောက်များ၊ အာပဲ့ခြောက်များ၊ ငါးကြင်းပိဿာ ၉၀၊ ငါးတန်ပိဿာ ၉၀၊ ငါးမုတ်ပိဿာ ၇၀၊ ငါးမြစ်ချင်းပိဿာ ၁၀၀၊ ခေါက်ဆွဲခြောက်ထုပ်များနှင့် ခရမ်းချဉ်သီး၊ အာလူး၊ ဂေါ်ဖီထုပ်၊ ပန်းဂေါ်ဖီ၊ ချင်း၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ရွှေဖရုံသီး၊ ကျောက်ဖရုံသီး၊ ခရမ်းသီးနှင့် မုန်ညင်းဖြူစသည့် ဟင်းသီးဟင်းရွက်များကိုလည်း ရောင်းချပေးခဲ့ကြောင်းနှင့် နေ့စဉ်ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ထို့အတူ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်း၍ MSME ထုတ်ကုန်များ၊ လူသုံးကုန်များ၊ စားသောက်ကုန်များနှင့် မီးဖိုချောင်သုံးပစ္စည်းများ စသည့်ကုန်ပစ္စည်း ၁၀၇ မျိုးတို့ကို နေပြည်တော်အတွင်း ငလျင်ဒဏ်သင့်ဝန်ထမ်းနှင့် ပြည်သူများသို့ ဈေးကားကြီး (အရောင်းယာဉ်) ဖြင့် မေ ၅ ရက်မှစ၍ သက်သာသော ဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိသည်။



အလားတူ စစ်ကိုင်းမြို့တွင် ဈေးကားလေးစီးဖြင့် ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ပါ (ရွှေဝါထွန်း) ၃၂၁ အိတ်၊ စားအုန်းဆီ ၅၀၀၃ ပိဿာ၊ ဆား ၈၅ ပိဿာ၊ ကုလားပဲ ၂၀ ကျပ်သားပါ ၄၁၈ ဘူး၊ ငါးပိ ၂၈ ပိဿာ၊ ကြက်သွန်နီ ၅၈၈ ပိဿာ၊ အသားတု ၃၁ ပိဿာ၊ ကြက်ဥ၊ ဘဲဥများ၊ ငါးနီတူခြောက်များ၊ ပုစွန်ခြောက်များကို သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ပြီး မန္တလေးမြို့တွင် ဈေးကားလေးစီးဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ပါ (မနောသုခ) ၆၇၈ အိတ်၊ စားအုန်းဆီ ပိဿာ ၆၈၂၀၀၊ ဆား ၅၈ ပိဿာ၊ ကုလားပဲ ၂၅ ကျပ်သားပါ ၉၆ ထုပ်၊ ငါးပိ ၂၃ ပိဿာ၊ ငါးနီတူခြောက်၊ အာပဲ့ခြောက်၊ ကြက်ဥ၊ ဘဲဥများ၊ ခေါက်ဆွဲခြောက်ထုပ်များကို ရောင်းချပေးခဲ့ပြီး နေ့စဉ် ဆက်လက်ရောင်းချပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

## အပျက်အစီးများ ဖယ်ရှားရှင်းလင်းစဉ် တွေ့ရှိရသော ငွေကျပ်သိန်း ၈၃၀ နှင့် ရွှေ ၁၀ ကျပ်သား တုံး ၁၀ တုံး၊ တန်ဖိုးရှိ လက်ဝတ်ရတနာများနှင့် ဘဏ်စာအုပ် ကိုးအုပ်တို့အား ပိုင်ရှင်ထံသို့ စနစ်တကျ လွှဲပြောင်းပေးအပ်

**နေပြည်တော် မေ ၆**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း/အဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ ရန်နိုင်ရပ်ကွက်ရှိ ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက်စောင့်ရှောက်ရေးစခန်း၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် အိမ်ထောင်စုတစ်စုလျှင် စောင်၊ ခြင်ထောင်၊ တီရှပ်၊ ပုဆိုး၊ လုံချည်၊ ဒန်အိုး၊ ဇလုံ၊ ပန်းကန်ပြား၊ သောက်ရေခွက်၊ ဇွန်း၊ ဆပ်ပြာ၊ ရေဖလား၊ မိုးကာ၊ ဓား၊ မျက်နှာသစ်တဘက်နှင့်ကော်ပုံး စုစုပေါင်း ၁၆ မျိုးတို့ကို ထောက်ပံ့ပေးဝေနေမှုများအား ကြည့်ရှုအားပေးပြီး ကျန်းမာရေးဆိုင်ရာကိစ္စရပ်များနှင့် စည်းကမ်းစနစ်တကျရှိစေရေးတို့အတွက် စခန်းရှိတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် နန်းဦးရပ်ကွက်ရှိ မရှိခဏစေတီနှင့် တကောင်းရပ်ကွက်ရှိသစ္စာစေတီတို့တွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော သာသနိကအဆောက်အအုံများအား ရှင်းလင်းဖယ်ရှားနေမှုအခြေအနေများကို သွားရောက်ကြည့်ရှုအားပေးသည်။

### ရှင်းလင်းဖယ်ရှားနေမှုကြည့်ရှုအားပေး

မွန်းလွဲပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ ပါရမီရပ်ကွက်ရှိ နှစ်(၇၀၀)ပြည့်အားကစားကွင်းရှိ ငလျင်ဒဏ်သင့်ပြည်သူများအတွက် စောင့်ရှောက်ရေးစခန်း၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက အိမ်ထောင်စုတစ်စုလျှင် စောင်၊ ခြင်ထောင်၊ တီရှပ်၊ ပုဆိုး၊ လုံချည်၊ ဒန်အိုး၊ ဇလုံ၊ ဇွန်း၊ ဆပ်ပြာ၊ ရေဖလား၊ မိုးကာ၊ ဓား၊ မျက်နှာသစ်တဘက်နှင့် ကော်ပုံး စုစုပေါင်း ၁၄ မျိုးတို့ ထောက်ပံ့ပေးဝေနေမှုများကို ကြည့်ရှု၍ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များနှင့် စည်းကမ်းစနစ်တကျရှိစေရေးတို့အတွက် စခန်းရှိတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ယင်းနောက် စီတီးရပ်ကွက်ရှိ ရာဇာမဏိစူဠာကောင်းမှုတော်စေတီတို့၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော သာသနိကအဆောက်အအုံများအား ရှင်းလင်းဖယ်ရှားနေမှုအခြေအနေများကို သွားရောက်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ရွာထောင်ရပ်ကွက်ရှိ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော ကျောင်းဆောင်များ၊ အုတ်တံတိုင်းနံရံများ၊ စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီနှင့် ဥမင်သုံးဆယ်စေတီတို့၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော သာသနိကအဆောက်အအုံများအား ရှင်းလင်းဖယ်ရှားနေမှုအခြေအနေများကိုလည်းကောင်း၊ စစ်ကိုင်းမြို့ ပါရမီရပ်ကွက်၊ ပန်းပဲတန်းရပ်ကွက်နှင့် ပိုးတန်းရပ်ကွက်တို့ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသော လူနေအဆောက်အအုံများကို စက်ယန္တရားကြီးများဖြင့် ရှင်းလင်းဖယ်ရှားနေမှုများကိုလည်းကောင်း သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသော လူနေအဆောက်အအုံများ ရှင်းလင်းဖယ်ရှားနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်သည် တာဝန်ရှိသူများနှင့်အတူ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၇၃ လမ်း၊ ၃၄ လမ်းနှင့် ၃၅ လမ်းပေါ်ရှိ ငလျင်ဒဏ်သင့်၍ ထိခိုက်ပျက်စီးခဲ့သော အန္တရာယ်ရှိအဆောက်အအုံများ၊ ၃၅ လမ်း၊ ၇၃လမ်း နှင့် ၇၄ လမ်းပေါ်ရှိ ငလျင်ဒဏ်သင့် အန္တရာယ်ရှိအဆောက်အအုံများ၊ ၂၉ လမ်းနှင့် ၈၄ လမ်းထောင့်ရှိ ငလျင်ဒဏ်သင့်အန္တရာယ်ရှိ အဆောက်အအုံများအား စက်ယန္တရားကြီးများဖြင့် ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေး၍တာဝန်ရှိသူများအား လုပ်ငန်းခွင်အန္တရာယ်မရှိစေရေး ဦးစားပေးဆောင်ရွက်သွားရန်၊ ဖယ်ရှားရှင်းလင်းနေသည့် အဆောက်အအုံဝန်းကျင်ရှိ ကျန်အဆောက်အအုံများအား ထိခိုက်မှုမရှိစေရေး အလေးထားဆောင်ရွက်သွားရန်၊ အများပြည်သူများ နေ့စဉ် သွားလာနေသည့် လမ်းများဖြစ်သည့်အတွက် ယာဉ်ကြောပိတ်ဆို့မှုမဖြစ်စေရေး စနစ်တကျပြုလုပ်ဆောင်ရွက်သွားရန် မှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

### ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ ၃၄ လမ်းမကြီးတစ်လျှောက်နှင့် ၇၃ လမ်းမကြီးတစ်လျှောက်ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သောအန္တရာယ်ရှိ အဆောက်အအုံများအား စက်ယန္တရားကြီးများဖြင့် ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ဖယ်ရှားရှင်းလင်းပြီး အဆောက်အအုံနေရာများအား စနစ်တကျ ထိန်းသိမ်းထားရှိမှု အခြေအနေများကိုလည်းကောင်း သွားရောက်ကြည့်ရှု၍ အများပြည်သူများ အသုံးပြုမှုများသော အဓိကလမ်းမကြီးများပေါ်ရှိ အန္တရာယ်ရှိ အဆောက်အအုံအပျက်အစီးများအား ဦးစားပေး၍ အမြန်ဆုံးဖယ်ရှားရှင်းလင်းနိုင်ရေး ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်သွားရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ မဟာအောင်မြေမြို့နယ် ပြည်ကြီးမျက်ရှင်ကားဝင်းအတွင်းရှိ ငလျင်ဒဏ်သင့်ကားဂိတ် အဆောက်အအုံများအား အပြီးသတ်ဖယ်ရှား ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို သွားရောက်ကြည့်ရှုအားပေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် အောင်မြေသာစံမြို့နယ်ရှိ Sky Villa နေရာသို့ ရောက်ရှိကာ အပျက်အစီးများ ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းများအား ကြည့်ရှုအားပေးပြီး အပျက်အစီးများ ဖယ်ရှားရှင်းလင်းစဉ် တွေ့ရှိရသော ငွေကျပ်သိန်း ၈၃၀ နှင့် ရွှေ ၁၀ ကျပ်သား တုံး ၁၀ တုံး၊ တန်ဖိုးရှိ လက်ဝတ်ရတနာများနှင့် ဘဏ်စာအုပ် ကိုးအုပ်တို့အား ပိုင်ရှင်ထံသို့ စနစ်တကျ လွှဲပြောင်းပေးအပ်နေမှုတို့ကို ကြည့်ရှုကြပ်မတ်ဆောင်ရွက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်သည် တာဝန်ရှိသူများနှင့်အတူ မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ ကုသိုလ်တော်ဘုရားကြီးဝင်းအတွင်း ဖွင့်လှစ်ထားသော ငလျင်ဘေးသင့်ပြည်သူများ ယာယီကယ်ဆယ်ရေးစခန်းသို့သွားရောက်၍ ငလျင်ဒဏ်သင့်ပြည်သူများနှင့် တွေ့ဆုံအားပေးစကား ပြောကြားကာ ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းပြီး သောက်ရေသုံးရေဖူလုံစွာရရှိရေး စနစ်တကျစီစဉ်ဆောင်ရွက်ပေးရန်၊ စည်းကမ်းတကျနေထိုင်နိုင်စေရေး၊ အမှိုက်များ စွန့်ပစ်ကန်ဖြင့် စနစ်တကျ စွန့်ပစ်နိုင်စေရေး၊ သန့်စင်ခန်းများအား လူဦးရေအချိုးအစားအလိုက် တည်ဆောက်ပေးပြီး ယင်လုံအောင် စနစ်တကျ ဆောင်ရွက်စေရေး၊ ယာယီနေထိုင်သူများကိုစနစ်တကျ မှတ်တမ်းပြုစုထားရှိစေရေးတို့ကို မှာကြားသည်။ ထို့ပြင် အဆိုပါ ယာယီကယ်ဆယ်ရေးစခန်းရှိ ငလျင်ဒဏ်သင့်ပြည်သူများအား မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုတို့ကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် အမရပူရမြို့နယ်ရှိ ရွှေအိုးရကျောင်းတိုက်နှင့် မဟာဂန္ဓာရုံကျောင်းတိုက်သို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးခဲ့သည့် အပျက်အစီးများအား ရှင်းလင်းဖယ်ရှားနေမှုများ၊ ဖယ်ရှားရှင်းလင်းဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ဘုရားစေတီပုထိုးများတွင် ရေးမူမပျက် ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုအားပေးပြီး လုပ်ငန်းဆောင်ရွက်နေသည့်အဖွဲ့များအား စားသောက်ဖွယ်ရာများပေးအပ်ကာ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် တာဝန်ရှိသူများအား မှာကြား၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင် မန္တလေးမြို့ ကုသိုလ်တော်ဘုရားကြီးဝင်းအတွင်း ဖွင့်လှစ်ထားသော ငလျင်ဘေးသင့်ပြည်သူများ ယာယီကယ်ဆယ်ရေးစခန်း၌ ငလျင်ဒဏ်သင့်ပြည်သူများအားတွေ့ဆုံကာ အားပေးစကားပြောကြားပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။

### ငလျင်ဒဏ်သင့်ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြား

ဆက်လက်၍ အမရပူရမြို့နယ်ရှိငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သာလေစွအခြေခံပညာအလယ်တန်းကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) (ကုက္ကိုရွာ)၊ ကြည့်မြင်တိုင်အခြေခံပညာအထက်တန်းကျောင်းခွဲနှင့် မြစ်ငယ်အခြေခံပညာအထက်တန်းကျောင်းများသို့ သွားရောက်၍ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုများနှင့် စာသင်ကျောင်းများတွင် ၂၀၂၅–၂၀၂၆ ပညာသင်နှစ်အတွက် ကျောင်းသူ ကျောင်းသားများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် ပြင်ဆင်ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေးသည်။ ထို့နောက် ကြည့်မြင်တိုင် အခြေခံပညာအထက်တန်းကျောင်းခွဲအတွင်း ဖွင့်လှစ်ထားသော ငလျင်ဘေးသင့်ပြည်သူများ ယာယီကယ်ဆယ်ရေးစခန်းသို့ သွားရောက်၍ *စာမျက်နှာ ၁၃ သို့*

*စာမျက်နှာ ၁၂ မှ*

လျှော့ချရေးဒဏ်သင့်ပြည်သူများနှင့် တွေ့ဆုံအားပေး စကားပြောကြားပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းကာ စာသင်ကျောင်းများရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော အဆောက်အအုံများအား ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်နိုင်ရေးတို့အတွက် တာဝန်ရှိသူများအား မှာကြား၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်နှင့် တာဝန်ရှိသူများသည် ကျောက်ဆည်မြို့ မင်းရပ် ရပ်ကွက်ရှိ ဆင်ဖြူတော်ဝပ်ကျောင်း၌ စုကြီးရပ်ကွက်အန္တရာယ်ရှိနယ်မြေမှ ပြောင်းရွှေ့သီတင်းသုံးနေတော်မူနေသော သံဃာတော်များအား ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး အများပြည်သူအန္တရာယ်ကင်းရှင်းရေးအတွက် နိုင်ငံတော်အဆင့် ပြင်ဆင်မွမ်းမံနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း လျှောက်ထားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ကျောက်ဆည်မြို့ ဆူးကုန်းရပ်ကွက် ရေနားကျောင်းတိုက်ရှိ ဖြိုဖျက်ပြီးအဆောက်အအုံများအား တပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများ စုပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ၎င်းနောက် ကျောက်ဆည်မြို့ မင်းရပ် ရပ်ကွက်ရှိ စိုက်ပျိုးရေးသုတေသနခြံ၌ ကျောက်ဆည်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ငလျင်ဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်နေမှုအခြေအနေများ သွားရောက်ကြည့်ရှုပြီး ငလျင်ဒဏ်သင့်ပြည်သူများကို အားပေးစကားပြောကြားကာ အဆောက်အအုံများ ပြန်လည်တည်ဆောက်ရာတွင် နားလည်တတ်ကျွမ်းသူများနှင့် တိုင်ပင်၍ ငလျင်ဒဏ်အင်အား ရစ်(ခ်)တာစကေး ၈ အဆင့်အထိ ခံနိုင်သည့် အဆောက်အအုံများ တည်ဆောက်သွားရန် လိုအပ်ကြောင်း၊ အဆောက်အအုံများ တည်ဆောက်ရာတွင် လိုအပ်သော ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများအား ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စက်ရုံထုတ် အထူးဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိကြောင်း၊ သီးခြားလိုအပ်ချက်များ၊ အခက်အခဲများကိုလည်း ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနများသို့ သတင်းပို့တင်ပြသွားနိုင်ကြောင်း မှာကြားခဲ့ပြီး တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ကျောက်ဆည်ခရိုင်အတွင်းရှိ ငလျင်ဘေးသင့် ပြည်သူများအတွက် ပျက်စီးသွားသော အဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရာတွင် လိုအပ်လျက်ရှိသော ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများအား စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် ပြည်သူများလက်ဝယ်သို့ တိုက်ရိုက် ဆက်လက်ရောင်းချပေးနေမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး မြို့မိမြို့ဖများ၏ တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ စဉ့်ကိုင်မြို့နယ်ရှိ Royal-D အားဖြည့်အချိုရည်စက်ရုံသို့ သွားရောက်၍ လုပ်ငန်းများ ပြန်လည်လည်ပတ်နေမှုအခြေအနေများနှင့် ရေဆိုးစနစ် စွန့်ပစ်ထားရှိမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး ထိန်းသိမ်းဆောင်ရွက်သွားရန်မှာကြားခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် စဉ့်ကိုင်မြို့နယ်ရှိ KT အစာတောင့်စက်ရုံနှင့် ဗီဂါပလတ်စတစ်စက်ရုံများသို့ သွားရောက်၍ ငလျင်လှုပ်ခတ်မှုကြောင့် လျှပ်စစ်ဓာတ်အားလိုင်းများ ပြတ်တောက်ခြင်း၊ အဆောက်အအုံများပျက်စီးခြင်း၊ စက်ပစ္စည်းများချွတ်ယွင်းခြင်းတို့ ဖြစ်ပေါ်ခဲ့၍ လုပ်ငန်းများရပ်တန့်ခဲ့ရာမှ ပြုပြင်ပြီးစီး၍ လုပ်ငန်းများပြန်လည်လည်ပတ်နေမှုအခြေအနေများအား သွားရောက်စစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်




**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၁၂၈ ဦးအား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး တရုတ်နိုင်ငံသား ၁၄ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

**နေပြည်တော် မေ ၆**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင်ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့ - ရွှေကုက္ကိုလ် (KK Park)၊ မယ်ထော်သလေးနှင့် ကျောက်ခတ် နယ်မြေများတွင် အွန်လိုင်း လောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ အပါအဝင် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် တရုတ်(တိုင်ပေ)နိုင်ငံသား ၅၅ ဦး၊ အီသီယိုးပီးယားနိုင်ငံသား ၄၁ ဦး၊ သီရိလင်္ကာနိုင်ငံသား ၁၅ ဦး၊ နီပေါနိုင်ငံသား ၁၂ ဦးနှင့် ဆီရာလီယွန်နိုင်ငံသား ၅ ဦး စုစုပေါင်း ၁၂၈ ဦးတို့အား ယနေ့တွင် မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အညီ ပြည်နှင် လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၁၄ ဦးကို ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်နှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့် တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။



ဆက်လက်၍ ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပရာ ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံသံရုံးမှ Ambassador Ms. E.A.S Wijayanthi Edirisinghe နှင့် တာဝန်ရှိသူများ၊ တရုတ်နိုင်ငံဆိုင်ရာ ဆီရာလီယွန်သမ္မတနိုင်ငံသံရုံးမှ Deputy Ambassador Mr.Saffa-Woya Rogers နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံရုံးမှ First Secretary Mr. Kumar Bikram Regmi နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ အီသီယိုးပီးယား ဖယ်ဒရယ်ဒီမိုကရက်တစ် သမ္မတနိုင်ငံသံရုံးမှ Second Secretary Mr. Wend-wosen Melkamu နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံအခြေစိုက် Taipei Economic & Cultural Office in Thailand မှ Deputy Director Mr. Asad Cheng နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာ နိုင်ငံများမှ တာဝန်ရှိသူထံသို့ ပြည်နှင် လွှဲပြောင်းလက်ခံရေး ဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

ထို့အတူ မြဝတီမြို့ ရွှေကုက္ကိုလ် (KK Park)နယ်မြေသို့ တရားမဝင် လမ်းကြောင်းများမှ တစ်ဆင့် ဝင်ရောက်နေကြသည့် တရုတ်နိုင်ငံသား ၁၄ ဦးကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မေ ၆ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၀၅၉ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၇၇၁၃ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၃၄၆ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းအသုံးပြု လိမ်လည်မှု (Online Scam)နှင့် အွန်လိုင်းလောင်းကစားမှု (Online Gam-bling) လုပ်ဆောင်နေသူများ၊ ပါဝင်ပတ်သက်သူများအားလုံးကို ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်လျက်ရှိပြီး အိမ်နီးချင်းနိုင်ငံများ အပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများ၊ အထူးသဖြင့် မြန်မာ-တရုတ်-ထိုင်း သုံးနိုင်ငံအကြား သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုပုံစံ(Trilateral Coo-peration)တို့ဖြင့် စဉ်ဆက်မပြတ် တက်ကြွစွာ ဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိသည့် အပြင် အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လာအိုနိုင်ငံ၌ ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် ကျွမ်းကျင်သော ဧည့်လမ်းညွှန်များ မွေးထုတ်ပေးနိုင်ရေး လုပ်ဆောင်နေ

**ဗီယင်ကျန်း မေ ၆**

လာအိုနိုင်ငံသည် အရည်အသွေးမြင့်မားသော ဝန်ဆောင်မှုပေးရန်၊ လာရောက်လည်ပတ်သူများ၏ လိုအပ်ချက်များကိုပြည့်ဝစေရန်၊ နောက်တစ်ကြိမ် လာရောက်လည်ပတ်အောင် ဆွဲဆောင်ရန်ရည်ရွယ်ကာ ခရီးသွားလုပ်ငန်း၏ တိုးမြင့်လာသည့် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ကျွမ်းကျင်မှုရှိပြီး အရည်အချင်းပြည့်ဝသည့် ခရီးသွားလမ်းညွှန်များကို မွေးထုတ်ပေးနိုင်ရန် လေ့ကျင့်ရေးအစီအစဉ်များကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

အမျိုးသားခရီးသွား ဧည့်လမ်းညွှန်သင်တန်းကို မေ ၅ ရက်မှ ဇူလိုင် ၂၂ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းသား ၉၀ ကျော်မှာ စာသင်ခန်းအတွင်း သင်ကြားမှုများအပြင် ကွင်းဆင်းလေ့ကျင့်သင်ကြားမှုနှစ်မျိုးစလုံးကို လေ့လာသင်ယူရမည်ဖြစ်ကြောင်း သိရသည်။ သင်တန်းသားများကို စောင့်ကြည့်လေ့လာရေးအဖွဲ့က သတ်မှတ်ထားသည့် စံနှုန်းများအပေါ်မူတည်ပြီး အကဲဖြတ်စစ်ဆေးသွားမည်ဟု မေ ၆ ရက်တွင် အစီရင်ခံဖော်ပြထားသော ပါစာဆွန် သတင်းစာ၏ ဖော်ပြချက်တွင် ဖော်ပြသည်။

သင်တန်းပြီးမြောက်သည့်အခါ အောင်မြင်သော သင်တန်းသားများကို အောင်လက်မှတ်ပေးအပ်သွားမည်ဖြစ်ကြောင်း၊ ယင်းနောက် သက်ဆိုင်ရာဌာနက တရားဝင်ခရီးသွားလမ်းညွှန်အဖြစ် လုပ်ကိုင်ခွင့်ရရှိရေးအတွက် ထောက်ခံပေးသွားမည်ဖြစ်သည်။ လာအိုနိုင်ငံတွင် ခရီးသွားလုပ်ငန်းသည် အဓိကကျသည့် စီးပွားရေးမောင်းနှင်အားတစ်ခုဖြစ်သည်။

လာအိုနိုင်ငံသည် ၂၀၂၅ ခုနှစ်တွင် နိုင်ငံတကာခရီးသွား ၄ ဒသမ ၃ သန်း ဝင်ရောက်မှုရှိရေးနှင့် ၎င်းတို့ထံမှ ဝင်ငွေ အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော်ရရှိရေး ရည်မှန်းလုပ်ဆောင်လျက်ရှိသည်။

**ဆင်ဟွာ**





# စစ်ပွဲအဆုံးသတ်ရေး အာမခံချက်မရှိသည့် အပစ်အခတ်ရပ်စဲရေးဆွေးနွေးမှုကို ဟားမားစ်အဖွဲ့ ပယ်ချ

**ဂါဇာ မေ ၆**

ဟားမားစ်အဖွဲ့သည် စစ်ပွဲအဆုံးသတ်ရေး အာမခံချက်မရှိဘဲ အစ္စရေးနှင့် နောက်ထပ် အပစ်အခတ်ရပ်စဲရေး၊ အကျဉ်းသားလဲလှယ်ရေး ဆွေးနွေးမှုများကို လုပ်ဆောင်မည် မဟုတ်ကြောင်း ဟားမားစ် အကြီးတန်းအရာရှိတစ်ဦးက မေ ၆ ရက်တွင် ပြောကြားသည်။

အစ္စရေးသည် ဂါဇာတွင် ယာယီအပစ်အခတ်ရပ်စဲရေးအတွက် အငြင်းပွားဖွယ် အဆိုပြုချက်ကို လက်ခံလာစေရန် အမြင့်ဆုံးဖိအားပေး လုပ်ဆောင်နေကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။ အစ္စရေးသည် အစာရေစာ ပြတ်လပ်အောင် လုပ်ဆောင်မှုကို စစ်လက်နက်အဖြစ်အသုံးပြုကာ ဟားမားစ်ကို လိုက်လျောလာစေရန် ကြိုးပမ်းလုပ်ဆောင်နေသည်ဟု ဟားမားစ် အကြီးတန်းအရာရှိက စွပ်စွဲထားသည်။

အစ္စရေးသည် ဟားမားစ်အဖွဲ့နှင့် ဇန်နဝါရီအပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ပထမအဆင့် သက်တမ်း ကုန်ဆုံးပြီးနောက် ဂါဇာကမ်းမြောင်သို့ ကုန်စည်နှင့် ထောက်ပံ့ပစ္စည်းများ ဝင်ရောက်မှုကို မတ် ၂ ရက်တွင် ရပ်ဆိုင်းခဲ့ကြောင်း သိရသည်။ အထူးသဖြင့် ကလေးငယ်များအကြားတွင် ငတ်မွတ်မှုလက္ခဏာများ မြင့်တက်လာနေသည့်အတွက် ဂါဇာကမ်းမြောင်တွင် လူသားချင်းစာနာထောက်ထားမှု အခြေအနေမှာ ကပ်ဘေးတစ်ခုဖြစ်လာတော့မည် ဖြစ်ကြောင်း ကုလသမဂ္ဂက သတိပေးထားသည်။

ဂါဇာတွင် လက်ရှိလုပ်ဆောင်နေသည့် စစ်ဆင်ရေးကို အရှိန်မြှင့်တင်ရန် ၎င်းအစိုးရအဖွဲ့က အတည်ပြုထားသည့် အစီအစဉ်အရ ဂါဇာကမ်းမြောင်တွင် ပြင်းထန်သည့် ထိုးစစ်ဆင်တိုက်ခိုက်မှုအသစ်ကို စတင်လုပ်ဆောင်တော့မည်ဖြစ်ကြောင်း မေ ၅ ရက်တွင် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟုက ပြောသည်။

၂၀၂၃ ခုနှစ် အောက်တိုဘာလနောက်ပိုင်း အစ္စရေး၏ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် ပါလက်စတိုင်း ၅၂,၀၀၀ ကျော် သေဆုံးပြီးဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

# ဗီယက်နမ်နိုင်ငံ၌ ပထမလေးလအတွင်း ကုန်သွယ်မှုပို့ငွေ ၃ ဒသမ ၇၉ ဘီလီယံရှိ

**ဟန္နိုင်း မေ ၆**

ဗီယက်နမ်နိုင်ငံသည် ယခုနှစ် ပထမလေးလအတွင်း ကုန်သွယ်မှုပို့ငွေ ၃ ဒသမ ၇၉ ဘီလီယံရှိခဲ့ကြောင်း အမျိုးသားစာရင်းအင်းရုံးက မေ ၆ ရက်တွင် ပြောသည်။ အဆိုပါကာလအတွင်း သွင်းကုန်၊ ပို့ကုန် ကုန်သွယ်မှု စုစုပေါင်းပမာဏမှာ အမေရိကန်ဒေါ်လာ ၂၇၆ ဒသမ ၈၉ ဘီလီယံရှိခဲ့ပြီး ယမန်နှစ်ကထက် ၁၅ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်လာကြောင်း သိရသည်။ ပို့ကုန်ပမာဏမှာ ယမန်နှစ် အလားတူကာလကထက် ၁၃ ရာခိုင်နှုန်းမြင့်တက်လာပြီး သွင်းကုန်ပမာဏမှာ ၁၈ ဒသမ ၆ ရာခိုင်နှုန်းမြင့်တက်လာကြောင်း သိရသည်။

**ဆင်ဟွာ**

# အမေရိကန်တွင် ကြယ်လေးပွင့်အဆင့်ရှိ ဗိုလ်ချုပ်အရေအတွက်ကို ၂၀ ရာခိုင်နှုန်းအထိ လျှော့ချမည်

**ဝါရှင်တန် မေ ၆**

တပ်မတော်ခေါင်းဆောင်ပိုင်း ရာထူးများတွင် ကြယ်လေးပွင့်အဆင့် ဗိုလ်ချုပ်အရေအတွက်ကို အနည်းဆုံး ၂၀ ရာခိုင်နှုန်းအထိ လျှော့ချရန် အမေရိကန် ကာကွယ်ရေးဝန်ကြီး ပိစ်ဟက်ဆက်က ပင်တဂွန် စစ်ဌာနချုပ်ကို ညွှန်ကြားလိုက်သည်။

အဆင့်မြင့်အရာရှိများကိုအပြစ်ပေးရန် ရည်ရွယ်ပြီး သုတ်သင်ရှင်းလင်းခြင်းမဟုတ်ကြောင်း မေ ၅ ရက်က လူမှုမီဒီယာပေါ်တွင်တင်ခဲ့သော ဗီဒီယိုတစ်ခုတွင် ဟက်ဆက်က ပြောကြားခဲ့သည်။

အဆင့်မြင့်အရာရှိများကို အထိုက်အလျောက် လျှော့ချခြင်းအားဖြင့် ဗျူဟာမြောက်အဆင်သင့်ဖြစ်မှုနှင့် လုပ်ငန်းဆောင်ရွက်ချက်များကို ပိုမိုထိရောက်စေရန်ရည်ရွယ်ကြောင်း ၎င်းက ပြောသည်။

လက်ရှိ အမေရိကန်တပ်မတော်တွင် ကြယ်လေးပွင့်အဆင့်ရှိ ဗိုလ်ချုပ်သို့မဟုတ် ယင်းနှင့်အဆင့်တူတာဝန်ထမ်းဆောင်နေသူ ၄၄ ဦးရှိကြောင်း မစ္စတာဟက်ဆက်က ပြောသည်။ လျှော့ချမှုများကို ဂရုတစိုက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဖက်ဒရယ်အသုံးစရိတ်လျှော့ချရန် ဒီအိုဂျီအီးဟုခေါ်သည့် အစိုးရစွမ်းဆောင်ရည်ဌာန၏ တွန်းအားပေးမှုများပြားလာသည့်အချိန်တွင် ယခုလိုလုပ်ဆောင်ချက်ထွက်ပေါ်လာခြင်းဖြစ်သည်။ **အင်န်အိတ်ချ်ကေ**

# ဂျာမနီဝန်ကြီးချုပ်ဖြစ်ရန် လိုအပ်သည့်မဲအရေအတွက် မရရှိ

**ဘာလင် မေ ၆**

ဖရစ်ဒရစ်ချ်မာ့ဇ်သည် ဂျာမနီဝန်ကြီးချုပ်ဖြစ်ရန် မေ ၆ ရက် လွှတ်တော်မဲခွဲမှုတွင် လိုအပ်သည့်မဲအရေအတွက်ကို မရရှိခဲ့ကြောင်း အင်န်အိတ်ချ်ကေ သတင်းတွင် ဖော်ပြသည်။ ဂျာမနီသမိုင်းတွင် ပထမအကြိမ် မဲခွဲမှုအတွင်း ဂျာမနီဝန်ကြီးချုပ်တစ်ဦးကို မရွေးချယ်နိုင်ခြင်းသည် ပထမဆုံးအကြိမ်ဖြစ်သည်။

မာ့ဇ်သည် ခရစ်ယာန်ဒီမိုကရက်တစ်အစည်းအရုံး၏ မဟာမိတ်အဖွဲ့နှင့် ဖေဖော်ဝါရီလ အထွေထွေရွေးကောက်ပွဲ အနိုင်ရရှိခဲ့သော ခရစ်ယာန်လူမှုရေးအစည်းအရုံးအတွက် ကိုယ်စားလှယ်လောင်းဖြစ်သည်။

၎င်းကို လူမှုရေးဒီမိုကရက်တစ်ပါတီမှ လွှတ်တော်အမတ်များ၏ ထောက်ခံမဲအများစုဖြင့် အနိုင်ရရှိမည်ဟု မျှော်လင့်ထားသော်လည်း ဝန်ကြီးချုပ်ဖြစ်ရန် မဲအနည်းငယ်လိုအပ်လျက်ရှိသည်။



လူမှုရေးဒီမိုကရက်တစ်ပါတီအဖွဲ့ဝင်အချို့က မာ့ဇ်ကိုဆန့်ကျင်မဲပေးခဲ့သည်ဟု ဂျာမနီပြည်သူ့ရုပ်သံ ဇက်ဒီအက်ဖ်က ဖော်ပြခဲ့သော်လည်း မည်သူကဆန့်ကျင်မဲပေးခဲ့သည်ကို သိရှိခြင်းမရှိသေးပေ။

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေအရ လွှတ်တော်သည် မဲပေးမှုကို နှစ်ပတ်အတွင်း ပြန်လည်ပြုလုပ်နိုင်သည်ဟု ပြဋ္ဌာန်းထားသည်။ **အင်န်အိတ်ချ်ကေ**

# ဂါဇာတွင် နောက်ထပ်စစ်ဆင်ရေးများ ဆက်လက်လုပ်ဆောင်မည်

**ဂျေရုဆလင် မေ ၆**

အစ္စရေးဝန်ကြီးချုပ် ဘန်ဂျမင်နေတန်ယာဟုက မိမိ၏အစိုးရအဖွဲ့သည် ဂါဇာတွင် နောက်ထပ်စစ်ဆင်ရေးများ ဆက်လက်လုပ်ဆောင်သွားရန် ဆုံးဖြတ်လိုက်ကြောင်း မေ ၅ ရက်က ကြေညာချက်ထုတ်ပြန်လိုက်သည်။

လာမည့်သီတင်းပတ်တွင် အဆိုပါစစ်ဆင်ရေးကို စတင်သွားမည်ဖြစ်သည်။ ဓားစာခံသဘောတူညီချက်အတွက် အခွင့်အလမ်းရှိနိုင်သော်လည်း မရခဲ့ပါက စစ်ဆင်ရေးသစ်ကို အရှိန်ပြင်းပြင်းနှင့် စတင်သွားမည်ဖြစ်သည်ဟု အစ္စရေးအရာရှိ၏ပြောကြားချက်ကို ကိုးကား၍ ဒေသတွင်းမီဒီယာက ဖော်ပြထားသည်။

**အင်န်အိတ်ချ်ကေ**

# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ်အတွင်း တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုရန်အတွက် စခန်းသွင်းလေ့ကျင့်သင်ကြား



**မုံရွာ မေ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် ယနေ့နံနက်ပိုင်းတွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့ စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ နာဂစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်သည်။

ဦးစွာ လေရှီးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းမောင်က ဒေသဆိုင်ရာအချက်အလက်များနှင့် မြို့နယ်အတွင်း ဒေသဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီးနောက် လေရှီးမြို့ရှိ မြို့မိမြို့ဖများနှင့် နာဂစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များက လေရှီးမြို့ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလိုမှုလုပ်ငန်းအခြေအနေများကို ဆွေးနွေးတင်ပြကြပြီး တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက မိမိတို့ဌာနများအလိုက် နာဂဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က နာဂဒေသမှ တာဝန်ရှိသူများအနေဖြင့် ပြည်သူများ စားရေရိက္ခာဖူလုံပြည့်ဝအောင် ကြိုးပမ်းဆောင်ရွက်ရန်၊ တစ်ပိုင်တစ်နိုင် စိုက်ပျိုး/မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းအပြင် စားဖိုဆောင်သီးနှံများကိုလည်း စိုက်ပျိုးသွားကြရန်နှင့် မြို့ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် စေတနာထားကာ ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ မိမိတို့တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် နာဂဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုး/မွေးမြူရေးနှင့် MSMEs လုပ်ငန်းများအတွက် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားပြီး ဌာနဆိုင်ရာဝန်ထမ်းများအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌထံ ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ တိုင်းဒေသကြီး အတွင်းရေးမှူးက လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် မြို့နယ်ရဲတပ်ဖွဲ့နှင့် တာဝန်ရှိသူများထံ ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ တိုင်းဒေသကြီး ပညာရေးမှူးက နာဂစာပေနှင့်ယဉ်ကျေးမှုအဖွဲ့ထံ ငွေကျပ် ၁၀ သိန်းတို့ကို အသီးသီးပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လေရှီးမြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိရာ ဆေးကုသမှုခံယူနေကြသည့် ဒေသခံတိုင်းရင်းသားများအား တာဝန်ရှိသူများနှင့် အာဟာရဖြည့်စွက်စာများ ပေးအပ်ကြပြီး ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်၊ သူနာပြုဝန်ထမ်းများအတွက် ငွေကျပ် ၁၀ သိန်းကို ပေးအပ်သည်။

မန္တလေးလျှင်ကြီးကြောင့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအား ပြန်လည်ဖြေဆိုကြမည့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ်မှ ကျောင်းသား ကျောင်းသူ ၁၄၄ ဦးကျော်အား လေရှီးမြို့ အခြေခံပညာအထက်တန်းကျောင်းရှိ သတ်မှတ်ကျောင်းဆောင် စာသင်ခန်းများတွင် စိတ်အေးချမ်းသာစွာ ပညာသင်ကြားနေမှုများအား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုကြပြီး ကျောင်းအုပ်ဆရာမကြီးထံ စခန်းသွင်းသင်ကြားနေစဉ်ကာလအတွင်း စားသောက်စရိတ် ငွေကျပ်သိန်း ၅၀၀ နှင့် ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ စာရေးကိရိယာများ ပေးအပ်သည်။

ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဟုမ္မလင်းမြို့နယ် တမံသီကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်တန်း ပြန်လည်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူ ၅၄ ဦးအား စခန်းသွင်းသင်ကြားနေမှုများကို သွားရောက်ကြည့်ရှုအားပေးကြပြီး ကျောင်းအုပ်ဆရာမကြီးထံ စခန်းသွင်းသင်ကြားနေစဉ်ကာလအတွင်း စားသောက်စရိတ် ငွေကျပ်သိန်း ၃၀၀ နှင့် ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ စာရေးကိရိယာများ ပေးအပ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပဲခူး – မော်လမြိုင်ရထားလမ်းပိုင်းအတွင်းရှိ နှင်းပုလဲနှင့် တောင်စွန်းဘူတာအကြား ရထားတံတားပေါ်၌ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီး

**နေပြည်တော် မေ ၆**

ပဲခူး–မော်လမြိုင် ရထားလမ်းပိုင်းအတွင်းရှိ မွန်ပြည်နယ် ဘီးလင်းမြို့နယ် နှင်းပုလဲဘူတာနှင့် တောင်စွန်းဘူတာအကြား၊ မိုင်တိုင်အမှတ် ၁၁၂/၁၀-၁၁ ရှိ အရှည်ပေ ၆၀ ရှိသော ရထားတံတား အမှတ် (၆၅)အောက်၌ မေ ၅ ရက် ည ၁၁ နာရီ ၁၅ မိနစ်ခန့်တွင် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ထောင်ထားသည့် မိုင်းပေါက်ကွဲမှုကြောင့် ရထားတံတား ထိခိုက်ပျက်စီးနေကြောင်း သိရှိရသဖြင့် နှင်းပုလဲနှင့် တောင်စွန်းရထားလမ်းပိုင်းအား ယာယီပိတ်ထားကြောင်း မြန်မာ့မီးရထားမှ သိရသည်။

မိုင်းပေါက်ကွဲမှု ဖြစ်စဉ်ဖြစ်ပွားရာနေရာသို့ နယ်မြေဒေသတာဝန်ရှိသူများနှင့် နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်တို့က အချိန်နှင့်တစ်ပြေးညီ နယ်မြေရှင်းလင်းစစ်ဆေးဆောင်ရွက်ခဲ့ရာ မိုင်းခွဲခံရမှုကြောင့် တံတား၏ သံပေါင်နှစ်ခုပြုတ်ကျခြင်း၊ ရေလယ်တိုင်တစ်တိုင်နှင့် တံတားဇလီဖားတုံးအချို့ ပျက်စီးခြင်းတို့အပြင် အခင်းဖြစ်ပွားရာနေရာအနီး မပေါက်ကွဲသေးသည့် လက်လုပ်မိုင်းတစ်လုံးနှင့် ဆက်စပ်ပစ္စည်းများကို တံတားပေါ်တွင် ထပ်မံတွေ့ရှိရသည်။

အဆိုပါ မိုင်းပေါက်ကွဲမှုကြောင့် ရန်ကုန်–မော်လမြိုင်–ရန်ကုန်ပြေးဆွဲနေသော အမှတ် (၈၁) အဆန်/အမှတ်(၈၂)အစုန် လူစီးရထားများအား ယာယီရပ်နားခဲ့ရပြီး လက်မှတ်ဝယ်ယူထားရှိသည့် ခရီးသည်များအား လက်မှတ်ခများကို ပြန်လည်ပေးအပ်၍ မြန်မာ့မီးရထားဝန်ထမ်းများအနေဖြင့် ရထားလမ်းပိုင်းကို အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး ပျက်စီးသွားသည့် တံတားနှင့်သံလမ်းအား အမြန်ဆုံး ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



နှင်းပုလဲနှင့် တောင်စွန်းဘူတာအကြား ရထားတံတားအမှတ်(၆၅)၏ ပျက်စီးမှုများအား ပြန်လည်ပြုပြင်နေစဉ်။

အကြမ်းဖက်သောင်းကျန်းသူ အဖွဲ့များအနေဖြင့် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ယခုအချိန်အထိ မြန်မာ့မီးရထားလမ်းကွန်ရက်တစ်ခုလုံးတွင် ရထားလမ်းနှင့် ရထားဘူတာနယ်မြေအတွင်း မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း ၈၁ ကြိမ်၊ ရထားတံတား/သံလမ်းများအား မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခြင်း ၁၇၆ ကြိမ်၊ ဘူတာအဆောက်အအုံနှင့် ဝန်ထမ်းနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း ၁၆ ကြိမ် ကျူးလွန်ခဲ့ကြသည်။



အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ပဲခူး–မော်လမြိုင်ရထားလမ်းပိုင်းအတွင်းရှိ နှင်းပုလဲနှင့် တောင်စွန်းဘူတာအကြား ရထားတံတားအမှတ်(၆၅) ထိခိုက်ပျက်စီးမှုအခြေအနေ။

အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် နိုင်ငံတော်ပိုင်ရထားစက်ခေါင်းနှင့် တွဲများ၊ ရထားလမ်းနှင့် တံတားများ၊ ခရီးသည်များနှင့် ကုန်စည်များ ထိခိုက်ပျက်စီးဆုံးရှုံးစေရေး၊ ရထားစီးခရီးသွားပြည်သူများ အနေဖြင့် ရထားဖြင့် ခရီးသွားလာရာတွင် ကိုယ်စိတ်နှလုံးချမ်းမြေ့ပြီး အသက်အန္တရာယ်ကင်းရှင်းစွာဖြင့် လုံခြုံစိတ်ချစွာ သွားလာနိုင်မှုမရှိစေရေးအတွက် ရည်ရွယ်ပြီး ယခုကဲ့သို့ အကြိမ်ကြိမ် ကျူးလွန်ဖျက်ဆီးနေကြခြင်းဖြစ်သော်လည်း နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့မြန်ဆန်စေရေးအတွက် ရထားလမ်းနှင့် အခြေခံအဆောက်အအုံများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေးနှင့် ရထားပို့ဆောင်ရေးစနစ် အဆင့်မြှင့်တင်ရေးစီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်ထားရှိ၍ အစဉ်တစိုက် အလေးထား စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

ကမ္ဘာ့ကြက်ခြေနီနေ့ ဂုဏ်ပြုဆောင်းပါး

# အရောင်အသွေးမပါသော လူမှုကရုဏာရှင်များ

မောင်စိန်အိ(နဘဲမြေ)

**ကမ္ဘာတစ်ဝန်းတွင် စစ်မြေပြင်၌ ထိခိုက်ဒဏ်ရာရရှိခံစားနေရသည့် စစ်သားများနှင့် အရေးပေါ်အကူအညီလိုအပ်နေသူများကို နေရာမရွေး၊ အချိန်မရွေး၊ လူတန်းစားမရွေးဘဲ ဆေးဝါးကုသမှု၊ ကူညီစောင့်ရှောက်မှုများပေးနေသော အဖွဲ့အစည်းတစ်ရပ်ရှိသည်။ ထိုအဖွဲ့အစည်းကြီးကား အခြားမဟုတ်ချေ။ ကမ္ဘာ့ကြက်ခြေနီအဖွဲ့ကြီးပင်ဖြစ်သည်။ နှစ်စဉ် မေလ ၈ ရက်နေ့သည် ထိုသို့ အများအကျိုးကို အနစ်နာခံသယ်ပိုးလိုသည့် လူမှုကရုဏာရှင်များကို ဂုဏ်ပြုသောအားဖြင့် သတ်မှတ်ထားသည့် ကမ္ဘာ့ကြက်ခြေနီနေ့ဖြစ်သည်။**



နေပြည်တော်ယာယီဆေးရုံ(ပေါင်းလောင်း)၌ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ တပ်ဖွဲ့ဝင်များက ငလျင်ဒဏ်သင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ပါဝင်ဆောင်ရွက်စဉ်။ (၇-၄-၂၀၂၅)




### ကြက်ခြေနီဖခင်

၁၉ ရာစုအလယ်ပိုင်းကာလအထိ စစ်မြေပြင်တွင် ဒဏ်ရာရရှိသူများအား ကယ်ဆယ်နေရာချထားရေးနှင့် ဆေးဝါးစောင့်ရှောက်မှုပေးမည့် စနစ်တကျဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ရပ်မျှမရှိခဲ့ချေ။ ၁၈၅၉ ခုနှစ် ဇွန်လတွင် ဆွစ်ဇာလန်နိုင်ငံသား စီးပွားရေးလုပ်ငန်းရှင် ဟင်နရီဒူးနန့် (Henri Dunant) သည် စီးပွားရေးကိစ္စဖြင့် ပြင်သစ်ဧကရာဇ် တတိယမြောက် နပိုလီယံကို တွေ့ဆုံရန် အီတလီသို့ သွားရောက်စဉ် ဆိုဖာရီနိုမြို့ကလေးသို့ ရောက်ရှိခဲ့သည်။ ထိုစဉ်က ယင်းမြို့ကလေးတွင် ပြင်သစ်တပ်များနှင့် ဩစတြီးယားတပ်များအကြား တိုက်ပွဲများဖြစ်ပွားခဲ့ရာ တစ်နေ့တည်း၌ပင် နှစ်ဖက်စလုံးမှ သေကျေ၊ ဒဏ်ရာရရှိသူ စစ်သား ၄၀၀၀၀ ကျော် ရှိခဲ့သည်။ မည်သည့်အဖွဲ့အစည်းကမျှ ဒဏ်ရာရလူနာများကို ဆေးဝါးစောင့်ရှောက်မှုမပေးဘဲ လူသားချင်းစာနာထောက်ထားမှု ကင်းမဲ့စွာ ပစ်ထားခဲ့ကြသည်။

ဟင်နရီဒူးနန့်သည် ထိုမြင်ကွင်းကိုတွေ့ရှိပြီးနောက် တုန်လှုပ်ချောက်ချားခဲ့သည်။ ၎င်း၏ မူလစီးပွားရေးကိစ္စကို စွန့်လွှတ်ပြီး စစ်မြေပြင်တွင် ဒဏ်ရာရရှိသူများအား ဆေးဝါးစောင့်ရှောက်မှုပေးခဲ့သည်။ ဒေသခံများကိုလည်း ဒဏ်ရာရရှိသူများအား ရန်သူ၊ မိတ်ဆွေမခွဲခြားဘဲ ဆေးဝါးစောင့်ရှောက်မှုပေးရန် စည်းရုံးဆောင်ရွက်ခဲ့သည်။ ဒူးနန့်သည် ဆွစ်ဇာလန်သို့ ရောက်ရှိပြီးနောက် ၁၈၆၂ ခုနှစ်တွင် တိုက်ပွဲအတွေ့အကြုံကို "ဆိုဖာရီနိုအောက်မေ့ဖွယ်" (A Memory of Solferino) အမည်ဖြင့် စာအုပ်ထုတ်ခဲ့သည်။

### ကမ္ဘာ့ကြက်ခြေနီနေ့

ထိုစာအုပ်ကို ဥရောပတစ်ဝန်းရှိ နိုင်ငံရေးခေါင်းဆောင်များနှင့် စစ်ဘက်ခေါင်းဆောင်များထံ ပေးပို့ခဲ့သည်။ ၎င်းသည် စစ်မြေပြင်တွင် ဒဏ်ရာရရှိသူများအား ဆေးဝါးစောင့်ရှောက်မှုပေးမည့် နိုင်ငံအဆင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ ဖွဲ့စည်းနိုင်ရေး တိုက်တွန်းနှိုးဆော်ခဲ့သည်။ ထို့ပြင် စစ်မြေပြင်တွင် ဒဏ်ရာရရှိကြသည့် စစ်သားများအား ဆေးဝါးစောင့်ရှောက်မှုပေးကြမည့် စေတနာရှင် ဆေးတပ်သားများနှင့် စစ်မြေပြင်ဆေးရုံများကို အကာအကွယ်ပေးမည့် နိုင်ငံတကာ စာချုပ်၊ စာတမ်းများ ချုပ်ဆိုထားရေးကိုလည်း နိုင်ငံတကာသို့ တောင်းဆိုခဲ့သည်။

ဟင်နရီဒူးနန့်၏ ကြိုးပမ်းမှုကြောင့် ၁၈၆၃ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC) ကို စတင်ဖွဲ့စည်းနိုင်ခဲ့သည်။ ၁၉၄၈ ခုနှစ် မေလ ၈ ရက်နေ့တွင် ကမ္ဘာ့ကြက်ခြေနီနေ့ကို စတင်ကျင်းပနိုင်ခဲ့သည်။ ၁၈၂၈ ခုနှစ် မေလ ၈ ရက်နေ့တွင် မွေးဖွားခဲ့သည့် ဟင်နရီဒူးနန့်ကို ဂုဏ်ပြုသောအားဖြင့် နှစ်စဉ် မေလ ၈ ရက်နေ့တွင် ကမ္ဘာတစ်ဝန်း၌ ကမ္ဘာ့ကြက်ခြေနီနေ့ အခမ်းအနားများ ကျင်းပလေ့ရှိသည်။ မြန်မာနိုင်ငံတွင်လည်း မေလ ၈ ရက်နေ့ ရောက်ရှိတိုင်း ကမ္ဘာ့ကြက်ခြေနီနေ့ အခမ်းအနားကို ဂုဏ်ပြုကျင်းပလျက်ရှိပါသည်။ ကမ္ဘာပေါ်တွင် ပြည်သူအများစုသည် ကြက်ခြေနီနေ့ကို သွေးလှူဒါန်း၍ ဂုဏ်ပြုလေ့ရှိပါသည်။ ထိုနေ့တွင် ပရဟိတလုပ်ငန်းများ၊ ကောင်းမှုကုသိုလ်များ ပြုလုပ်ခြင်းဖြင့် ဖြတ်သန်းကြသည်။

### ကူညီစောင့်ရှောက်

အောက်ခံအဖြူရောင်ပေါ်တွင် အနီရောင်ကြက်ခြေခတ်အမှတ်သားပါသော ကြက်ခြေနီအလံသည် မြင်ရတွေ့ရသူတိုင်း၏ရင်ကို အေးမြစေသည်။ စစ်ပွဲများတွင် ကြက်ခြေနီအလံ လွှင့်ထားသော ဆေးရုံများနှင့် ယာဉ်များကို ပစ်ခတ်တိုက်ခိုက်ခြင်းမျိုးမှ ရှောင်ကြဉ်ကြရသည်။ ကြက်ခြေနီတံဆိပ်ပါသော အင်္ကျီဝတ်ဆင်ထားသူများကိုလည်း ပစ်ခတ်ခြင်း မပြုရပေ။ ကြက်ခြေနီတပ်ဖွဲ့၏အဓိကရည်မှန်းချက်များသည် စစ်မြေပြင်တွင် ဒဏ်ရာရစစ်သားများအား အရေးပေါ်ဆေးဝါးစောင့်ရှောက်မှုပေးရန်၊ ဒဏ်ရာရရှိထားသောစစ်သားများအား ရန်သူ၊ မိတ်ဆွေမခွဲခြားဘဲ ကာကွယ်စောင့်ရှောက်ပေးရန်နှင့် စစ်မြေပြင်တွင် စေတနာ့ဝန်ထမ်းကြက်ခြေနီတပ်ဖွဲ့ဝင်များဖြင့် ကူညီစောင့်ရှောက်မှုများ ပေးသွားရန်ဖြစ်သည်။

စေတနာရှင် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၏ တာဝန်များတွင် ရှေးဦးသူနာပြုစုခြင်း၊ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ခြင်း၊ ကျန်းမာရေးနှင့်လူမှုရေးစောင့်ရှောက်မှုပေးခြင်း၊ သဘာဝဘေးအန္တရာယ်ဒဏ်ခံစားနေရသူများအား ကယ်ဆယ်စောင့်ရှောက်ခြင်း၊ ဒုက္ခသည်များအား ကူညီခြင်း၊ မိသားစုများနှင့် ခွဲခွာနေရသူများအား ပြန်လည်ပေါင်းစည်းနိုင်အောင် ကူညီခြင်း၊ စစ်ပွဲကာလတွင် ဒဏ်ရာရရှိသူများအား ကူညီခြင်း၊ စစ်သုံ့ပန်းများအား ကူညီစောင့်ရှောက်ခြင်း၊ လက်နက်ကိုင်ပဋိပက္ခများအတွင်း ပြည်သူများအား ကာကွယ်စောင့်ရှောက်ကူညီခြင်း စသည်ဖြင့် များပြားလှသော ပရဟိတလုပ်ငန်းများ ပါဝင်သည်။

ကမ္ဘာ့ကြက်ခြေနီအဖွဲ့ကြီးသည် ကူညီစောင့်ရှောက်ရေးလုပ်ငန်းများကို လူမျိုးခွဲခြားမှုမရှိဘဲ ကြားနေအဖွဲ့အစည်းတစ်ခုအဖြစ် လွတ်လပ်တက်ကြွစွာ ဆောင်ရွက်လျက်ရှိသည်။ လက်ရှိအချိန်အထိ ကမ္ဘာ့ကြက်ခြေနီအဖွဲ့ကြီးတွင် မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၉၁ နိုင်ငံမှ စေတနာ့ဝန်ထမ်း ၉၇ သန်းကျော်ဖြင့် လူမှုရေးအကျိုးပြုလုပ်ငန်းများအား တက်ကြွစွာပါဝင်ဆောင်ရွက်လျက်ရှိပေသည်။ ဟင်နရီဒူးနန့် စတင်တည်ထောင်ခဲ့သည့် ကမ္ဘာ့ကြက်ခြေနီ အဖွဲ့အစည်းကြီးသည် ကမ္ဘာ့လူသားများအားလုံး၏အကျိုးအတွက် ကိုယ်ကျိုးမဖက် ဆက်လက်သယ်ပိုးဆောင်ရွက်လျက် ရှိသည့် ဂုဏ်ပြုထိုက်သော အဖွဲ့အစည်းကြီးဖြစ်သည်။

### မြန်မာနိုင်ငံကြက်ခြေနီအသင်း

မြန်မာနိုင်ငံကြက်ခြေနီအသင်းကို ၁၉၂၀ ပြည့်နှစ်တွင် စတင်ဖွဲ့စည်းခဲ့သည်။ ထိုစဉ်က အိန္ဒိယနိုင်ငံကြက်ခြေနီ အသင်း၏ အဖွဲ့ခွဲတစ်ခုအဖြစ်သာ စတင်ခဲ့ရသည်။ နိုင်ငံတကာ ကြက်ခြေနီ အသင်းက မြန်မာနိုင်ငံကြက်ခြေနီအသင်းကို ၁၉၃၉ ခုနှစ်တွင် တရားဝင်အသိအမှတ်ပြုခဲ့သည်။ ၁၉၅၉ ခုနှစ်တွင် မြန်မာနိုင်ငံကြက်ခြေနီဥပဒေပြဋ္ဌာန်းနိုင်ခဲ့သည်။ ယင်းဥပဒေကို ခေတ်အဆက်ဆက် ခေတ်စနစ်နှင့် လျော်ညီစွာပြင်ဆင်ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် နောက်ဆုံးပြင်ဆင်ကာ ကြက်ခြေနီလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဖွဲ့စည်းလှုပ်ရှားဆောင်ရွက်နိုင်ခဲ့သည်။

မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ဝင်များသည် အသင်းကြီး၏ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းကာ "ဆင်းရဲဒုက္ခနည်းပါးသက်သာစေရန်"ဆိုသည့်ရည်ရွယ်ချက်ဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို နှစ်ကာလရှည်ကြာစွာ သယ်ပိုးဆောင်ရွက်လျက်ရှိသည်။ ဒုက္ခရောက်နေသူ၊ အခက်အခဲရောက်နေသူများကို လူမျိုးမရွေး၊ ဘာသာမရွေး၊ နေရာမရွေး၊ အချိန်မရွေး၊ အယုတ်အလတ်အမြတ်မရွေး ကယ်တင်ကူညီစောင့်ရှောက်ခဲ့သည့် သာဓကများစွာ ရှိနေပါသည်။

### ဆုချီးမြှင့်ခံရ

ထိုသာဓကများအနက် ထင်ရှားသော စွမ်းဆောင်မှုများကြောင့် ၁၉၆၃ ခုနှစ် ဩဂုတ်လ ၁၂ ရက်နေ့တွင် ဂျီနီဗာမြို့ရှိ ကမ္ဘာ့ကြက်ခြေနီအဖွဲ့ချုပ်က မြန်မာနိုင်ငံတွင်ပထမဆုံးအကြိမ်အဖြစ် ဗိုလ်မှူး ဒေါ်ခင်အုန်းမြအား ဖလောရင့်နိုက်တင်ဂေးဆုကိုချီးမြှင့်ခဲ့သည်။ ထို့ပြင် ၁၉၇၇ ခုနှစ်တွင် ရိုမေးနီးယားနိုင်ငံ ဘူခါရက်မြို့၌ ကျင်းပသည့်(၂၃ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီညီလာခံတွင် မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ဝင် စိုင်းအောင်လှိုင်မြင့်အား ဟင်နရီဒူးနန့်ဆုတံဆိပ် ချီးမြှင့်ပေးခဲ့သည်။ စိုင်းအောင်လှိုင်မြင့်သည် ရေဝတီမြစ်အတွင်း တပ်မတော်ယာဉ်တစ်စီးထိုးကျ တိမ်းမှောက်မှုကြောင့် ရေနစ်နေသည့် ယာဉ်မောင်းရဲဘော်တစ်ဦးကို သက်စွန့်ဆံဖျားကယ်တင်ကာ ရှေးဦးသူနာပြုစုပေးခြင်းဖြင့် အသက်ကယ်တင်ခဲ့သူဖြစ်သည်။

မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ဝင်များသည် လူမှုကရုဏာလုပ်ငန်းများကို မွန်မြတ်သော စိတ်ထားဖြင့် အသက်ကိုပင်စွန့်လျက် ဆောင်ရွက်လျက်ရှိကြသည်။ ထိုအနစ်နာခံမှုများကို နိုင်ငံတကာကပင် အသိအမှတ်ပြုနေရပြီဖြစ်သည်။ ထိုသို့ အနစ်နာခံသူများနှင့် ဖွဲ့စည်းထားသော ကြက်ခြေနီအသင်းများကို ပြည်နယ်နှင့်တိုင်းဒေသကြီးများ၊ တက္ကသိုလ်၊ ကောလိပ်များတွင် အသီးသီး ဖွဲ့စည်းထားပြီးဖြစ်သည်။ အမှန်စင်စစ်မှာမူ

စာမျက်နှာ ၁၇ သို့

**" ကြက်ခြေနီတပ်ဖွဲ့ဝင်များ၏တာဝန်များတွင် ရှေးဦးသူနာပြုစုခြင်း၊ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ခြင်း၊ကျန်းမာရေးနှင့်လူမှုရေးစောင့်ရှောက်မှုပေးခြင်း၊ သဘာဝဘေးအန္တရာယ်ဒဏ်ခံစားနေရသူများအား ကယ်ဆယ်စောင့်ရှောက်ခြင်း၊ ဒုက္ခသည်များအားကူညီခြင်း၊ မိသားစုများနှင့် ခွဲခွာနေရသူများအား ပြန်လည်ပေါင်းစည်းနိုင်အောင် ကူညီခြင်း၊ စစ်ပွဲကာလတွင် ဒဏ်ရာရရှိသူများအား ကူညီခြင်း၊ စစ်သုံ့ပန်းများအား ကူညီစောင့်ရှောက်ခြင်း၊ လက်နက်ကိုင်ပဋိပက္ခများအတွင်း ပြည်သူများအား ကာကွယ်စောင့်ရှောက်ကူညီခြင်း စသည်ဖြင့် များပြားလှသော ပရဟိတလုပ်ငန်းများ ပါဝင် "**

# ကယားပြည်နယ်ဝန်ကြီးချုပ် (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ တက်ရောက်ဆုချီးမြှင့်




**လွိုင်ကော် မေ ၆**

(၇၉) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မေ ၅ ရက်က လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်ဦးဇော်မျိုးတင်က အမှာစကားပြောကြားသည်။ ထို့နောက် (၇၉) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုဗီဒီယိုကို ကြည့်ရှုအားပေးသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်မီးသတ်တပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ၊ အရာရှိအဆင့် ကျင့်ဝတ်ပြိုင်ပွဲတွင် ဆုရရှိကြသည့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသကွပ်ကဲရေးမှူးက အကြပ်အဆင့် ကျင့်ဝတ်ပြိုင်ပွဲ ဆုရရှိသူများနှင့် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက တပ်သားအဆင့် ကျင့်ဝတ်ပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်မီးသတ်ဦးစီးဌာနရုံး၌ တပ်ဖွဲ့ဝင်များ စွမ်းရည်လက်တွေ့ပြသခြင်းကို ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အမျိုးသား၊ အမျိုးသမီး တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၏ မီးငြိမ်းသတ်ခြင်းသရုပ်ပြသမှုနှင့် ရှာဖွေကယ်ဆယ်ရေးပစ္စည်းကိရိယာများအသုံးပြု၍ ကယ်ဆယ်ခြင်းသရုပ်ပြသမှုကို ကြည့်ရှုအားပေးသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က စွမ်းရည်သရုပ်ပြသခဲ့သော တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ငွေများနှင့် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။ **(ဝဲပုံ)**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ် မီးသတ်ပြခန်း၌ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းသုံးပစ္စည်းများ၊ မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုအားပေးခဲ့သည်။

**ပြည်နယ်(ပြန်/ဆက်)**

## တောင်ကြီးမြို့၌ (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကျင်းပ

**တောင်ကြီး မေ ၆**

(၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကို မေ ၅ ရက် နံနက် ၈ နာရီက တောင်ကြီး-ဟိုပုံးမြို့အထွက် (၂)မိုင်ရှိ တောင်ကြီးခရိုင် မီးသတ်စခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က မီးသတ်တပ်ဖွဲ့များအနေဖြင့် ခေတ်စနစ်နှင့်အညီ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးဆိုင်ရာပညာရပ်များကို ကျွမ်းကျင်ပိုင်နိုင်မှုရှိအောင် ကြိုးပမ်းလေ့လာထားကြရန် လိုအပ်ကြောင်း၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စိန်ခေါ်မှုအသစ်များကို ရင်ဆိုင်ရန်အဆင့်မြင့် ရှာဖွေကယ်ဆယ်ရေး နည်းပညာပိုင်းများနှင့် ဆောင်ရွက်နိုင်ရန် ရှာဖွယ်ကယ်ဆယ်ရေးအဖွဲ့များကို ဒေသအလိုက် စုဖွဲ့လေ့ကျင့်ပြီး အသင့်ဆောင်ရွက်ထားရန် မှာကြားသည်။

### သရုပ်ပြသ

ထို့နောက် ဆုချီးမြှင့်ပွဲကျင်းပရာ စခန်းသာယာလှပရေး၊ သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား ပြည်နယ်ဝန်ကြီးချုပ်က ဆုချီးမြှင့်ပေးပြီး မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး သရုပ်ပြသကြကြောင်း သိရသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်မီးသတ်တပ်ဖွဲ့ဦးစီးမှူးထံ ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်ပြီးနောက် ခင်းကျင်းပြသထားသော မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးကိရိယာများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**



## မိုင်းဆတ်ခရိုင်၌ (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကျင်းပ

**မိုင်းဆတ် မေ ၆**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်ခရိုင်၌ (၇၉)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ် အခမ်းအနားကို ယမန်နေ့က မိုင်းဆတ်ခရိုင် မီးသတ်ဦးစီးမှူးရုံးနှင့် မိုင်းတုံမြို့နယ် မီးသတ်ဦးစီးမှူးရုံးတို့တွင် ကျင်းပသည်။

ဦးစွာ သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ ထို့အတူ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုဆိုင်းဘုတ်ကို မေ ၁ ရက်က မိုင်းဆတ်ခရိုင် မီးသတ်စခန်းရှေ့နှင့် မိုင်းတုံမြို့နယ် မီးသတ်စခန်းရှေ့တွင် စိုက်ထူခဲ့သည်။ မေ ၂ ရက်က မိုင်းဆတ်မြို့နယ် သဗ္ဗညု ဘုန်းတော်ကြီးကျောင်းရှိ ဘုရားများ ရေသပ္ပာယ်ခြင်းနှင့် မိုင်းတုံမြို့နယ် ပြည်သူ့ဆေးရုံတွင် တပ်ဖွဲ့ဝင်များက စုပေါင်းသွေးလှူဒါန်းခြင်း ပြုလုပ်သည်။



အလားတူ မေ ၃ ရက်က မိုင်းဆတ်မြို့နယ် သာသနဗူရ ဘုန်းတော်ကြီးကျောင်းနှင့် မိုင်းတုံမြို့နယ် ဦးအောင်ဇေယျ ဘုန်းတော်ကြီးကျောင်းရှိ ဘုရားများ ရေသပ္ပာယ်ခြင်း၊ လူစည်ကားရာ လမ်းဆုံများတွင် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် သန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ခဲ့ပြီး မေ ၄ ရက်က မြို့နယ်ပြည်သူ့ဆေးရုံတွင် တပ်ဖွဲ့ဝင် ၂၀ တို့ စုပေါင်းသွေးလှူဒါန်းပြီး သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ကျိုက္ခမီမြို့၌ ပင်လယ်ငါးဖမ်းရေလုပ်သားများအတွက် အခြေခံကျွမ်းကျင်မှုသင်တန်းဖွင့်

**သံဖြူဇရပ် မေ ၆**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်၌ ၂၀၂၅-၂၀၂၆ ခုနှစ် ပင်လယ်ငါးဖမ်း ရေလုပ်သားများအတွက် အခြေခံကျွမ်းကျင်မှုသင်တန်း (၁/၂၀၂၅) ဖွင့်ပွဲကို မေ ၆ ရက် နံနက်ပိုင်းတွင် ကျိုက္ခမီမြို့ မြို့လယ်ဓမ္မာရုံ၌ ကျင်းပသည်။

### သင်ထောက်ကူပစ္စည်းများ ပေးအပ်

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်မိုးလွင်က အမှာစကားပြောကြားပြီး အဖွဲ့ဝင်ဦးအောင်သန်းက သင်ထောက်ကူ ပစ္စည်းများ ပေးအပ်သည်။ ထို့နောက် သင်တန်း ဆက်လက်ပို့ချရာ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဟန်ဝင်းရွှေ၊ ကျိုက္ခမီမြို့နယ်မြေခံစခန်းမှူးဒုရဲမှူးသက်ဝေ၊ မီးသတ်တပ်ဖွဲ့ ဒုတိယဦးစီးမှူး ဦးရှိုင်းထက်အောင်၊ ကြက်ခြေနီတပ်ဖွဲ့ တာဝန်ခံဦးပြည့်ခွန်ဆက်တို့က ခိုက်ရန်ဖြစ်ပွားမှုကြောင့် အသက်ဆုံးရှုံးမှုမဖြစ်ပေါ်စေရေး၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေး၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး စသည်တို့ကို ပို့ချခဲ့ကြပြီး သင်တန်းသို့ သင်တန်းသား ၃၀ တက်ရောက်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



*စာမျက်နှာ ၁၆ မှ*

ကြက်ခြေနီတပ်ဖွဲ့ဝင်များသည် တိုင်းပြည်၏ အရန်အင်အားများပင်ဖြစ်သည်။ ကြက်ခြေနီတပ်ဖွဲ့ဝင်များသည်ရပိုင်ခွင့်တစ်ပြားတစ်ချပ်မျှမရှိဘဲ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အနစ်နာခံဆောင်ရွက်နေကြသူများဖြစ်ကြသဖြင့် လေးစားဂုဏ်ပြုထိုက်သောသူများဖြစ်ကြသည်။

အမှန်တော့ ကမ္ဘာတစ်ဝန်းရှိ ကြက်ခြေနီအဖွဲ့များသည် လူသားချင်းစာနာထောက်ထားခြင်း၊ ခွဲခြားမှုမရှိခြင်း၊ ကြားနေခြင်း၊ လွတ်လပ်ခြင်း၊ စေတနာ့ဝန်ထမ်းအကျိုးဆောင်ခြင်း၊ စည်းလုံးညီညွတ်ခြင်း၊ ကမ္ဘာတစ်ဝန်း ပျံ့နှံ့ခြင်းဆိုသည့် အခြေခံမူ ၇ ချက်နှင့်အညီ လူသားများ၏ အကျိုးကို သယ်ပိုးဆောင်ရွက်လျက်ရှိသည်။ ထိုသို့ သယ်ပိုးဆောင်ရွက်ရာတွင် လူမျိုး၊ ဘာသာ၊ အသွေးအရောင်၊ ရန်သူ၊ မိတ်ဆွေမခွဲခြားဘဲ သယ်ပိုးဆောင်ရွက်နေခြင်းပင်ဖြစ်သည်။

ဆိုရလျှင် ဟင်နရီဒူးနန့်၏ စွန့်လွှတ်အနစ်နာခံကြိုးပမ်းခဲ့မှုကြောင့် ပေါ်ပေါက်လာခဲ့သည့် ကမ္ဘာ့ကြက်ခြေနီအဖွဲ့အစည်းကြီးကို လူသားတို့၏ အသက်ကိုအန္တရာယ်အတွင်းမှ အချိန်မီကယ်တင်ရန်၊ အထူးသဖြင့် စစ်မြေပြင်တွင် ဒဏ်ရာရရှိသူများအားရှေးဦးသူနာပြုစုနည်းဖြင့်ကယ်တင်ရန် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ထိုရည်ရွယ်ချက်များနှင့်အညီ ဒုက္ခရောက်နေသောပြည်သူများ၏အသက်ပေါင်းများစွာကို ကယ်တင်လျက်ရှိသည်။ ထိုနည်းတူစွာ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကြီးသည်လည်း "ဆင်းရဲဒုက္ခ နည်းပါးသက်သာစေရန်"ဆိုသည့် ရည်ရွယ်ချက်နှင့်အညီ အကူအညီလိုအပ်သူများကို လူမျိုးမရွေး၊ ဘာသာမရွေး၊ နေရာမရွေး၊ အချိန်မရွေး ကူညီစောင့်ရှောက်ပေးလျက်ရှိပေသည်။ ထို့ကြောင့် မြန်မာနိုင်ငံကြက်ခြေနီ တပ်ဖွဲ့ဝင်များအား လူမှုအကျိုးပြုလုပ်ငန်းများ၊ ကယ်ဆယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ထာဝစဉ်သယ်ပိုးဆောင်ရွက်လျက်ရှိသည့် အရောင်အသွေးမပါသော လူမှုကရုဏာရှင်များဟု ဆိုချင်ပါတော့သည်။ ။

# မော်လမြိုင်မြို့ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းတည်ထောင်ခြင်း (၇၅)နှစ်ပြည့် စိန်ရတုအထိမ်းအမှတ်နှင့် (၁၁)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ အခမ်းအနားများကျင်းပ

**မော်လမြိုင် မေ ၆**

မော်လမြိုင်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၏ ကျောင်းတည်ထောင်ခြင်း (၇၅) နှစ်ပြည့် စိန်ရတုအထိမ်းအမှတ်အခမ်းအနားနှင့် (၁၁)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲအခမ်းအနားကို အဆိုပါကျောင်းရှိ လှိုင်ရတနာခန်းမ၌ မေ ၃ ရက်နှင့် ၄ ရက်က ကျင်းပသည်။ **(ယာပုံ)**



အခမ်းအနားတွင် (၇၅)နှစ်ပြည့် စိန်ရတုအထိမ်းအမှတ် အလုပ်အမှုဆောင်အဖွဲ့နာယက ဒေါ်မြင့်မြင့်ခိုင်နှင့် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်သင်းသင်းဦးတို့က ဂုဏ်ပြုအမှာစကားပြောကြားပြီး (၇၅)နှစ်ပြည့် စိန်ရတုအထိမ်းအမှတ်နှင့် (၁၁)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ အလုပ်အမှုဆောင်အဖွဲ့နာယက ဦးစိန်မြင့်က စိန်ရတုအခမ်းအနားနှင့် ပတ်သက်သည့် လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် (၇၅)နှစ်ပြည့် စိန်ရတုအထိမ်းအမှတ်နှင့် (၁၁)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ အလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးဗိုလ်တင့်က ဂုဏ်ယူဝမ်းမြောက်စကားပြောကြားပြီး အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်း (၇၅) နှစ်ပြည့် စိန်ရတုအထိမ်းအမှတ် အခမ်းအနားကျင်းပနိုင်ရေးအတွက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ပြည်နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်သည်။ ဆက်လက်၍ (၇၅) နှစ်ပြည့် စိန်ရတုအထိမ်းအမှတ်နှင့် မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေး အလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူး ဦးဇော်ဝင်းက ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ (၁၁)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲအခမ်းအနားတွင် နာယကကြီး ဦးတင်ညွန့်က အမှာစကားပြောကြားပြီး ဂုဏ်ထူးဆောင်နာယကကြီး ဆရာကြီး ဦးအေးကြိုင်က ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် (၇၅)နှစ်ပြည့် စိန်ရတုအထိမ်းအမှတ်အခမ်းအနားနှင့် (၁၁)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ အခမ်းအနားဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ကော်မတီအတွင်းရေးမှူး ဦးဇော်ဝင်းက လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၏ အပူဇော်ခံ ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ခဲ့ကြပြီး အပူဇော်ခံ ဆရာကြီး ဆရာမကြီးများကိုယ်စား ဆရာကြီး ဦးမြသန်းက ဝမ်းသာပီတိစကား ပြောကြားသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသော အပူဇော်ခံ ဆရာကြီး ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများက လှူဒါန်းထားသော ဂုဏ်ပြုပူဇော်ငွေများအား ပေးအပ်သည်။ ဆက်လက်၍ တက်ရောက်လာကြသော ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများအား ကံစမ်းမဲများ ဖွင့်ဖောက်ပေးပြီး မြတ်ဆရာပူဇော်ပွဲကျင်းပရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးမြင့်ဦးကကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြောင်းမြမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေး

**မြောင်းမြ မေ ၆**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်၌ ယနေ့ နံနက် ၈ နာရီက အမှတ်(၉) ရပ်ကွက်အတွင်းရှိ နေအိမ်များတွင် သွေးလွန်တုပ်ကွေးဖြစ်ပွားနိုင်သည့် ခြင်ခိုလှုံပေါက်ပွားနိုင်သော နေရာများအား လိုက်လံစစ်ဆေးခြင်း၊ ရေတွင်း၊ ရေကန်အတွင်းသို့ အဘိတ်ဆေးခတ်ခြင်းများ ဆောင်ရွက်သည်။ **(ဝဲပုံ)**



ထိုသို့ ဆောင်ရွက်ရာတွင် မြောင်းမြမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကိုကိုက ဦးဆောင်သည့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ မြောင်းမြခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက နေအိမ်များရှိ ပိုးလောက်လန်း ပေါက်ပွားနိုင်သည့်နေရာများကို စစ်ဆေးပြီး၊ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ပုံမှန်ဆောင်ရွက်ရန်၊ မိုးရေတင်နိုင်သည့် တာယာကွင်းများ၊ အိုးခွက်များအတွင်း ခြင်ပေါက်ပွားမှု မရှိစေရေး၊ ပိုးလောက်လန်းပေါက်ပွားမှုမရှိစေရေးဆောင်ရွက်ရန် အသိပညာပေးဟောပြောပြီး ရေတွင်း၊ ရေကန်များတွင် အဘိတ်ဆေးခတ်ခြင်းတို့ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဇေယျာ (မြောင်းမြ)**

## ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးဝင်မှတ်ပုံတင်ထားသူအား အကျိုးခံစားခွင့်ပေးအပ်

**မန္တလေး မေ ၆**

၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးဝင်မှတ်ပုံတင်ထားသူအား လူမှုဖူလုံရေးအကျိုးခံစားခွင့်ပေးအပ်ပွဲကို ယနေ့ နံနက်ပိုင်းက မန္တလေး ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံး၌ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးလူမှုဖူလုံရေးရုံးမှ တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည်ထွန်းက လူမှုဖူလုံရေးနှင့်ပတ်သက်သော အကြောင်းအရာများကို ရှင်းလင်းပြောကြားကာ Royal Distribution Co.,Ltd မှ အာမခံအလုပ်သမား ဒေါ်သင်းအိဖြူ အတွက် အလုပ်တွင် ထိခိုက်ဒဏ်ရာရရှိခဲ့သောကြောင့် အမြဲတမ်းမသန်စွမ်းမှုအကျိုးခံစားခွင့် (ငွေလုံးငွေရင်း) ငွေကျပ် ၅၇၃၃၀၀၀ ကို ပေးအပ်သည်။ **(အောက်ပုံ)**

လူမှုဖူလုံရေးအဖွဲ့သည် အကျိုးဝင်မှတ်ပုံတင်ထားသည့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများမှ အာမခံအလုပ်သမားများအား မတ် ၂၈ ရက်က ဖြစ်ပွားခဲ့သော မန္တလေးငလျင်ဒဏ်ကြောင့် သေဆုံးခဲ့သည့် အာမခံအလုပ်သမားများ၏ နာရေးစရိတ်ငွေများကိုလည်း ကျန်ရစ်သူမိသားစုများထံ ခွင့်ပြုထုတ်ပေးလျက်ရှိကြောင်း သိရသည်။

**မောင်အေးချမ်း**



## နေပြည်တော်ရှိ ငလျင်ဘေးသင့်သူများအား ပဲခူးဒေသထွက်ပစ္စည်းများ ဆက်လက်ရောင်းချ

**နေပြည်တော် မေ ၆**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ပြည်ထောင်စုနယ်မြေနေပြည်တော်အတွင်း ငလျင်ဒဏ်သင့်ဝန်ထမ်းနှင့် ပြည်သူများအား ဈေးကားကြီး (အရောင်းယာဉ်) ဖြင့် MSME ထုတ်ကုန်များ၊ လူသုံးကုန်၊ စားသောက်ကုန်နှင့် မီးဖိုချောင်သုံးပစ္စည်းစသည့် ကုန်ပစ္စည်း ၁၀၇ မျိုးတို့ကို ယနေ့တွင် ဒုတိယနေ့အဖြစ် သက်သာသောဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးရာတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနများသို့ သွားရောက်ရောင်းချပေးခဲ့ပြီး ကျန်ရှိနေသေးသည့် ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် ပြည်သူများကိုလည်း ဆက်လက်ရောင်းချပေးသွားမည်ဖြစ်သည်။



တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် နေပြည်တော်အတွင်းရှိ ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် ပြည်သူများ၏ စားဝတ်နေရေး အခက်အခဲများ ပြေလည်စေရန်အတွက် အခြေခံစားသောက်ကုန်များ လှူဒါန်းပေးခြင်းအပြင် MSME ထုတ်ကုန်များ၊ လူသုံးကုန်၊ စားသောက်ကုန်နှင့် မီးဖိုချောင်သုံးပစ္စည်းစသည့် ကုန်ပစ္စည်း ၁၀၇ မျိုးတို့ကို သက်သာသော ဈေးနှုန်းဖြင့် ယခုလို လှည့်လည်ရောင်းချပေးခြင်းဖြစ်ပြီး ထိုသို့ရောင်းချပေးခြင်းကို မေ ၅ ရက်မှစ၍ တစ်လကြာ ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ကို(ပုဗ္ဗသီရိ)**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## ဂန့်ဂေါမြို့၌ (၇၉)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနား ကျင်းပ

**ဂန့်ဂေါ မေ ၆**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့၌ (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကို ခရိုင်မီးသတ်ဦးစီးဌာနရုံးတွင် ယမန်နေ့ နံနက်ပိုင်းက ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ရဲရန်ပိုင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ နေ့အထိမ်းအမှတ် မီးသတ်ကျင့်ဝတ်(အရာရှိအဆင့်) ဆုရရှိသူများ၊ မီးသတ်ကျင့်ဝတ် (အခြားအဆင့်) ဆုရရှိသူများနှင့် မီးသတ်စက်ကြီး(အဖွဲ့လိုက်)ပြိုင်ပွဲတွင် ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

**ခရိုင်(ပြန်/ဆက်)**

# ပြည်မြို့၌ ကင်းထောက်လူငယ်မောင်မယ်များအတွက် နွေရာသီလူငယ်ကင်းထောက်သင်တန်းဖွင့်

**ပြည် မေ ၆**
ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပဲခူးတိုင်းဒေသကြီး (အနောက်) နွေရာသီလူငယ်ကင်းထောက် သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပြည်မြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း သီရိရတနာခန်းမ၌ ကျင်းပရာ ပြည်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကင်းထောက်လူငယ်မောင်မယ်ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။



ဦးစွာ ၂၀၂၄ ခုနှစ် ကင်းထောက်လူငယ်မောင်မယ်များက ပြည်သူ့အတွက်အစဉ်အသင့် ကင်းထောက်သီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။ ယင်းနောက် ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်က အမှာစကားပြောကြားပြီး သင်တန်းအတွက် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့က ချီးမြှင့်ငွေကျပ် ၅၃ သိန်း ၈၈၀၀ အား တိုင်းဒေသကြီး(ရုံးခွဲ) ပညာရေးမှူးဒေါက်တာချစ်ကိုကိုထံ ပေးအပ်သည်။

ထို့နောက် ၂၀၂၄ ခုနှစ် ကင်းထောက်လူငယ် မောင်မယ်များက ကင်းထောက်များရဲ့ရှေ့သို့ ခြေလှမ်း သီချင်းဖြင့် သီဆိုဖျော်ဖြေကြပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တက်ရောက်လာကြသူများက ခန်းမအတွင်း ခင်းကျင်းပြသထားသော ကင်းထောက်သင်တန်းဆိုင်ရာ ပြခန်းကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါသင်တန်းသို့ ပဲခူးတိုင်းဒေသကြီး(အနောက်) ပြည်၊ သာယာဝတီနှင့် နတ်တလင်းခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများမှ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ကင်းထောက်လူငယ်မောင်မယ် စုစုပေါင်း ၆၀ နှင့် နည်းပြ/ရုံးအဖွဲ့များ တက်ရောက်ကာ သင်တန်းတွင် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့နှင့် နည်းပြဆရာ ဆရာမများက ကင်းထောက်ဆိုင်ရာပညာရပ်များကို မေ ၆ ရက်မှ ၁၂ ရက်အထိ စာတွေ့၊လက်တွေ့ သင်ကြားပို့ချမည် ဖြစ်ကြောင်း သိရသည်။ **ကိုဆက်(ပြန်/ဆက်)**



(၇၉) နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့အထိမ်းအမှတ် မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်မီးသတ်စခန်း၌ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇေယျာအောင်နှင့် တပ်ဖွဲ့ဝင်များ၊ တပ်ဖွဲ့ဝင်မိသားစုများက မေ ၅ ရက်က မလှိုင်မြို့ပေါ်နှင့် ထန်းတောဂေါ်စရံအတွင်းရှိ ကျောင်းတိုက် ၃၆ ကျောင်းမှ ပင့်သံဃာ ၃၆ ပါးတို့အား ဆွမ်းသပိတ်နှင့် ဆွမ်းဟင်းချိုင့်များ လောင်းလှူစဉ်။ ၂၂၁

# ကျောက်တံတားမြို့နယ်၌ ယာယီတိုက်ပွဲရှောင်ပြည်သူများအား ထောက်ပံ့ငွေပေးအပ်

**ကျောက်တံတား မေ ၆**
ဒေသအသီးသီးမှ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာ၍ ကျောက်တံတားတားမြို့နယ်အတွင်းသို့ရောက်ရှိလာသည့် ယာယီတိုက်ပွဲရှောင်ပြည်သူများအား ဖေဖော်ဝါရီနှင့်မတ်လတို့အတွက် ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် ကျောက်တံတားခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးစံကျော်က အမှာစကားပြောကြားပြီး ကျောက်တံတားမြို့နယ်ထောက်ပံ့ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမိုးထွေးဦးက ထောက်ပံ့ငွေပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြောကြားကာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးစံကျော်၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်လင်းထက်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမိုးထွေးဦးနှင့် အဖွဲ့ဝင်များက ဒေသအသီးသီးမှ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာ၍ ကျောက်တံတားမြို့နယ်အတွင်းသို့ ရောက်ရှိလာသည့် ပြည်သူများအား ဖေဖော်ဝါရီနှင့် မတ်လတို့အတွက် ထောက်ပံ့ငွေတစ်ဦးလျှင် ငွေကျပ်



၄၀၀၀၀ နှုန်းဖြင့် အိမ်ထောင်စု ၅၃ စု၊ လူဦးရေ ၁၄၇ ဦးတို့အား စုစုပေါင်းငွေကျပ် ၅၈၈၀၀၀၀ ကို လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ရာ ယာယီတိုက်ပွဲရှောင်ပြည်သူများကိုယ်စား ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**ကျောက်တံတား (ပြန်/ဆက်)**

# ကျိုက်ထိုမြို့နယ်၌ မွန်ပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် လယ်ယာမြေအဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်

**ကျိုက်ထို မေ ၆**
မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် မွန်ပြည်နယ်အစိုးရအဖွဲ့၏ရန်ပုံငွေဖြင့် ကျိုက်ထိုမြို့နယ် ကျိုက်ပိကျေးရွာ ကွင်းအမှတ်(OSS)သောင်ကွင်း၌ လယ်ယာမြေအဆင့်မြှင့်တင်ခြင်း ဧက ၂၀၀ လုပ်ငန်းခွင်သို့ ကျိုက်ထိုခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကံစောလှိုင်နှင့်အဖွဲ့သည် မေ ၆ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းသို့စစ်ဆေးရာတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းက လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြသည်။

သမားရိုးကျ လယ်ယာမြေပုံစံမှ အဆင့်မြင့်ဧကကွက်များ ဖြစ်ပေါ်လာသဖြင့် မြေပြင်ညီညာပြီး ရေကိုကောင်းမွန်စွာထိန်းချုပ်နိုင်သဖြင့် စပါးအထွက်နှုန်းတိုးလာခြင်းနှင့် စက်ကိရိယာများ အချိန်အခါမရွေးလုပ်ငန်းဝင်ရောက်ဆောင်ရွက်နိုင်မည့် အကျိုးကျေးဇူးများရရှိလာမည်ဖြစ်ကြောင်း သိရသည်။ **ကျိုက်ထို(ပြန်/ဆက်)**



## မိုးလေဝသ ဖြစ်စဉ်များ ဖြစ်ပေါ်နိုင်

**နေပြည်တော် မေ ၆**
မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် မေ ၆**
မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများကို သဇင် FM ၏ “**ပြည်သူ့ကြားကပြည်သူ့စကား**” အစီအစဉ်မှ “**လသားကလေးငယ်ပါမချန် အကြောင်းမဲ့သတ်ဖြတ်နေတဲ့ အကြမ်းဖက် PDF**” ခေါင်းစဉ်ဖြင့် မေ ၇ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် “**နိုင်ငံရေးဆိုတဲ့ခေါင်းစဉ်အောက်မှာ ထိုးကျွေးခံ PDF လူငယ်တွေရဲ့ဘဝ**” ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရေကြောင်းသတိပေးချက်ထုတ်ပြန်

**နေပြည်တော် မေ ၆**
မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေး လုပ်ငန်းများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် ကမ်းလွန်လုပ်ကွက်အမှတ်၊ M-5 & M-6 ရှိ ရတနာစီမံကိန်းတွင် Provision of Side Scan Sonar (SSS) and Associated Studies လုပ်ငန်းများအား MV. HAI DUONG 86 ရေယာဉ်ဖြင့် ဆောင်ရွက်သွားမည့် တည်နေရာကိုဖော်ပြသည့် Coordinate များဖြစ်သော Crab2 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၂ မိနစ် ၃၆ ဒသမ ၆၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၅ မိနစ် ၄၀ ဒသမ ၆၉ စက္ကန့် အတွင်းတွင် ၂၀၂၅ ခုနှစ် မေ ၁၃ ရက်မှ ၂၀၂၅ ခုနှစ် မေ ၃၁ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ်၊ M-5 & M-6 ရှိ ရတနာစီမံကိန်းတွင် Provision of Side Scan Sonar (SSS) and Associated Studies လုပ်ငန်းများအား MV. HAI DUONG 86 ရေယာဉ်ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါတည်နေရာများမှ ၄ ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက်(Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းမပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။ **သတင်းစဉ်**

# တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၆**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

မေ ၄ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဟိုပုံးတပ်နယ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ တာချီလိတ်မြို့မှ တောင်ကြီးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် ၁၀ စီး ပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၃၅ မျိုး လူသုံးကုန်ပစ္စည်း ၂၆ မျိုး၊ စားသောက်ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၅၈၃၇၉၈၇) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck ငါးစီး၊ Hino Profia Truck သုံးစီး၊ Isuzu Giga Truck တစ်စီး၊ Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၅၈၃၇၉၈၇ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

မေ ၅ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီ-ကော့ကရိတ် အာရှလမ်းမကြီးဘေး ရပ်ကွက် (၄) ရှိ ကုန်လှောင်ရုံတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်လမြိုင်မြို့နယ် ကျိုက်မရော ပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၉၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck တစ်စီး၊ Nissan Condor Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၉၅၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ရန်ကုန်တိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

ယင်းအပြင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး (၀)မိုင်နှင့် (၂၆/၄)မိုင်ကြား၌ မော်တော်ယာဉ်လေးစီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၄၅ မျိုး၊ လူသုံးကုန်ပစ္စည်း နှစ်မျိုး၊ စားသောက်ကုန်ပစ္စည်း ၁၅ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၅၄၂၇၁၄၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yu Tong Bus နှစ်စီး၊ King Long Bus တစ်စီး၊ Kan Baw Za Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၀၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၅၄၂၇၁၄၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးမြို့ရှောင်လမ်းဆုံ Brother ဆီဆိုင်အနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၂၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

မေ ၄ ရက်နှင့် ၅ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၄၂ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၈၂၄၁၅၁၂၇)ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်းမှုများကြောင့် သွင်းကုန်အစားထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

သတင်းစဉ်



# ရန်ကုန်ဘက်မှ ပဲခူးဘက်သို့ မောင်းနှင်လာသောယာဉ် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးတွင်ရပ်တန့်ထားသည့်ယာဉ်အား နောက်မှဝင်တိုက်

**နေပြည်တော် မေ ၆**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ မေ ၄ ရက်က ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသား တစ်ဦးသေဆုံးပြီး အမျိုးသား နှစ်ဦးနှင့် အမျိုးသမီးနှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၄ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် လှည်းကူးမြို့နယ် ရဲမွန်ကျေးရွာအနီး ရန်ကုန် - ပဲခူးကားလမ်းပေါ်၌ ယာဉ်တိုက်မှု ဖြစ်ပွားကြောင်း သတင်းအရ အမှတ် (၆၆) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ အဆိုပါလမ်းအတိုင်း ရန်ကုန်ဘက်မှပဲခူးဘက်သို့မုန်းမာန်အောင် (၃၂ နှစ်) မောင်းနှင်ပြီး ညောင်လေးပင်မြို့နယ် ညောင်လေးပင်ဈေးနေ မင်းဇော်ဦး (၄၀ နှစ်)၊ ဒိုက်ဦးမြို့နယ် (၅) ရပ်ကွက်နေ ကောင်းထက်စံ (၂၅ နှစ်)၊ သံတံတားရပ်ကွက်နေ ဒေါ်အေးသိန်း (၇၀) နှစ်နှင့် မသင်ဇာဝင်းတို့ လိုက်ပါလာသည့် YGN-2 6B-xxxx MITSUBISHI CANTER ယာဉ်သည် အခင်းဖြစ်နေရာ အရောက်၌ အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးတွင် ရပ်တန့်ထားသည့် MDY-12 7F-xxxx NISSAN DIESEEL TRACTOR HEAD ယာဉ်အား နောက်မှဝင်တိုက်မိခဲ့သဖြင့် မုန်းမာန်အောင်တွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးပြီး မင်းဇော်ဦး၊ ကောင်းထက်စံ၊ ဒေါ်အေးသိန်းနှင့် မသင်ဇာဝင်းတို့တွင် ဒဏ်ရာများ ရရှိခဲ့သောကြောင့် မုန်းမာန်အောင်အား လှည်းကူး မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

# စစ်ကိုင်းမြို့နယ်၌ လိုင်စင်မဲ့ မော်တော်ယာဉ်တစ်စီး ဖမ်းဆီးရမိ

**နေပြည်တော် မေ ၆**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်၌ မေ ၅ ရက်က လိုင်စင်မဲ့ မော်တော်ယာဉ်တစ်စီး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။




ဖြစ်စဉ်မှာ မေ ၅ ရက်နံနက် ၁၀ နာရီတွင် အမှတ်(၁၀၆) ယာဉ်ထိန်းရဲတပ်ဖွဲ့စု (စစ်ကိုင်း) မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က စစ်ကိုင်းမြို့ တကောင်းရပ်ကွက် ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် စလင်းမြို့နယ် ရွာတန်းရှည်ကျေးရွာနေ သန့်ဇော်ထွန်း(၂၅ နှစ်) မောင်းနှင်လာသော SHN-18/ RLG-xxxx MITSUBISHI PAJERO ခဲရောင်ယာဉ်အား ရပ်တန့်စစ်ဆေးရာ မော်တော်ယာဉ်နှင့် ပတ်သက်သည့် အထောက်အထား တစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ယာဉ်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် သန့်ဇော်ထွန်းအား စစ်ကိုင်းမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး (သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့်အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီးညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

# ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်းပြည်ပစေတနာရှင်ပြည်သူများက အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ ၂၈-၃-၂၀၂၅ ရက်နေ့တွင် မြန်မာနိုင်ငံ ပြည်တွင်း မန္တလေးမြို့အနီးကို ဗဟိုပြုလှုပ်ခတ်ခဲ့သော အင်အားပြင်း ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများအနေဖြင့် အလှူငွေနှင့် အလှူပစ္စည်းများ ပါဝင်လှူဒါန်းနိုင်ပါသည်။

၂။ အလှူငွေများကို မိုဘိုင်းငွေပေးချေမှုစနစ်ဖြင့် လှူဒါန်းလိုပါက KBZ Pay, CB pay, AYA Pay, OK$, Wave Money တို့၏ QR များကို Scan ဖတ်၍လည်းကောင်း၊ KBZ Pay QR code နံပါတ် 70157401001 သို့လည်းကောင်း၊ Wave Money ဖြင့် လှူဒါန်းလိုပါက ဖုန်းနံပါတ်(၀၉-၂၅၅၀၀၁၅၄၂ နှင့် ၀၉-၂၅၅၀၀၁၅၄၃) တို့သို့ တိုက်ရိုက်ပေးသွင်း၍လည်းကောင်း လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။ ထို့ပြင် ဗဟိုဘဏ်မှခွင့်ပြုထားသော မိမိနှစ်သက်ရာ မည်သည့် Digital Wallet သို့မဟုတ် ဘဏ် Mobile Application မှမဆို KBZ Pay MMQR နှင့် CB Pay MMQR၊ OK$ MMQR များကို Scan ဖတ်၍ လှူဒါန်းနိုင်ပါသည်။

၃။ ဘဏ်များမှ လှူဒါန်းလိုပါက မြန်မာကျပ်ငွေကို မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ငွေစာရင်းအမှတ် OA-011834 ကို ဖွင့်လှစ်ထားပြီး အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ဘဏ်ခွဲတွင် တိုက်ရိုက်ဖြစ်စေ၊ အခြား မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများနှင့် ပုဂ္ဂလိကဘဏ်၊ ဘဏ်ခွဲများအားလုံးတို့မှ တစ်ဆင့်ဖြစ်စေ ငွေသားဖြင့် ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

(ခ) ပြည်တွင်းရှိ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်ဘဏ်များတွင် ဖွင့်လှစ်ထားသော ကျပ်ငွေစာရင်းများမှ စာရင်းပြောင်း (Account transfer) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်။

၄။ ၎င်းအပြင် နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများသည် မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ဖွင့်လှစ်ထားသည့် နိုင်ငံခြားငွေစာရင်းအမှတ် (EDN-600018) သို့လည်း အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်တွင် အမေရိကန်ဒေါ်လာ ယူရို၊ စင်ကာပူဒေါ်လာ ငွေသားတို့ဖြင့် တိုက်ရိုက်ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

(ခ) မြန်မာ့စီးပွားရေးဘဏ်တွင် နိုင်ငံခြားငွေစာရင်းရှိသူများမှ စာရင်းပြောင်း (Account Transfer) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်၊

(ဂ) ပြည်တွင်း/ပြည်ပမှ နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများအနေဖြင့် -

- **SWIFT CODE – MYEBMMMY**
- **Beneficiary Name – Natural Disaster Management Fund**
- **Beneficiary A/C No–EDN–600018** သို့ လှူဒါန်းနိုင်ပါသည်။

၅။ အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည် -

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လွဲ့လွဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | ဒေါ်သက်သက်အေး<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၀၀၅၀၂၀၅၆ |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | - | - |

၆။ အလှူပစ္စည်းများကို အောက်ပါအတိုင်း ဆက်သွယ်ပေးပို့လှူဒါန်းနိုင်ပါသည် -

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

(ခ) ရုံးအမှတ်(၂၃)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ နေပြည်တော်။

(ဂ) ဗဟိုသိုလှောင်ရုံ(ရန်ကုန်မြို့)၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ အမှတ်(၃) ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ရန်ကုန်မြို့။

(ဃ) ဗဟိုသိုလှောင်ရုံ (မန္တလေးမြို့)၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ (၆၅) လမ်း၊ ၃၄x ၃၅ ကြား၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**



























## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးတက္ကသိုလ်(၂)ရန်ကုန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆေးတက္ကသိုလ်(၂)ရန်ကုန်မှ (၂၀၂၅-၂၀၂၆)ဘဏ္ဍာရေးနှစ်အတွက် ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် အောက်ဖော်ပြပါပစ္စည်းများ ဝယ်ယူလိုပါ၍ လိုင်စင်ရကုမ္ပဏီများ၊ လုပ်ငန်းရှင်များ၊ အရောင်းဆိုင်များထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

(၁) ဆေးဘက်ဆိုင်ရာသင်တန်းသုံးပစ္စည်းများ
(၂) လျှပ်စစ်ပစ္စည်းများ
(၃) ရုံးသုံးစက်ပစ္စည်းများ
(၄) ရုံးသုံးပရိဘောဂများ
(၅) အရပ်ရပ်သုံးပစ္စည်းများ
(၆) Medical Books & Journal

၂။ **အိတ်ဖွင့်တင်ဒါစတင်ရောင်းချမည့်နေ့ရက်** - (၇-၅-၂၀၂၅)ရက် (ဗုဒ္ဓဟူးနေ့)
**အိတ်ဖွင့်တင်ဒါပိတ်မည့်နေ့ရက်နှင့် အချိန်** - (၂၁-၅-၂၀၂၅)ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် (၁၂:၀၀)နာရီ
**အိတ်ဖွင့်တင်ဒါရောင်းချမည့်နေရာ** - အမှတ်(၆၇၇-၇၀၉)၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ဆေးတက္ကသိုလ်(၂)ရန်ကုန်။

၃။ တင်ဒါပုံစံဝယ်ယူခြင်းနှင့် တင်ဒါခေါ်ယူသည့်လုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက (ဖုန်း-၀၉-၇၆၃၅၉၂၅၁၀၊ ၀၉-၆၈၇၆၀၈၆၈၂) သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ဆေးတက္ကသိုလ်(၂) ရန်ကုန်**

## အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ
## ရွှေဘိုခရိုင်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ် -၁၃

မြန်မာ့စီးပွားရေးဘဏ်၊ ရွှေဘိုမြို့ (၎င်းကိုယ်စား ဒေါ်နေခြည်ဝင်း၊ ခရိုင်မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်၊ ရွှေဘိုမြို့) **နှင့်** ၁။ ဦးဝင်းညွန့် ၂။ ဦးညွန့်စိန် ၃။ ဒေါ်ဖြူဖြူလှိုင်

**တရားနိုင်** **တရားရှုံးများ**

ရွှေဘိုမြို့နယ်၊ သီးလုံးကျေးရွာ နေ ၁။ ဦးဝင်းညွန့်(ဘ) ဦးမိုး ၅/အတန(နိုင်)၀၂၆၄၇၅၊ ၂။ ဦးညွန့်စိန် (ဘ) ဦးမိုး ၅/ရဘန(နိုင်)၀၁၃၁၁၀၊ ၃။ ဒေါ်ဖြူဖြူလှိုင် (ဘ) ဦးဘဦး ၅/အတန(နိုင်) ၀၂၀၀၃၉၊ ဝင်းရတနာဆန်စက်လုပ်ငန်း (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

အထက်အမည်ပါတရားနိုင်က ဤရုံးသို့ ရွှေဘိုခရိုင်တရားရုံး ၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ်၁၅ တွင် ချမှတ်သည့်ဒီကရီကို ပြေကြေအောင်အလျှဉ်းဆောင်ရွက်ခြင်းမရှိသဖြင့် အပေါင်ပစ္စည်းများကို ထုခွဲရောင်းချပေးပါရန်နှင့် လေလံတင်ရောင်းချရငွေများမှ တရားနိုင်ရရန်ရှိငွေကို မပြည့်မီပါက မပြေကျန်ငွေအတွက် ပုဂ္ဂလိကဒီကရီချမှတ်ပေးပါရန် လျှောက်ထားသည်ဖြစ်၍ သင်က ဤလျှောက်လွှာအတိုင်း အမိန့်မချသင့်ကြောင်း အကြောင်းပြရန် ၂၀၂၅ ခုနှစ်၊ မေလ ၂၆ ရက် (၁၃၈၇ခုနှစ်၊ ကဆုန်လဆုတ် ၁၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤရုံးသို့ လာရောက်ရမည်။ မလာရောက်ခဲ့လျှင် အဆိုပါလျှောက်ထားချက်ကိုသင့်မျက်ကွယ်တွင် တစ်ဖက်သတ်ကြားနာစစ်ဆေး ဆုံးဖြတ်လိမ့်မည်။

၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၈ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကျော်သူအောင်)
**ခရိုင်တရားသူကြီး**
**ရွှေဘိုခရိုင်တရားရုံး**

## တစ်ချက်တည်းကျင်းဝင်

၂၀၂၅ခုနှစ်၊ မေလ(၁)ရက် ညနေ (၁၅:၁၅) နာရီတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြို့တော်ဂေါက်ကွင်း ငွေသော်တာကွင်း၌ ဦးတင်ကိုကိုသည် ၎င်း၏ကစားဖော်များဖြစ်ကြသော ဦးလှဝင်းနိုင်၊ ဦးဝဏ္ဏမောင်၊ ဦးစိုးအောင် နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၇) ကို (၁၄၅)ကိုက် အကွာမှ Titleist-2 ဘောလုံးအား Mayesty iron 8တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းကျင်းဝင်သွားပါသည်။

**ကစားဖော်များ**

## ပတ်စ်ပို့ပျောက်

မရန်ရီးလန်ဘ ၁၃/လကန(နိုင်)၀၀၇၁၁၃ ၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၁၀၆၉၃၉၈**

## ပတ်စ်ပို့ပျောက်

မခင်ဝင်းစိန် ၁၃/လရန(နိုင်) ၂၂၀၃၆၃ ၏ နိုင်ငံကူးလက်မှတ်အမှတ် MH-324244 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၀၆၇၇၁၉၉**

## ပတ်စ်ပို့ပျောက်

စိုင်းဆိုင်လင်း(ခ)စိုင်းမောင်မောင် ၁၃/လရန(နိုင်) ၁၈၄၈၇၂ ၏ နိုင်ငံကူးလက်မှတ် MH-483896 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၉၈၀၈၈၈၉**

## ပတ်စ်ပို့ပျောက်

မရင်ဆန်း ၁၃/လရန(နိုင်) ၂၃၂၉၃၈ ၏ နိုင်ငံကူးလက်မှတ်အမှတ် MD-445826 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၄၇၇၄၅၇၇**

## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးတက္ကသိုလ်(၂)ရန်ကုန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆေးတက္ကသိုလ်(၂)ရန်ကုန်မှ (၂၀၂၅-၂၀၂၆)/ဘဏ္ဍာရေးနှစ်အတွက် ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် အောက်ဖော်ပြပါ လုပ်ငန်းများကို ဆောင်ရွက်လိုပါ၍ တရားဝင်အသိအမှတ်ပြုလိုင်စင်ရ အဖွဲ့အစည်းများ ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

**ဆောင်ရွက်မည့်လုပ်ငန်းများ**

၁။ Dormitory(၆)ထပ်ဆောင်တွင်ထမင်းစားဆောင်(၄၈၀၀၈/ပေ)RC(၂)ထပ်ဆောက်လုပ်ခြင်းလုပ်ငန်း
၂။ Dormitory(၆)ထပ်ဆောင်တွင် သံပန်းတပ်ဆင်ခြင်းလုပ်ငန်း (၂၂၆၈၀ စ/ပေ)

၂။ **အိတ်ဖွင့်တင်ဒါစတင်ရောင်းချမည့်နေ့ရက်** - (၇-၅-၂၀၂၅)ရက်(ဗုဒ္ဓဟူးနေ့)
**အိတ်ဖွင့်တင်ဒါပိတ်မည့်နေ့ရက်နှင့်အချိန်** - (၂၇-၅-၂၀၂၅)ရက်(အင်္ဂါနေ့) မွန်းတည့်(၁၂:၀၀)နာရီ
**အိတ်ဖွင့်တင်ဒါရောင်းချမည့်နေရာ** - အမှတ်(၆၇၇-၇၀၉) ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ဆေးတက္ကသိုလ်(၂)ရန်ကုန်။

၃။ တင်ဒါပုံစံဝယ်ယူခြင်းနှင့် တင်ဒါခေါ်ယူသည့် လုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက (ဖုန်း-၀၉-၇၆၃၅၉၂၅၁၀၊ ၀၉-၆၈၇၆၀၈၆၈၂ သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ဆေးတက္ကသိုလ်(၂)ရန်ကုန်**

## အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ
## ရွှေဘိုခရိုင်တရားရုံးတော်
## ၂၀၂၄ခုနှစ်၊ တရားမဇာရီမှုအမှတ် ၁၄

မြန်မာ့စီးပွားရေးဘဏ်၊ ရွှေဘိုမြို့ (၎င်းကိုယ်စား ဒေါ်နေခြည်ဝင်း၊ ခရိုင်မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်၊ ရွှေဘိုမြို့) **နှင့်** ၁။ ဒေါ်မာမာနွဲ့ ၂။ ဦးကျော်ဝင်းဇော်

**တရားနိုင်** **တရားရှုံးများ**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ခင်ဦးမြို့၊ အောင်ချမ်းသာရပ်ကွက်နေ (၁)တရားရှုံး ဒေါ်မာမာနွဲ့(ဘ)ဦးညွန့်အောင် ၅/ခဥန(နိုင်)၀၀၃၃၉၃၊(၂) တရားရှုံး ဦးကျော်ဝင်းဇော် (ဘ) ဦးငွေဝင်း ၅/ခဥန(နိုင်) ၀၇၆၇၁၈၊ ဆန်စပါးရောင်းဝယ်ရေးလုပ်ငန်း(ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

အထက်အမည်ပါတရားနိုင်က ဤရုံးသို့ ရွှေဘိုခရိုင်တရားရုံး ၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၄တွင်ချမှတ်သည့် ဒီကရီကို ပြေကြေအောင် အလျှဉ်းဆောင်ရွက်ခြင်းမရှိသဖြင့် အပေါင်ပစ္စည်းများကို ထုခွဲရောင်းချပေးပါရန်နှင့် လေလံတင် ရောင်းချရငွေများမှ တရားနိုင်ရရန်ရှိငွေကို မပြည့်မီပါက မပြေကျန်ငွေအတွက် ပုဂ္ဂလိက ဒီကရီချမှတ်ပေးပါရန် လျှောက်ထားသည်ဖြစ်၍ သင်က ဤလျှောက်လွှာအတိုင်း အမိန့်မချသင့်ကြောင်း အကြောင်းပြရန် ၂၀၂၅ခုနှစ်၊ မေလ ၂၆ရက် (၁၃၈၇ခုနှစ်၊ ကဆုန်လဆုတ် ၁၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် သင်ကိုယ်တိုင် ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤရုံးသို့ လာရောက်ရမည်။ မလာရောက်ခဲ့လျှင် အဆိုပါ လျှောက်ထားချက်ကို သင့်မျက်ကွယ်တွင် တစ်ဖက်သတ်ကြားနာစစ်ဆေး ဆုံးဖြတ်လိမ့်မည်။

၂၀၂၅ခုနှစ်၊ ဧပြီလ ၂၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကျော်သူအောင်)
**ခရိုင်တရားသူကြီး**
**ရွှေဘိုခရိုင်တရားရုံး**

## ပတ်စ်ပို့ပျောက်

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ကျွဲခြံကျေးရွာနေ (ဘ) ဦးဝင်းမြင့်၏သား ကျွန်တော် မောင်ပြည့်စုံအောင်၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၆၁၇၈၈၃၁၀**

## မွေးသက္ကရာဇ်အမှန်နှင့် ဖခင်အမည်မှန်

ရမည်းသင်းမြို့နယ်၊ ကျီစုကျေးရွာနေ မဖြူစင်လတ် ၉/ရမသ(နိုင်) ၁၄၄၆၄၄၏ မွေးသက္ကရာဇ်အမှန်မှာ ၂၄-၅-၁၉၉၅ ဖြစ်ပြီး ၎င်း၏ ဖခင် ဦးမောင်မောင်နိုင် အမည်မှန်မှာ ဦးမောင်နိုင် ၉/ ရမသ(နိုင်)၁၀၁၄၃၃ ဖြစ်ပါကြောင်း။

## နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန် ကြေညာခြင်း

ဦးတင်ထွန်းအောင်(ဘ)ဦးစိုးရီ(၁၄/ဝခမ(နိုင်)၁၅၆၄၅၁)နှင့် ဒေါ်ပေရယ်မျိုး (ဘ)ဦးသက်နိုင် (၁၂/သကတ(နိုင်)၁၅၉၅၅၂၅) တို့သည် (၇-၄-၂၀၂၅) ရက်တွင် သက်သေများရှေ့မှောက်၌ နှစ်ဦးသဘောတူ အကြင်လင်မယား အဖြစ်မှ ကွာရှင်းပြတ်စဲပြီးကြောင်းနှင့် နှစ်ဦးသဘောတူကွာရှင်းပြီးသည့် နေ့မှစ၍ တစ်ဦးနှင့်တစ်ဦး အိမ်ထောင်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ကိုယ်ရေးကိုယ်တာကိစ္စအဝအဝတို့ကို ဝင်ရောက်စွက်ဖက်ခြင်း၊ နှောင့်ယှက်ခြင်း၊ သက်ဆိုင်ခြင်း၊ အလျှဉ်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇင်သူဇာကျော်**
**အထက်တန်းရှေ့နေ (စဉ်-၅၆၃၅၅)**
**ဖုန်း-၀၉-၂၆၃၅၃၈၇၉၅**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ လှာကမြင်ကျေးရွာအုပ်စုနေ ဒေါ်အေးအေးမြင့်(၃/ဘအန(နိုင်)၀၁၆၀၄၈) ၏သမီး မမြတ်မာလာသိန်း(၃/ဘအန(နိုင်) ၂၇၅၄၉၈)သည် မိခင်၏ဆိုဆုံးမမှုကို နာခံမှုမရှိဘဲ ၎င်းသဘောဆန္ဒအရ မိခင်တားမြစ်သည့်ကြားမှ ခွင့်မလွှတ်နိုင်သည့်ကိစ္စရပ်များကိုပြုမူပြီး မိခင်အားစိတ်ဆင်းရဲအောင်အကြိမ်ကြိမ်ပြုမူပါသဖြင့် ၎င်းအား ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စအဝဝကိုမဆို တာဝန်ယူဖြေရှင်းမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မိခင်-ဒေါ်အေးအေးမြင့်**
**၃/ဘအန(နိုင်)၀၁၆၀၄၈**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ခရိုင်(၁၄)ခရိုင်အတွင်းရှိ System Improvementလုပ်ငန်းများထရန်စဖော်မာနှင့်ဓာတ်အားလိုင်းများတိုးချဲ့ခြင်းနှင့် အစားထိုးခြင်းလုပ်ငန်းများ၊ အရေးပေါ်ထိန်း/ပြင်လုပ်ငန်းများနှင့် ကောင်းကင်ဓာတ်အားလိုင်းများအား မြေအောက်ကြိုးဖြင့် အစားထိုးလဲလှယ်ခြင်းလုပ်ငန်းအတွက်လိုအပ်သော ထရန်စဖော်မာနှင့်ဆက်စပ်ပစ္စည်းများ မြေအောက်ကြိုးဆက်စပ်ပစ္စည်းများ၊ Main Transformer များ၊ Tools and Equipmentများ ၊ ACSR များအား မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံများနှင့် အချက်အလက်များကို ဌာနမှ သတ်မှတ်နှုန်းထားအတိုင်း (၇.၅.၂၀၂၅)ရက်နေ့မှစတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ (၂၁.၅.၂၀၂၅) ရက်နေ့၊ (၁၄:၀၀) နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဌာနသို့ရုံးချိန်အတွင်းလာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ရန်ကုန်
## စက်ပစ္စည်းများဝယ်ယူခြင်း လုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်တွင် (၂၀၂၅-၂၀၂၆)ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် အောက်ဖော်ပြပါ ပစ္စည်းများ ဝယ်ယူလိုပါ၍အစိုးရအသိအမှတ်ပြုမြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၂။ **ပစ္စည်းစာရင်းများ**
၁။ စက်ပစ္စည်း
၂။ ရုံးသုံးစက်ကိရိယာများ
၃။ ရုံးသုံးပရိဘောဂများ
၄။ အခြားရုံးသုံးပစ္စည်းများ

၃။ (က) **အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့်ရက်** - (၈-၅-၂၀၂၅)ရက် (ကြာသပတေးနေ့) (ရုံးချိန်အတွင်း)
(ခ) **အိတ်ဖွင့်တင်ဒါနောက်ဆုံး တင်သွင်းရမည့်ရက်** - (၃-၆-၂၀၂၅)ရက် (အင်္ဂါနေ့) ညနေ (၄)နာရီ
(ဂ) **တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်** - ထပ်မံကြေညာပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံ ရောင်းချခြင်းနှင့် တင်ဒါတင်သွင်းရမည့်လိပ်စာမှာ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်၊ ရန်ကုန်၊ အောက်မင်္ဂလာဒုံလမ်းမကြီး၊ အောင်ဆန်း(၁)ဂိတ်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ဖြစ်ပြီး သိရှိလိုသည်များ စုံစမ်းလိုပါက (ဖုန်း-၀၁-၃၆၄၅၇၅၃၊ ၀၁-၃၆၄၅၇၄၄၊ ၀၁-၃၆၄၅၇၄၆)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 52W/40429 Honda Wave 100M/C ယာဉ်လက်ဝယ်ရှိသူ ဦးအာကာမျိုး ၁၄/ဟကက(နိုင်)၀၀၉၀၂၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့၊ ဘုရားကြီးပိုင်းရပ်ကွက်၊ (၃)လမ်းနေ ကွယ်လွန်သူ (ဘ)(ဦးသံချောင်း)နှင့် မိခင်ဒေါ်ဖြူဖြူ(ခ)ဒေါ်ထွေးထွေး ၇/သနပ(နိုင်)၀၀၇၆၄၇ တို့၏ သား ဦးအောင်ပိုင်စိုး ၇/သနပ(နိုင်)၀၇၃၈၃၉ သည် မိခင်၏ဆိုဆုံးမမှုကို မနာခံဘဲ မိခင်ဖြစ်သူအား စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်အောင် အကြိမ်ကြိမ် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ ရာသက်ပန် အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ဦးအောင်ပိုင်စိုးနှင့် ပတ်သက်သော မည်သည့် ကိစ္စကိုမှ တာဝန်ယူဖြေရှင်း ပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**မိခင် ဒေါ်ဖြူဖြူ(ခ)ဒေါ်ထွေးထွေး**
**သနပ်ပင်မြို့။**

## အမည်ပြောင်းလဲခေါ်ပါရန်

မိုင်းဖြတ်မြို့၊ (ကွက်သစ်) ရပ်ကွက်နေ (ဘ)ဦးထွန်းထွန်းဝင်း၏သမီး မဂျူလှိုင်ထွန်း ၁၃/မဖန(နိုင်)၀၃၁၀၆၂ အား မချမ်းမြရွှေရည် ဟုအမည်ပြောင်းလဲခေါ်ပါရန်။

**မချမ်းမြရွှေရည်**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်ခင်မိုးထိုက် ၁၂/ဥကမ(နိုင်)၁၂၃၀၄၉၏ ပတ်စ်ပို့နံပါတ် (A-301828)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၆၂၆၃၄၁၆၅**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ဗိုလ်မင်းရောင်လမ်း၊ အမှတ်(၂၅)ဟုခေါ်တွင်သောငါးထပ်တိုက်၏ခြေရင်းဘက် တတိယထပ်(၄-လွှာ)တိုက်ခန်းကို မြေရှင်ဒေါ်သန္တာ ၁၂/ဒပန(နိုင်)၀၄၂၆၅၈ က တစ်ဦးတည်းပိုင်ဆိုင်သည်ဟု ဆိုကာ ဒေါ်စမ်းသော်တာဝင်း ၁၂/ဒပန(နိုင်)၀၆၅၄၃၁ အား ၂၀-၄-၂၀၂၅ ရက်စွဲပါ ကတိစာချုပ်ဖြင့် ရောင်းချခဲ့ပြီး ၎င်းထံမှကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ၎င်းတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးသက်ဆိုင်သည်ဟု အဆိုရှိသူမည်သူမဆို ကျွန်ုပ်ထံသို့ အထောက်အထားများနှင့်အတူ နှစ်ပတ်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်

**ဒေါ်သန္တာမြင့်(စဉ်- ၈၅၀၂/၂၀၁၂) တရားလွှတ်တော်ရှေ့နေ**
**တိုက်(၃)၊ အခန်း(၁၈)၊ ရွှေဂုံရိပ်မွန်အိမ်ရာ၊ ကိုယ့်မင်းကိုယ်ချင်းရပ်ကွက်၊**
**ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉၂၆၃၄၆၂၄၂၅**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၃၂)၊ လူနေရပ်ကွက် အမှတ်(၁၂၃)၊ ဦးစိုးအမည်ပေါက်နှစ်(၆၀)မြေငှား ဂရန်မြေကွက်၊ မြေအကျယ်အဝန်းပေ(၄၀x၆၀)ရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော(၂)ခန်းတွဲ(၆)ထပ်တိုက်ဖြစ်ပြီး အဆိုပါ(၆)ထပ်တိုက် အဆောက်အအုံ၏ အပေါ်ဆုံးထပ် (ခြေရင်းခန်း) (B-6)အလျား(၁၇ပေ)၊ အနံ(၅၄ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချသူ ဒေါ်မြင့်မြင့်စိန် ၁၂/သဃက(နိုင်)၀၉၇၅၆၉မှ အဆိုပါတိုက်ခန်းကို ဆက်စပ်စာချုပ်အဆက်စပ်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း၊ ရောင်းချခွင့်ရှိကြောင်း ထုတ်ဖော်ဝန်ခံလျက် ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နီနီအေးမှ ဝယ်ယူရန်အတွက် ၎င်းအားရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ စာရွက်စာတမ်းမူရင်းများနှင့်တကွကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီး ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်နုမြသန္တာ ( LL.B ) တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၄၁၀၄)(၁၆-၁-၂၀၁၈)**
**အမှတ်(၄၃)၊ ပစ္စင်းကြီးလမ်း၊ ဘောင်းဒွတ်သားစုရပ်ကွက်၊ စစ်တွေမြို့**
**ဖုန်း-၀၉-၄၅၀၅၄၁၆၈၉**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 79W/28467 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(တောင်ငူ)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/ဆင်ဖြူရှင်ရပ်၊ ဆင်ဖြူရှင်ရပ်ကွက်ရှိ တပ်သားဇော်ဦး(ကိုယ်ပိုင်အမှတ်၈၁၄၈၁၈) ၉/ပမန(နိုင်)၁၇၀၃၅၁ (ဘ) ဦးမောင်မောင်အမည်ပေါက် ပါမစ်မြေကွက်အမှတ် ပစ(င) ၁၃၈၄ အမည်ပေါက်(ကွယ်လွန်)၏ တရားဝင်အမွေခံဇနီးဖြစ်သူ ဒေါ်သန်းသန်းမြင့် ၁၂/သကတ(နိုင်)၀၀၈၃၃၈ (ဘ) ဦးအုန်းသော်မှ တရားဝင် အမွေခံဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ၊ တပ်သားဇော်ဦးသေဆုံးခြင်းလက်မှတ်မိတ္တူ၊ မြေကွက်ပေါ်ရှိအဆောက်အအုံပုံများတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံ(၅၀)ရပ်ကွက်၊ ဒူးယား(၄)လမ်း၊ အမှတ်(၅၇၇)နေ ဒေါ်ဥမ္မာဖြိုးတင် ၁၂/သဃက(နိုင်)၀၄၂၇၈၂၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဥမ္မာဖြိုးတင်၏သား မောင်ခန့်ငြားကိုကို(ခ) ရွှေကျီးညို ၁၂/သဃက(နိုင်)၂၁၅၃၂၀ သည် မိခင်ဖြစ်သူ၏ ဆိုဆုံးမမှုကိုနာခံခြင်းမရှိဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး မိခင်သဘောမတူသည့်ကိစ္စကိုပြုလုပ်သွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** | |
| **ဒေါ်ဥမ္မာဖြိုးတင်** | **ဒေါ်မိုးမြင့်ကြည်** | **ဒေါ်အေးမြိုင်** |
| **၁၂/သဃက(နိုင်)၀၄၂၇၈၂** | **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| | **စဉ်-၁၄၈၆၁** | **စဉ်-၅၅၉၁** |

**အမှတ် ၆၊ ဦးစံဖေလမ်း၊ ဦးစံဖေရပ်ကွက်၊**
**သင်္ဃန်းကျွန်းမြို့နယ်၊**
**ဖုန်း-၀၉-၅၁၀၅၃၉၅**

## တင်ဒါနောက်ဆုံးတင်သွင်းမည့်ရက်အားပြင်ဆင်ခြင်း

၆-၄-၂၀၂၅ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၉) မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း ကြော်ငြာတွင် အိတ်ဖွင့်တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက် ၉-၅-၂၀၂၅ရက်အစား ၃၀-၅-၂၀၂၅ ရက်အဖြစ် ပြင်ဆင်သတ်မှတ်လိုက်သည်။

## မြန်မာနိုင်ငံတော်ဗဟိုဘဏ် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ICT System အတွက် တည်ဆောက်အသုံးပြုထားသော Data Center တွင် တပ်ဆင်အသုံးပြုထားသည့် Container Data Center Facility များ ပြုပြင်ထိန်းသိမ်းခြင်းနှင့် လုပ်ငန်းဝန်ဆောင်မှုအတွက် ပြည်တွင်းရှိ ကုမ္ပဏီတစ်ခုခုထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါ သည်။

၂။ တင်ဒါစည်းကမ်းများပါဝင်သော အိတ်ဖွင့်တင်ဒါပုံစံကို (၉-၅-၂၀၂၅)ရက်မှ (၁၆-၅-၂၀၂၅)ရက်အထိ ရုံးဖွင့်ရက်များအတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ် (ရန်ကုန်ဘဏ်ခွဲ)၊ စီမံခန့်ခွဲမှုနှင့်လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာနကြီး၊ သတင်းအချက်အလက်နှင့်နည်းပညာဌာန၊ Network Section၌ လာရောက်ဝယ်ယူနိုင်ပါ သည်။

၃။ အိတ်ဖွင့်တင်ဒါများကို (၃၀-၅-၂၀၂၅)ရက် မွန်းလွဲ(၂:၀၀)နာရီတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် (ရန်ကုန်ဘဏ်ခွဲ)၊ စီမံခန့်ခွဲမှုနှင့်လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာနကြီးတွင် တင်သွင်းရန် ဖြစ်ပါသည်။ (သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ)

၄။ အိတ်ဖွင့်တင်ဒါ တင်သွင်းလိုသူသည် တင်ဒါတန်ဖိုး၏ ၁% အား တင်ဒါအာမခံကြေးအဖြစ် (၃)လသက်တမ်းရှိသော Bank Guarantee အား သတ်မှတ်တင်ဒါ စာရွက်စာတမ်းများနှင့်အတူ ချိတ်ပိတ်တင်သွင်းရပါမည်။ (ငွေသား သို့မဟုတ် P.O Cheque ဖြင့် တင်သွင်းခြင်းကို လုံးဝ(လုံးဝ) လက်ခံမည်မဟုတ်ပါ)

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာနကြီး(ရန်ကုန်ဘဏ်ခွဲ)၊ သတင်းအချက်အလက်နှင့်နည်းပညာဌာန၊ Network Section၊ ဖုန်း-၀၁-၉၅၅၉၄၈၉ နှင့် Email လိပ်စာ networkteam@cbm.gov.mm သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ဦးကိုကိုအောင် ၁၂/လသယ(နိုင်)၀၄၂၆၇၁ နှင့် ဒေါ်ဆုမြတ်မွန် ၇/ပမန(နိုင်)၁၅၅၂၃၈ တို့သည် ၂၀၂၂ ခုနှစ်တွင် နှစ်ဦးသဘောတူ လက်ထပ်ထိမ်းမြားပြီး အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့ကြသူများဖြစ်ပါသည်။ သားသမီး ထွန်းကားခြင်းမရှိပါ၊ ၁-၅-၂၀၂၅ရက်တွင် တစ်ဦးနှင့်တစ်ဦး အကြင်လင်မယားအဖြစ် ဆက်လက်ပေါင်းသင်းလိုသည့် စိတ်ဆန္ဒမရှိတော့သည့်အတွက် နှစ်ဦးသဘောတူတိကျပြတ်သားစွာ ညှိနှိုင်းပြီး နှစ်ဦးသဘောတူ တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း တစ်ဦးနှင့်တစ်ဦးသက်ဆိုင်ခြင်း အလျှင်းမရှိတော့ပါကြောင်းနှင့် ၁-၅-၂၀၂၅ ရက်တွင်ချုပ်ဆိုသော ကိုယ်တိုင်ကတိ ဝန်ခံစာချုပ်ဖြင့် အမှတ် ၅/၅လွှာ၊ ဇေယျာသုခလမ်း၊ မုန့်လုပ်ဆောင်းကုန်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟု ခေါ်တွင်သော တိုက်ခန်း၏ စီရင်ပိုင်ခွင့်အားဦးကိုကိုအောင်မှ ဒေါ်ဆုမြတ်မွန်အား အပြီးအပိုင်လွှဲပြောင်းပေးအပ်ပြီးဖြစ်ပါကြောင်းတို့အား အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကိုကိုအောင်နှင့် ဒေါ်ဆုမြတ်မွန်တို့၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန္တာမြင့်ဝင်း(LL.B, D.B.L, D.M.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၄၃၈)**
**ဖုန်း-၀၉-၂၅၀၅၂၈၆၁၆**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မုဒိတာအိမ်ရာ(၂)၊ တိုက်ခန်းအမှတ် 2B-998(A) ဟုခေါ်တွင်သည့်တိုက်ခန်း(၁)ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်ပိုင်ဆိုင်သောကွယ်လွန်သူ ဦးမြင့်အောင် ၁၂/ဗတထ(နိုင်)၀၂၀၃၂၉ ၏ဇနီးတော်စပ်သူ ဒေါ်ခင်ရွှေ(ခ)ဒေါ်ရှမ်းမ ၁၂/ဥကမ(နိုင်)၁၀၄၃၇၂ သည် ဥပဒေနှင့်အညီ လွှဲပြောင်းရောင်းချနိုင်သည်ဟု ဝန်ခံကတိပြုပြောဆိုပြီး ကျွန်မ ဒေါ်ဆွေဆွေအောင် ၁၂/ဥကမ(နိုင်)၁၈၃၃၆၉ အား အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ ၁လအတွင်း ကျွန်မဒေါ်ဆွေဆွေအောင်ထံ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဆွေဆွေအောင်**
**၃/၁၈၇ ၊ ဂန္ဓာမာလမ်း၊ ဝေဘာဂီ(၃)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၄၂၁၀၂၆၉၄၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ မြေကွက်အမှတ် ၁၀၁၃/က၊ မြေကွက်တည်နေရာအမှတ်-၁၀၁၃/က၊ ၁၄လမ်း၊ ၁၃ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ (ဒေါ်သိန်းညွန့်) ၁၂/ဥကတ(နိုင်)၀၆၅၀၄၁ အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဒေါ်သိန်းညွန့် မြေကွက်အား ဦးညို(ဖခင်)နှင့် ဒေါ်သိန်းညွန့်(မိခင်)တို့ ကွယ်လွန်သဖြင့် ဒေါ်ကျင်မြင့် ၁၂/ဥကတ(နိုင်) ၀၆၁၇၀၄၊ ဒေါ်လှလှမော် ၁၂/ဥကတ(နိုင်)၀၆၅၀၄၆ တို့မှ သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာအမှတ်-၃၄၂/၂၀၂၅(၁၁-၂-၂၀၂၅)၊ ထောက်ခံကျမ်းကျိန် လွှာ(၂)စောင်၊ ဂရန်၊ နိုင်၊ ကတ်များ၊ သေစာရင်းများ၊ အိမ်ထောင်စုစာရင်းများ၊ ဝန်ဆောင်ခတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မျိုးစေ့ဌာနခွဲမှ ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့နယ်၊ ဒမငယ်ကျေးရွာ၊ သစ်ချိုမျိုးသန့်ခြံရှိ စိုက်ဧရိယာ(၄၀၀)ကေအား မြန်မာကျပ်ငွေဖြင့် ငှားရမ်းလိုပါသဖြင့် စိတ်ပါဝင်စားသူ ပုဂ္ဂလိက လုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - (၇-၅-၂၀၂၅)ရက် မှ (၁၉-၅-၂၀၂၅)ရက်အထိ (ရုံးချိန်အတွင်း)

၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - စိုက်ပျိုးရေးဦးစီးဌာန၊ ထောက်ပံ့ဖြည့်တင်းရေးဌာနခွဲ၊ ရုံးအမှတ်(၄၃)၊နေပြည်တော်

၄။ **တင်ဒါလျှောက်လွှာပိတ်ရက်** - (၂၀- ၅-၂၀၂၅)ရက်၊(၁၃:၀၀)နာရီ

၅။ အသေးစိတ်သိရှိလိုပါက စိုက်ပျိုးရေးဦးစီးဌာန(ထောက်ပံ့ဖြည့်တင်းရေးဌာနခွဲ၊ ရုံးအမှတ် (၄၃)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ လည်းကောင်း၊ ဖုန်း-၀၆၇-၃၄၁၀၃၂၈ သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**စိုက်ပျိုးရေးဦးစီးဌာန**

## နေပြည်တော်၊ လမ်းဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(၁/၂၀၂၅-၂၀၂၆)

၁။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်လမ်းဦးစီးဌာန၊ ဥတ္တရခရိုင်၊ ဇေယျာသီရိခရိုင်၊ လယ်ဝေးခရိုင် ပျဉ်းမနားခရိုင် နှင့် လမ်းအထူးအဖွဲ့ (၁၃) တို့မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု / နေပြည်တော်ကောင်စီခွင့်ပြုရန်ပုံငွေများဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သော စံချိန်စံညွှန်းမီ အရည်အသွေးပြည့်ဝသည့် တည်ဆောက်ရေး လုပ်ငန်းသုံးပစ္စည်းများကို အိတ်ဖွင့်တင်ဒါစနစ် **(မြန်မာကျပ်ငွေ)** ဖြင့် ဝယ်ယူမည် ဖြစ်ပါသဖြင့် စိတ်ဝင်စားသူ နိုင်ငံသား လုပ်ငန်းရှင်များအား လာရောက်ယှဉ်ပြိုင်တင်သွင်းနိုင်ပါကြောင်း အသိပေး ဖိတ်ခေါ်အပ်ပါသည်။

(က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၁၄-၅-၂၀၂၅ရက် (ဗုဒ္ဓဟူးနေ့)

(ခ) **တင်ဒါလျှောက်လွှာ ဝယ်ယူရမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး ဥတ္တရခရိုင်/ဇေယျာသီရိခရိုင်/ လယ်ဝေးခရိုင်/ ပျဉ်းမနားခရိုင်၊ လမ်းဦးစီးဌာနရုံးများ လမ်းအထူးအဖွဲ့ (၁၃) ပျဉ်းမနားရုံး

(ဂ) **တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်/အချိန်** - ၂၂-၅-၂၀၂၅ ရက်(ကြာသပတေးနေ့) မွန်းတည့် (၁၂:၀၀)နာရီ

၂။ တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဖော်ပြပါဖုန်းနံပါတ်များ ဥတ္တရခရိုင်၊ လမ်းဦးစီးဌာန (ဖုန်း-၀၆၇-၄၅၁၀၂၃၈ ၊ ၀၉-၄၀၃၄၁၉၃၉၂ ၊ ၀၉-၉၅၀၆၀၀၀၅၉)၊ ဇေယျာသီရိခရိုင်၊ လမ်းဦးစီးဌာန (ဖုန်း-၀၉-၉၇၇၁၆၈၄၆၄၊ ၀၉-၉၆၉၉၇၂၉၅၃)၊ လယ်ဝေးခရိုင်၊ လမ်းဦးစီးဌာန (ဖုန်း-၀၆၇-၅၅၀၄၆၇၊ ၀၉-၈၉၈၀၁၁၀၉၂၃)၊ ပျဉ်းမနားခရိုင်၊ လမ်းဦးစီးဌာန (ဖုန်း-၀၆၇-၅၅၀၃၂၈၊ ၀၉-၄၃၀၄၄၂၀၃)၊ လမ်းအထူးအဖွဲ့ (၁၃) ပျဉ်းမနား-ဖုန်း-၀၉-၄၅၅၈၇၉၅၄၂ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## သက်ဆိုင်သူများ ကန့်ကွက်နိုင်ရန်နှင့်အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ မြေကွက်အမှတ်(၁၂၈)၊ (၃)မာန်ပြေရပ်ကွက်၊ မာန်ပြေ(၁၉)လမ်း၊ အမှတ်(၁၀) ဟုခေါ်တွင်သော မြေကွက်အဆောက်အအုံပေါ်တွင် ဆောက်လုပ်မည့် နှစ်ခန်းတွဲ (၆)ထပ်တိုက် အဆောက်အအုံ၏ လမ်းအတွင်းဘက်ခြမ်းခန့်မှန်းအကျယ်အဝန်း (၁၇ပေx၅၄ပေ) မြေညီ တိုက်ခန်း(၁)ခန်းနှင့် တိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိဆောက်လုပ်နေပြီး ရောင်းချပိုင်ခွင့်ရှိသူ ကန်ထရိုက်တာ ဒေါ်ထက်ထက်ဇင်မြင့် (AYE FAMILY YANGON Construction Co. Ltd) ၁၂/သကတ(နိုင်)၁၉၄၉၃၈ ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ အထက်ဖော်ပြပါ တိုက်ခန်းအား သက်ဆိုင်ရာ ကန့်ကွက်လိုသည်များရှိပါက ခိုင်လုံသော တရားဝင်စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင်ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၀ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါ တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တိုးတိုးကျော်(စဉ်-၈၃၈၇) LL.B, D.B.L တရားလွှတ်တော်ရှေ့နေ**
**အမှတ် (၄၆)၊ လမ်း(၁၂၀)၊ ရေတွင်းကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်**
**ဖုန်း-၀၉-၅၁၀၀၇၀၄၂**

## ယာဉ်မှတ်ပုံတင်(ကမ-၃)စာအုပ် ပျောက်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 83W/81015 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရှားရှား ၇/ထတပ(နိုင်)၁၇၈၉၇၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (တောင်ငူ)**

## ယာဉ်မှတ်ပုံတင်(ကမ-၃)စာအုပ် ပျောက်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 79W/28467 ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန္ဒာနွယ် ၇/အတန(နိုင်)၁၃၈၄၈၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (တောင်ငူ)**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာနအတွက်၂၀၂၅ -၂၀၂၆ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဝယ်ယူမည့် လုပ်ငန်းသုံးစက်ပစ္စည်း(၂၂)မျိုး၊ ရုံးသုံးပစ္စည်း(၃)မျိုး၊ အဆောက်အအုံနှင့် လမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း(၆)ခုနှင့် QA/QC လုပ်ငန်းတို့အတွက် မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ကြောင်း ဖိတ်ခေါ်ပါသည်။

(က) **တင်ဒါလျှောက်လွှာပုံစံများ ရောင်းချမည့်ရက်** - ၇-၅-၂၀၂၅ရက်မှ ၂၀-၅-၂၀၂၅ရက်အထိ

(ခ) **တင်ဒါလျှောက်လွှာပုံစံများ နောက်ဆုံးတင်သွင်းရမည့်ရက်** - ၂၁-၅-၂၀၂၅ရက်၊ (၁၆:၀၀)နာရီ

(ဂ) **တင်ဒါပုံစံရောင်းချမည့်နေရာ** - သုတေသနနှင့် တီထွင်ဆန်းသစ်မှု ဦးစီးဌာန၊ အမှတ်(၆)၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်မြို့

၂။ တင်ဒါတင်သွင်းခြင်းနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များအားသိရှိလိုပါက သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ ဖုန်း-၀၉-၈၈၄၂၃၅၉၃၀ သို့ ရုံးချိန်အတွင်းဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန**

## ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ မြို့ကွင်း(ငဝန်မြစ်ကူး)တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်း ဈေးပြိုင်လေလံစနစ်ဖြင့် တင်ဒါခေါ်ယူခြင်း

၁။ ရောဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်ရှိ မြို့ကွင်း(ငဝန်မြစ်ကူး) တံတားဖြတ်သန်းခကောက်ခံခြင်းလုပ်ငန်းအား နိုင်ငံသားလုပ်ငန်းရှင်များသို့ ၁-၆-၂၀၂၅ ရက်မှ ၃၁-၅-၂၀၂၈ ရက်ထိ (၃)နှစ်သက်တမ်းဖြင့် ငှားရမ်းလုပ်ကိုင်ခွင့်ကို မြန်မာ့မီးရထား၊ မန်နေဂျာ(သွားလာရေး/တိုင်း)၊ တိုင်းအမှတ်(၉) ဟသ်ာတရုံး၌ ၂၈-၅-၂၀၂၅ရက်၊ နံနက် (၁၁:၀၀)နာရီတွင် ဈေးပြိုင်လေလံစနစ်ဖြင့် တင်ဒါ ခေါ်ယူ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ တင်ဒါဝင်ရောက်ယှဉ်ပြိုင်လိုသူများအနေဖြင့် တင်ဒါစည်းကမ်းချက်နှင့် တင်ဒါအဆိုပြုလွှာပုံစံများကို (၁)စုံလျှင်(၁၀၀,၀၀၀/-)ကျပ်နှုန်းဖြင့် မန်နေဂျာ(သွားလာရေး/တိုင်း) တိုင်းအမှတ်(၉) ဟသ်ာတရုံးတွင် (၂၆-၅-၂၀၂၅) ရက်မှ (၂၇-၅-၂၀၂၅)ရက်ထိ ရုံးချိန်အတွင်း(ရုံးပိတ်ရက်မပါ) ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မြန်မာ့မီးရထား၊ မန်နေဂျာ(သွားလာရေး/တိုင်း)၊ တိုင်းအမှတ်(၉)ဟသ်ာတရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၄၄-၂၀၂၂၀၃၉၊ ၀၉-၈၉၁၇၅၀၁၁၅ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ရောဝတီတိုင်းဒေသကြီး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၅/မြို့မအရှေ့ရပ် ဇဝနဒီပရပ်ကွက်မှ မြေဧရိယာ ၀ ဒသမ ၁၁၀ဧကရှိ ဒေါ်ခင်သိန်းနု ၁၂/ဗတထ(နိုင်)၀၁၇၁၇၄ (ဘ) ဦးသန်းဟန် အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ် မြေကွက်အမှတ် (ပ-၂၁၂၈)ကို ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၄၄၇၀/၂၀၂၁(၂၄-၆-၂၀၂၁) ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်နွေမာစိုး ၁၁/ဘသတ(နိုင်)၀၂၁၉၂၄ (ဘ) ဦးမောင်ကျော်နိုင်မှ ဦးစိုးဇော်အောင် ၁၂/မဂတ(နိုင်)၀၄၃၆၆၈ နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက် အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 74W/24123 New Zhineng 110 ယာဉ်လက်ဝယ်ရှိသူ ဦးရဲနိုင်စိုး ၁၄/လပတ(နိုင်)၂၃၉၇၄၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟသ်ာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/42065 Kenbo 110M/C ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးအောင် ၇/ရတန(နိုင်)၁၃၁၆၂၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ပြည်)ပြည်မြို့**

## အင်္ဂလိပ်ဖောင်းကြွ နံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 44W/15902 ၏ အင်္ဂလိပ် ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 56W/84577 Yin Anbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဦး ၉/ခမစ(နိုင်)၀၁၃၄၂၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မအိမ်ရာ၊ မင်းဓမ္မ လမ်း၊ VillaB-1 အမှတ်(၆၅)နေ ဒေါ်မာလာဝင်း(၁၂/သဃက(နိုင်)၀၄၂၅၃၈)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်-

မွန်ပြည်နယ်၊ သထုံခရိုင်၊ ကျိုက်ထိုမြို့၊ လှည်းလမ်းကူးကျေးရွာ၊ ကွင်း/အကွက်အမှတ်နှင့် အမည် (OS-၂၀၊ စိန်ကလဲ့အပြင်ကွင်း)၊ ဧရိယာ(၇)ဧကရှိသည့် ဦးထွန်းဝင်း ၁၀/သဖရ(နိုင်)၀၆၄၉၀၆ အမည်ပေါက်မြေနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်လက်ဝယ်ထားရှိပိုင်ဆိုင်၍ အပေါင်အနှံ၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုပြောဆိုသူ ဦးထွန်းဝင်းထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မာလာဝင်းမှ စရန်ငွေအဖြစ် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ပြုလုပ်သည့် မြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသည်ဟု အဆိုပြုသူမည်သူမဆို ဤကြေညာချက်ပါရှိသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ သို့မဟုတ် ကျွန်ုပ်၏မိတ်ဆွေထံသို့ တိကျခိုင်လုံသော စာချုပ်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အပြီးအပိုင်ရောင်းဝယ်မှုကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကျွန်ုပ်မိတ်ဆွေ ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးတင်အေး(ရေတာရှည်)၊ H.G.P, LL.B., D.B.L**
**တရားလွှတ်တော်ရှေ့နေ(၅၇၈၈/၉၁)**
**ရုံး - အမှတ်(၅၈၉)၊ ဗိုလ်အောင်ကျော်လမ်း၊**
**ရန်ကုန်-ပုသိမ်လမ်းမကြီး၊ လှိုင်သာယာ၊ ရန်ကုန်မြို့**
**ဖုန်း-၀၁-၆၄၅၁၇၈၊ ၀၁-၆၄၅၁၇၉၊ ၀၁-၆၄၅၁၈၀၊ ၀၁-၆၄၅၁၈၁**
**အိမ် - အမှတ်(၁၈၄)၊ သုနန္ဒာ(၁၄)လမ်း၊ (ဆ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့**
**ဖုန်း-၀၉-၄၂၁၇၈၆၆၁၈၊ ၀၉-၄၅၁၂၄၃၇၃၃၊ ၀၉-၄၂၀၀၈၇၃၄၀၊ ၀၁-၉၆၉၂၀၄၃**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး ၊ စမ်းချောင်းမြို့နယ်၊ ပြည်လမ်း၊ ပြည်ဥယျာဉ်အိမ်ရာ (Pyay Garden)၊ တိုက်ခန်းအမှတ် – ၁၆ါ (16th Floor) ဟုခေါ်တွင်သော ကွန်ဒိုတိုက်ခန်းတစ်ခန်းနှင့် ဆက်စပ်သမျှသော အကျိုးခံစားခွင့်တို့ကို ရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံသူ ဦးဇေယျာဖြိုး ၁၂/ရကန(နိုင်)၀၇၀၃၂၆ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည် ။ အဆိုပါ ကွန်ဒိုတိုက်ခန်းနှင့် ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိပါကြောင်း ကန့်ကွက်လိုသူများရှိပါက ယနေ့ကြော်ငြာစာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်ကိုယ်ကျလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်သည်အထိ လာရောက်ကန့်ကွက်မှုတစ်စုံတစ်ရာ ပေါ်ပေါက်ခြင်း မရှိပါက အရောင်းအဝယ်အလွှဲအပြောင်းကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးမျိုးမြင့်အောင် (စဥ်–၂၅၁၆၅)  ဦးအေးမင်းသူ (စဥ်–၂၆၁၉၉)**

**အထက်တန်းရှေ့နေများ**

**အမှတ် – ၅၈/၆၀ (ပထမထပ်) ၊ မဟာဗန္ဓုလပန်းခြံလမ်း ၊ ကျောက်တံတားမြို့နယ် ၊ ရန်ကုန်မြို့**

**ဖုန်း – ၀၉–၅၁၄၅၇၆၇ ၊ ၀၉–၄၂၀၀၂၈၃၆၆**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7N/6006 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ပျောက်ဆုံးကြောင်း

ယာဉ်အမှတ် 8G/1850 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြင်ဦးလွင်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2J/3068 HINO DUTRO X2U306 L/T(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းကျော် ၉/အမရ(နိုင်)၀၁၁၂၉၄က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် MON/5095 ယာဉ်လက်ဝယ်ရှိသူ ဦးမင်းကွန်ချမ်း ၁၀/မဒန(နိုင်)၂၆၇၅၀၈ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၁ယ/၅၃၂၇၉ ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန္ဒာသိန်း ၁၀/မလမ(နိုင်)၂၇၂၉၉၉က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် ၅ ၊ နည်းဥပဒေ ၁ နှင့် ၅)
## သာပေါင်းမြို့နယ်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၅

ဦးကျော်မြတ်သူ နှင့် ၁။ ဒေါ်ဝေဝေမြင့်
၂။ ဦးသန်းထွန်း
၃။ ဒေါ်အေးမြင့်သိန်း

(တရားလို) (တရားပြိုင်များ)

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ သာပေါင်းမြို့၊ အမှတ်(၂)ရပ်ကွက်၊ မြို့သစ်(၄)လမ်း နေထိုင်သူ (ယခုလိပ်စာမသိ) သူများဖြစ်သည့် ဒေါ်ဝေဝေမြင့်၊ ဦးသန်းထွန်း၊ ဒေါ်အေးမြင့်သိန်း တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက "နှစ်ဦးသဘောတူ မြေကွက် အရောင်းအဝယ် စရန်ငွေပေး ကတိစာချုပ်ပါ ပဋိညာဉ်အတိုင်း ခြံမြေကွက်၏ ရောင်းဖိုးကျန်ငွေ (၁၃)သိန်းကို လက်ခံပြီး ခြံမြေကွက်ကို အရောင်းအဝယ်စာချုပ် ချုပ်ဆို၍ လက်ရောက်ပေးအပ်စေလိုမှု (သို့မဟုတ်) တရားလို၏ နစ်နာမှုအဖြစ် စရန်ငွေနှစ်ဆနှင့် ညီမျှသော ငွေကျပ် (၆၄၀၀၀၀၀/–) (ကျပ်ခြောက်ဆယ့်လေးသိန်းတိတိ)ပေးအပ်စေလိုမှု " လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဥ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ မေလ ၁၃ ရက် (၁၃၈၇ ခုနှစ်၊ ကဆုန်လဆုတ် ၂ ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်အမည်ပါသူများက တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်တို့ မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၉ ရက်တွင် ဤရုံးတံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင်းဝင်းဌေး)**
**မြို့နယ်တရားသူကြီး**
**သာပေါင်းမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ချမ်းမြသာစည်မြို့နယ်တရားရုံး
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်–၁၀၁

ဦးကျော်စန်းဝင်း နှင့် ဦးကျော်လှ
(၎င်း၏အထူးကိုယ်စားလှယ်စာရသူ–
ဒေါ်ဆွေဆွေလတ်)

တရားလို တရားပြိုင်

မန္တလေးမြို့၊ အကွက်အမှတ်(၈၈–၄)၊ကံသာယာရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ် ဦးကျော်လှ (ဘ) ဦးဘိုးထန်(ခ) ဦးဘိုသန်း (၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဒေါ်ဆွေဆွေလတ်) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဦးကျော်စန်းဝင်းက မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(၈၈–၄)၊ ဦးပိုင်အမှတ်(၃၁)၊ ဧရိယာ ၀.၁၁၁ ၀.၅၅၁ ဧက အကျယ်အဝန်းရှိ မြေကွက်ရောင်းဝယ်မှုအား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ မေလ ၁၆ ရက် (၁၃၈၇ ခုနှစ်၊ ကဆုန်လဆုတ် ၅ ရက်)မွန်း မတည့်မီ ၁၀း၀၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင်သင်သိစေသည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ မေလ ၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**( နန်းလဲ့ရည်စိုးဦး )**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ လသာမြို့နယ် အမှတ်(၂)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း အမှတ်(၇၂၀)၊ (၄)လွှာနေ ဒေါ်မြင့်မြင့်ချို ၁၂/လသန(နိုင်)၀၀၅၉၇၉၏သား မောင်ဇော်ဇော်အောင်(ခ)ဇင်ဗိုလ်ဟိန်း ၁၂/လသန(နိုင်)၀၂၂၂၆ သည် မိဘဆိုဆုံးမမှုကိုမနာခံဘဲ မိဘများစိတ်ဆင်းရဲစေသောကိစ္စများအားပြုလုပ်ပြီး နေအိမ်မှ မိမိသဘောဖြင့် ထွက်ခွာသွားပြီး အဆက်အသွယ်ဖြတ်ကာ မိဘများအား အမျိုးမျိုးစိတ်ဒုက္ခပေးခဲ့သောကြောင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စအဝဝအား (လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့် မိမိတို့နှင့်မသက်ဆိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြင့်မြင့်ချို ၁၂/လသန(နိုင်)၀၀၅၉၇၉**

## သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ (၂၀၂၅–၂၀၂၆)ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ခွင့်ပြုရန်ပုံငွေဖြင့် ဝယ်ယူမည့် အောက်ဖော်ပြပါပစ္စည်းများအတွက် တိုင်းရင်းသားလုပ်ငန်းရှင်များမှ တင်ဒါအဆိုပြုလွှာများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်–

| စဉ် | အမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | Bit | (၉) လုံး |
| (ခ ) | LifeStraw(Community) | (၂၅၀) လုံး |

၂။ တင်ဒါအဆိုပြုလွှာများကို (၂၀–၅–၂၀၂၅)ရက်၊ နံနက်(၁၀း၃၀)နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရုံးအမှတ် (၃၆)၊ နေပြည်တော်–ဖုန်း– ၀၆၇–၃၄၁၈၆၃၃တွင် ဆက်သွယ်ရယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးဝါးတက္ကသိုလ်၊ ရန်ကုန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆေးဝါးတက္ကသိုလ်၊ ရန်ကုန်တွင် ၂၀၂၅–၂၀၂၆ဘဏ္ဍာရေးနှစ်အတွက် ငွေလုံးငွေရင်းအသုံးစရိတ် ခွင့်ပြုရန်ပုံငွေဖြင့် အောက်ဖော်ပြပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် တရားဝင်အသိအမှတ်ပြုလိုင်စင်ရ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်–

၂။ **ပစ္စည်းစာရင်းများ**

(၁) လုပ်ငန်းသစ်၏ စက်ပစ္စည်းများ
(Laboratory Instruments, Laboratory Glassware, Machinery and Equipment (Work))

(၂) အခြားရုံးသုံးစက်ပစ္စည်းများ
(Lighting Equipment, Water Supply Equipment, Spareparts for Computer, UPS 650 VA)

(၃) ရုံးသုံးစက်ပစ္စည်းများ( Office Equipment)

(၄) ရုံးသုံးပရိဘောဂများ ( Furniture)

(၅) Medical Books & Journal

၃။ **အိတ်ဖွင့်တင်ဒါစတင်ရောင်းချမည့်ရက်** – (၇–၅–၂၀၂၅)ရက်၊ (ဗုဒ္ဓဟူးနေ့)
**အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်** – (၂၀–၅–၂၀၂၅)ရက်၊ (အင်္ဂါနေ့)
**တင်ဒါပုံစံရောင်းချမည့်နေရာ** – ဆေးဝါးတက္ကသိုလ်၊ ရန်ကုန်

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း (၀၉–၆၈၁၇၀၄၉၃၆) သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ဆေးဝါးတက္ကသိုလ်၊ ရန်ကုန်**

## အမြန်ပြန်လာပါရန်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ သံလွင်လမ်း၊ အမှတ်–(၉၃/၆)နေ ဦးအောင် ၁၂/ကမရ(နိုင်)၀၃၂၆၇၇သည် တူအရင်းဖြစ်သူနှင့် အေးချမ်းစွာနေထိုင်လျက်ရှိရာမှ ၂၂–၄–၂၀၂၅ ရက်တွင် ပိုင်ဆိုင်မှုစာရွက်စာတမ်းအားလုံးနှင့် ပစ္စည်းများကိုပါ ယူဆောင်၍ ထွက်ခွာသွားခဲ့ရာ ယနေ့တိုင်နေအိမ်သို့ ပြန်လည်လာရောက်ခြင်း မရှိသည့်အပြင် မည်သည့်နေရာတွင်နေထိုင်လျက်ရှိကြောင်း မသိရှိရပါ။ အသက်(၈၃)နှစ် အရွယ်ဦးလေးအားများစွာ စိုးရိမ်ပူပန်နေရပါသည်။ ဦးလေးအမြန်ပြန်လာပါရန် အကြောင်းကြားပါသည်။ ဦးလေးအား သွေးဆောင်ဖြားယောင်း ခေါ်ဆောင်ထားသူများအနေဖြင့် ဥပဒေနှင့်အညီ တာဝန်ရှိမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ–**
**ဒေါ်နန်းထက်ထက်ဇော် တရားလွှတ်တော်ရှေ့နေ(၁၃၇၁၇)**
**အမှတ်–၈၇၃၊ ကျော်သူလမ်း–၂၀၊ (၉)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း–၀၉–၉၄၆၄၉၄၆၄၅၊ ၀၉–၂၅၄၆၂၃၁၇၀**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5L/9931 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)အင်းစိန်**

**သွေးသည် အသက်**

## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ဗဟိုအမျိုးသမီးဆေးရုံကြီး၊ မန္တလေးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ လမ်း(၃၀)၊ ၆၈ x ၇၀ လမ်းကြားရှိ ဗဟိုအမျိုးသမီးဆေးရုံကြီး၊ မန္တလေးမြို့တွင် ဆေးကုသမှုခံယူလျက်ရှိသော လူနာများအတွက် လိုအပ်သည့် (FDA) အသိအမှတ်ပြု ဆေးဝါးများ၊ ခွဲစိတ်ခန်းသုံးဆေးများ၊ ဓာတ်မှန်ဖလင်နှင့်ဆေးရည်များ ဆေးရုံသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ** – (၇–၅–၂၀၂၅)ရက်၊(ဗုဒ္ဓဟူးနေ့)
**စတင်ရောင်းချမည့်ရက်**
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** – (၆–၆–၂၀၂၅)ရက်၊ (သောကြာနေ့)၊ ညနေ (၄း၀၀) နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းစာရင်းများအား အသေးစိတ်သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံးခန်း၊ ဗဟိုအမျိုးသမီးဆေးရုံကြီးတွင် နေ့စဉ်ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ဗဟိုအမျိုးသမီးဆေးရုံကြီး၊မန္တလေးမြို့၊**
**ဖုန်း–၀၂–၄၀၆၅၆၃၄၊ ၀၂–၄၀၆၆၉၁၊ ၀၂–၄၀၆၆၉၂**

## ၂၀၂၅ ခုနှစ် 'ဟဂ်ျ'လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၅ ခုနှစ်၊ ဟဂ်ျဝတ်ပြုသွားရောက်ခြင်းဆိုင်ရာစိစစ်ရေးအဖွဲ့၏ အစီအစဉ်ဖြင့် 'ဟဂ်ျ'ပြုလုပ်လိုသူများသည် နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်သာသနာရေးမှူးရုံးများ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးရုံး (အမှတ်–၁၈၄၊ ၃–လွှာ၊ ဗိုလ်ဆွန်ပက်လမ်း၊ ပန်းဘဲတန်းမြို့နယ်)နှင့် တိုင်းဒေသကြီး/ပြည်နယ်အစ္စလာမ်ဘာသာရေးအဖွဲ့ခွဲရုံးများတွင် ၇–၅–၂၀၂၅ ရက်မှ ၁၃–၅–၂၀၂၅ ရက်အထိ ရုံးချိန်အတွင်း လျှောက်လွှာပုံစံများကို တစ်ဦးလျှင် ကျပ်တစ်ထောင်နှုန်းဖြင့် ရယူဖြည့်စွက်၍ လျှောက်ထားနိုင်ပါသည်။

၂။ လျှောက်ထားသူဦးရေသည် ခွင့်ပြုအရေအတွက်ထက်ကျော်လွန်ပါက အများရှေ့မှောက်တွင် မဲစနစ်ဖြင့် စနစ်တကျ မဲဖောက်ရွေးချယ်သွားမည်ဖြစ်ပါသည်။

၃။ ယခုနှစ် 'ဟဂ်ျ' အတွက် ကုန်ကျစရိတ်မှာ တစ်ဦးလျှင် အမေရိကန်ဒေါ်လာ(၄၁၀၀)ကို ပေးသွင်းရမည်ဖြစ်ပါသည်။

၄။ လျှောက်ထားသူများသည် မြန်မာနိုင်ငံကူးလက်မှတ် သက်တမ်းရှိသူများဖြစ်ရမည်။

**၂၀၂၅ ခုနှစ်၊ ဟဂ်ျဝတ်ပြုသွားရောက်ခြင်းဆိုင်ရာစိစစ်ရေးအဖွဲ့**
**နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်သာသနာရေးမှူးရုံးများ၊**
**တိုင်းဒေသကြီး/ ပြည်နယ်သာသနာရေးမှူးရုံးခွဲများ၊**
**ဖုန်း–၀၉၅၁၆၂၆၀၃၊ ၀၉၅၁၃၇၇၀၄၊ ၀၉၇၉၅၅၀၂၈၈၂**
**(မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေးအဖွဲ့ကြီး)**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ မြကန်သာကျောင်းလမ်း၊ အမှတ်–၁၉၊ (အလျား၄၈xအနံ၂၇)ပေရှိသော မြေကွက်နှင့် မြေပေါ်မြေအောက် ရေမီးအစုံပါ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူခဲ့ကာ လက်ရှိထား ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဒေါ်ဘေဘီသန်း ၇/မလန(နိုင်)၀၀၁၉၁၃ က ဝန်ခံကတိပြုပြီး ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ၎င်းထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ နော်ဒေါရစ် ၁၂/အစန(နိုင်)၁၆၉၅၃၉ က အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**နော်ဒေါရစ်၏လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်လဲ့လဲ့လှိုင်(LL.B, D.B.L, D.I.L) တရားလွှတ်တော်ရှေ့နေ(စဥ်–၁၂၅၆၁)**
**အင်းစိန်စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း– ၀၉–၄၂၀၇၂၁၃၁၅**

## ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ အမှတ်(၂)ညီနောင်ကွက်သစ်ရပ်၊ အကွက်အမှတ်(A5)(C53)၊ မြေအကျယ်အဝန်း ပေ(၅၀x၁၆၀)ပေါ်တွင်ဦးရန်မျိုးအောင် ၉/ဝတန(နိုင်)၁၈၉၃၆၃ မှ အဆောက်အအုံဆောက်လုပ်မည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ၁၄ ရက်အတွင်း အထောက်အထားစုံလင်စွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း။။

**ဦးရန်မျိုးအောင် ဖုန်း–၀၉–၂၀၀၄၈၄၆**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်( ၁၁ )၊ ရာဇသင်္ကြန်(၁)လမ်း၊ မြေကွက်အမှတ်( ၂၀/ခ )၊အကျယ်အဝန်း( ၂၀ပေ × ၆၀ပေ ) ရှိ ဦးကြည်+ဒေါ်ခင်ရီ (၂)ဦးအမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်နှင့် အိမ်ခြံမြေအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ အမည်ပေါက်ဒေါ်ခင်ရီ ( ၁၂/ဥကတ(နိုင်) ၀၁၁၉၁၃ )ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေကဝယ်ယူရန်အတွက်စရန်ငွေများပေးအပ်ထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးထိန်လင်းသန်း** | **ဒေါ်ပြည့်ပြည့်ဖြိုး** |
| **LL.B, D.B.L, D.I.L, D.M.L** | **LL.B, D.B.L, D.I.P.L** |
| တရားလွှတ်တော်ရှေ့နေ (စဥ်–၈၈၈၂) | တရားလွှတ်တော်ရှေ့နေ (စဥ်–၁၄၂၀၄) |

**ဖုန်း:– 09- 550 4265 , 09- 4500 171 36 , 09- 42 80 20 369**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **ပညာတတ်နိုင်ငံသားများ အများဆုံးရှိနေသည့် နိုင်ငံများသည် ဖွံ့ဖြိုးတိုးတက်မှု အမြင့်ဆုံးနိုင်ငံကြီးများအဖြစ် ရပ်တည်နေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နိုင် . . .**

❖ **"ပညာတတ်" နိုင်ငံသားများ ဆိုသည်မှာ "အရည်အချင်း" ကိုဆိုလိုပြီး "အများဆုံး" ရှိသည်ဆိုသည်မှာ "အရေအတွက်" ကို ဆိုလို . . .**

❖ **မိမိတို့နိုင်ငံသည်လည်း အရည်အချင်းရှိသည့် ပညာတတ်များ အရေအတွက်အများကြီးရှိသည့် နိုင်ငံဖြစ်လာရန်လိုအပ် . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့တွင် ပြုလုပ်သော မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၄)ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# ၂၀၂၅ ခုနှစ်၊ မေ ၆ ရက်မှ ၃၁ ရက်အထိကာလကို ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကာလအဖြစ် ထပ်မံတိုးမြှင့်ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး**
**ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် ထုတ်ပြန်ချက်**
**(မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်)**
**၂၀၂၅ ခုနှစ်၊ မေ ၆ ရက်**

၁။ မတ် ၂၈ ရက်နေ့တွင်ဖြစ်ပေါ်ခဲ့သည့် အင်အားပြင်းမန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သဖြင့် ငလျင်ဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ပြီး တပ်မတော်အနေဖြင့် ၂၀၂၅ ခုနှစ်၊ ဧပြီ ၂ ရက် မှ ၃၀ ရက်အထိကာလကို ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကာလအဖြစ် ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

၂။ လက်ရှိကာလတွင်လည်း နိုင်ငံတော်အစိုးရအနေဖြင့် ငလျင်ဒဏ်သင့်ဒေသများ၌ ထိခိုက်ပျက်စီးခဲ့ရသည့် အစိုးရရုံးဌာနများ၊ ပြည်သူများ၏ အိုးအိမ်နှင့် လမ်းပန်းဆက်သွယ်မှုလုပ်ငန်းများ၊ ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာမှလည်း ကူညီမှုများကို ဆောင်ရွက်ပေးလျက်ရှိသည်။

၃။ သို့ဖြစ်ပါ၍ နိုင်ငံတော်အနေဖြင့် ငလျင်ဒဏ်သင့်ဒေသများ၌ ပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်နိုင်စေရန်၊ နိုင်ငံတော်နှင့် နိုင်ငံသားအားလုံး၏ အကျိုးစီးပွားကို ပိုမိုလျင်မြန်စွာ ဖော်ဆောင်နိုင်ရန်၊ ရေရှည်တည်တံ့ပြီးစစ်မှန်သည့်ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်စေရန်နှင့် တည်ငြိမ်အေးချမ်းမှုကိုရှေးရှုလျက် တပ်မတော်အနေဖြင့် ၂၀၂၅ ခုနှစ်၊ မေ ၆ ရက်မှ ၃၁ ရက်အထိကာလကို ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကာလအဖြစ် ထပ်မံတိုးမြှင့် ထုတ်ပြန်လိုက်သည်။

၄။ ယာယီပစ်ခတ်တိုက်ခိုက်မှု ထုတ်ပြန်ကြေညာထားသည့်ကာလအတွင်း

*စာမျက်နှာ ၉ ကော်လံ ၁* ❒

# ခရစ္စတယ်ပဲလေ့စ်ကို သရေကျခဲ့သောကြောင့် နော်တင်ဟမ် ချန်ပီယံလိဂ်ဝင်ခွင့်အတွက် ရှုန်းကန်ရတော့မည်

**ပရီမီယာလိဂ်ပွဲစဉ် (၃၅) မှ မေ ၆ ရက် နံနက် ၁ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သည့် ခရစ္စတယ်ပဲလေ့စ်နှင့် နော်တင်ဟမ်အသင်းပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျခဲ့သည်။**




ခရစ္စတယ်ပဲလေ့စ်အသင်းကစားသမား အီဇီ၏ ကန်သွင်းချက် ဂိုးဘားတန်း ထိမှန်စဉ်။

လာမည့်နှစ် ချန်ပီယံလိဂ်ဝင်ခွင့်အတွက် လိုမှတ်လိုအပ်ချက်ရှိသည့် နော်တင်ဟမ်အသင်းသည် အားထားရသည့်ကစားသမားအစုံအလင်ဖြင့် ခရစ္စတယ် ပဲလေ့စ်အသင်းကိုရင်ဆိုင်လာသော်လည်း နိုင်ပွဲရရှိအောင် စွမ်းဆောင်နိုင်ခဲ့ခြင်း မရှိပေ။ နော်တင်ဟမ်အသင်းထက် ပဲလေ့စ်အသင်းကတိုက်စစ်ထက်မြက်မှုနှင့်အတူ ဂိုးရရှိနိုင်သည့်အခွင့်အရေး ပိုမိုဖန်တီးနိုင်ခဲ့သည်။

နော်တင်ဟမ် အသင်းသည် ရာသီအစပိုင်းပွဲစဉ်များတွင် ပုံမှန်ခြေစွမ်း ပြသနိုင်ခဲ့သော်လည်း နောက်ပိုင်းပွဲစဉ်များတွင် ခြေစွမ်းကျဆင်းကာ ရှုံးပွဲဆက်တိုက်

*စာမျက်နှာ ၉ ကော်လံ ၅* ✻

**ယနေ့ သတင်းအညွှန်း**

**ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပုဂ္ဂလိကကျောင်းများအား ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်လက်မှတ်ပေးအပ်**

ပြည်တွင်းသတင်း စာ ၉

**ပဲခူး-မော်လမြိုင်ရထားလမ်းပိုင်းအတွင်းရှိ နှင်းပုလဲနှင့် တောင်စွန်းဘူတာအကြား ရထားတံတားပေါ်၌ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီး**

ပြည်တွင်းသတင်း စာ ၁၅

